# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အကျိုးထူးတရားလေးပါး**

အမြဲရိုခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက် | ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၁၉ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၁)၊ အမှတ်(၁၁၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ကျွန်တော်တို့အနေနဲ့ သဘောတူညီချက်ကို မြန်မာနိုင်ငံရဲ့ နိုင်ငံရေးယဉ်ကျေးမှုနဲ့ အာဆီယံရဲ့ Charter များနှင့်အညီ ဆောင်ရွက်သွားမယ်လို့ ဖော်ပြခဲ့၊ အကြမ်းဖက်မှုများ အမြန်ဆုံးရပ်ဆိုင်းရန်နဲ့ အားလုံးက ထိန်းသိမ်းကြပ်မတ်ခြင်းဖြင့် အတတ်နိုင်ဆုံး ဆောင်ရွက်ကြဖို့ ဖြစ်ပေမယ့်လည်း ဧပြီလ ကြေညာချက်ထုတ်ပြန်ပြီးနောက်ပိုင်းမှာ CRPH နဲ့ NUG တို့ရဲ့လှုံ့ဆော်မှု၊ EAO အချို့ရဲ့ ပါဝင်ပတ်သက်မှု အားပေးမှုများနဲ့ အကြမ်းဖက်မှုများ ပိုမိုဆိုးရွားစွာဖြစ်ပေါ်လာတာကို တွေ့ရှိရ၊ ဒါကို ယနေ့ထက်တိုင် ရှင်းလင်းနေရဆဲဖြစ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်သူလူထုသို့ပြောကြားသည့် မိန့်ခွန်း**

အောက်တိုဘာ ၁၈

ချစ်ခင်လေးစားအပ်တဲ့ တိုင်းရင်းသားမိဘပြည်သူများခင်ဗျာ မကြာခင် ရောက်ရှိလာတော့မယ့် သီတင်းကျွတ်အခါသမယမှာ အားလုံးပဲ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သမေတ္တာပို့သအပ်ပါတယ်၊ ကျွန်တော်တို့ မြန်မာတို့ရဲ့ယဉ်ကျေးမှုထုံးတမ်းစဉ်လာမှာတော့ နှစ်သစ်ကူးသင်္ကြန် အခါသမယနဲ့ သီတင်းကျွတ်ပွဲတို့ဟာ အထွတ်အမြတ်ထားတဲ့ ပွဲများဖြစ်ပါတယ်၊ ကိုဗစ်ကာလမှာ အကျပ်အတည်းများ ရှိနေတဲ့အတွက်ကြောင့် ဒီပွဲအခမ်းအနားတွေကို မလုပ်ဆောင်နိုင်သော်လည်းဘဲ ကျွန်တော်တို့အနေနဲ့ ဒီအခမ်းအနားတွေကို အလေးအနက်ထားပါကြောင်း ပြောကြားလိုတယ်၊ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့မှာ ပြုလုပ်ခဲ့တဲ့ ပါတီစုံအထွေထွေရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး မဲမသမာမှုတွေ ကြီးမားစွာဖြစ်ပွားခဲ့တာ မိဘပြည်သူများသိရှိပြီးဖြစ်ပါတယ်၊ ရွေးကောက်ပွဲမှာဖြစ်ပွားခဲ့တဲ့ ရှက်ဖွယ်ရာကောင်းတဲ့ မရိုးသားမှုများဟာ တိုင်းပြည်အတွက် အရုပ်ဆိုးအကျည်းတန်တဲ့ ဖြစ်စဉ်များဖြစ်ပါတယ်၊ ဒါကိုကျွန်တော်တို့ သင်ခန်းစာယူပြီးတော့မှ နောင်မှာဒီလိုမဖြစ်အောင် ဆက်လက်လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်၊ ဒီမဲမသမာမှုနဲ့ပတ်သက်ပြီး ဖြစ်ပေါ်လာတဲ့ ဖြစ်ရပ်တွေကို စိစစ်တဲ့အခါမှာ

*စာမျက်နှာ ၃ ကော်လံ ၁* ❐



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်သူလူထုသို့ မိန့်ခွန်းပြောကြားစဉ်။


**ယနေ့** *ဖတ်စရာ*

အကျပ်အတည်းကြားမှာ ငြိုးခြံပါ၊ ချွေတာပါ၊ ရောင့်ရဲပါ — ဆောင်းပါး စာ - ၆

ရေကြည်ထွက်အောင် တူးကြပါ — ဆောင်းပါး စာ - ၁၀

လစ်ဗျားနိုင်ငံမြို့တော်မှ ဒုက္ခသည်များအတွက် ကုလသမဂ္ဂ စားနပ်ရိက္ခာများ ထောက်ပံ့ — နိုင်ငံတကာသတင်း စာ - ၁၂

# အဘိဓမ္မာအခါတော်နှင့် ပဝါရဏာ

ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် တရားတော်များကို ဓမ္မနှင့် ဝိနယဟူ၍ ခွဲခြားထားသည်။ ယင်းအနက် ဓမ္မတွင် သုတ္တန်နှင့် အဘိဓမ္မတို့ ပါဝင်သည်။ ပုဂ္ဂိုလ်သတ္တဝါတို့၏ စရိုက်ဝါသနာကို လိုက်၍ လူအများနားလည်လွယ်သော ဝေါဟာရများကို သုံးကာ ဥပမာ၊ ဥပမေယျ၊ ဂါထာ၊ ပုံဝတ္ထုသာဓကများဖြင့် ပုံဆောင်၍ ဟောကြားသော တရားတော်များကို သုတ္တန်ဟူ၍လည်းကောင်း၊ သုတ္တန္တပိဋကတွင် သာမညအားဖြင့် ဟောပြသည့် အယူဝါဒတို့ကို အသေးစိတ်အကျယ်ဖွင့်ဆိုသည့် တရားတို့ကို အဘိဓမ္မာဟူ၍ လည်းကောင်း၊ သံဃာ့အဖွဲ့အစည်းတွင် လိုက်နာရန်စည်းမျဉ်းစည်းကမ်းများကို ဝိနယဟူ၍လည်းကောင်း ပိဋကတ်သုံးပုံအားဖြင့် သုတ္တန္တပိဋက၊ ဝိနယ ပိဋက၊ အဘိဓမ္မပိဋက ဟူ၍ ခွဲခြားနိုင်သည်။

အဘိဓမ္မသည် ရိုးရိုးဓမ္မမဟုတ်သော သာလွန်ထူးကဲသည့် ဓမ္မဖြစ်သည်။ သုတ္တန်နှင့် ဝိနည်းဒေသနာတို့သည် ဒါန၊ သီလတို့၏ အကြောင်းအကျိုးတို့ကို ပြဆိုခြင်း၊ ရှေးရှေးဘဝတို့၌ ဖြစ်ခဲ့ဖူးသည့် အနိမ့်အမြင့်၊ ဆင်းရဲချမ်းသာတို့ကို ပြဆိုခြင်းဖြင့် ဟောကြားသည့် ဒေသနာများဖြစ်ပြီး အဘိဓမ္မာဒေသနာမှာမူ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ဣန္ဒြေ၊ အာရုံ၊ အာရမ္မဏိက၊ ရုပ်၊ နာမ်တရားတို့ကို ခွဲခြမ်းစိတ်ဖြာစီစဉ်၍ ဟောကြားသည့် ဒေသနာဖြစ်သည်။ အဘိဓမ္မာဒေသနာကြောင့် ခန္ဓာကိုယ်၏ ရုပ်နာမ်အပေါင်း ပရမတ္ထသဘောကို နှလုံးသွင်းမိရာတွင် "သဗ္ဗေသင်္ခါရာအနိစ္စာ၊ သဗ္ဗေသင်္ခါရာ ဒုက္ခာ၊ သဗ္ဗေသင်္ခါရာ အနတ္တာ"ဟူ၍ လက္ခဏာရေးသုံးပါးကို ရှုဆင်ခြင်သဖြင့် မဂ်ဖိုလ်ကိုရ၍ ဝဋ်သုံးပါးမှလွတ်ကာ နိဗ္ဗာန်နန်းသို့ တက်လှမ်းနိုင်ကြကုန်သည်ဖြစ်သည်။ အဘိဓမ္မာဒေသနာတော်သည်သာလျှင် ဝဋ်သုံးပါးမှ လွတ်မြောက်၍ အဆုံးစွန်ဖြစ်သောကြောင့် ဝိနည်းနှင့် သုတ္တန်ဒေသနာတော်တို့ထက် ထူးကဲလွန်မြောက်သော တရားဟူ၍ မှတ်ယူကြရသည်။

မြတ်စွာဘုရားသည် အဘိဓမ္မာတရားကို ခုနစ်ဝါမြောက်တွင် ဟောကြားတော်မူခြင်းဖြစ်သော်လည်း သမ္မာသမ္ဗောဓိအဖြစ်သို့ ရောက်တော်မူစအခါကပင် အဘိဓမ္မာကို ဆင်ခြင်သုံးသပ်ခဲ့ခြင်းဖြစ်သည်။ စတုတ္ထမြောက်သတ္တာဟဖြစ်သည့် ရတနာဃရ၌ စံနေတော်မူစဉ် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာတို့ကို ဆင်ခြင်သုံးသပ်ခဲ့ခြင်းဖြစ်ရာ အဘိဓမ္မာ ပိဋကပဋ္ဌာန်းကျမ်းကို ဆင်ခြင်သုံးသပ်တော်မူစဉ် ထက်ဝန်းကျင်ကိုယ်တော်မှ ခြောက်ပါးသောရောင်ခြည်တော်တို့ ထွက်ပေါ်ကာ ထက်အောက်ကောင်းကင်နှင့် အနန္တစကြဝဠာတိုင်အောင် ပျံ့နှံ့သွားခဲ့သည်။ ဗုဒ္ဓဘာသာတွင် ဓမ္မဟူသော ဝေါဟာရ၏ အနက်သည် သင်ကြားပို့ချအပ်သော တရားဟူ၍လည်းကောင်း၊ ဖြစ်ရိုးဖြစ်စဉ် သဘောတရားဟူ၍လည်းကောင်း၊ အကြောင်းတရားဟူ၍လည်းကောင်း၊ အမှန်တရားဟူ၍လည်းကောင်း၊ ဂုဏ်ကျေးဇူးတရားဟူ၍လည်းကောင်း၊ ဉာဏ်ဖြင့် သိသင့်သော တရားဟူ၍လည်းကောင်း၊ အမှန်ထင်ရှားရှိသော တရားဟူ၍လည်းကောင်း အရာဌာနကိုလိုက်၍ အမျိုးမျိုးဖွင့်ဆိုနိုင်သည်။ အဘိဓမ္မတွင် လာရှိသည့် ဓမ္မမှာ အမှန်ထင်ရှားရှိသော သဘာဝတရားကို ဆိုခြင်းဖြစ်သည်။ အဘိဓမ္မာသည် မဖောက်မပြန် မှန်ကန်သည့် သဘာဝတရားကို သင်ကြားပြသခြင်းပင်ဖြစ်သည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် အဘိဓမ္မာတရားတော် အကျယ်ကို တာဝတိံသာနတ်ပြည်တွင် ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူပြီး သီတင်းကျွတ်လပြည့်နေ့တွင် လူ့ပြည်သို့ ပြန်ဆင်းခဲ့သည့် အထိမ်းအမှတ်အဖြစ် သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့ဟု သတ်မှတ်ခဲ့ကြသည်။ သီတင်းကျွတ်လပြည့်နေ့တွင် သာသနာ့ဝန်ဆောင်ရဟန်းတော်များ၏ ပဝါရဏာပွဲ၊ မီးမြင်းမိုရ်ပွဲ၊ မီးထွန်းပွဲ၊ သက်ကြီးပူဇော်ပွဲတို့ကိုလည်း အစဉ်အလာရိုးရာမပျက် ကျင်းပကြသည်။ ပဝါရဏာပွဲဟူသည် ရဟန်းသံဃာတော်များ လိုက်နာကျင့်သုံးရန် ဗုဒ္ဓချမှတ်ပေးခဲ့သော ကျင့်စဉ်ဖြစ်သည်။ "မြင်ရ၍၊ ကြားရ၍၊ သံသယဖြစ်၍ အပြစ်ရှိသည်ဟု ထင်မြင်ပါက ပြောဆိုဆုံးမတော်မူပါရန်" ရဟန်းတော်အချင်းချင်း ဖိတ်ကြားခြင်းသည် ပဝါရဏာဖြစ်သည်။ သာသနာတော်သန့်ရှင်းရေး၊ စည်ပင်ရေး၊ ရဟန်းတော်များ ကိုယ်ကျင့်တရားကောင်းမွန်ရေးအတွက် အမှားကိုမြင်၊ အမှန်ပြင်နိုင်အောင် ထောက်ပြဝေဖန်နိုင်စေရန် ဗုဒ္ဓမြတ်စွာဘုရားက ချမှတ်ခဲ့ခြင်းဖြစ်သကဲ့သို့ သံဃာတော် အရှင်သူမြတ်တို့က ခေတ်အဆက်ဆက်တွင် မြဲမြဲမြံမြံ လိုက်နာကျင့်သုံးခဲ့သည့်အတွက် မျက်မှောက်ခေတ်တိုင် တည်မြဲကာ ဗုဒ္ဓမြတ်စွာသာသနာတော်သည် နေနှင့် လတို့နှယ် ရောင်ဝါအလင်းပေးနေခြင်းဖြစ်သည်ဟု ကြည်ညိုသဒ္ဓါပွားများနိုင်ကြပါစေကြောင်း။ ။

## ၂၀၁၈ ခုနှစ်၊ မြန်မာသမိုင်းအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
**၂၀၁၈ ခုနှစ်၊ မြန်မာသမိုင်းအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၆၀ / ၂၀၂၁
၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၂၀၁၈ ခုနှစ်၊ မြန်မာသမိုင်းအဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၂၀၁၈ ခုနှစ်၊ မြန်မာသမိုင်းအဖွဲ့ဥပဒေပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၄။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်–

(က) မြန်မာသမိုင်းဆိုင်ရာ ကျွမ်းကျင်သူများ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ သုတေသီများ၊ ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဆက်စပ်အဖွဲ့ အစည်းများမှ တာဝန်ရှိသူများပါဝင်သည့် အချိန်ပြည့်အဖွဲ့ဝင်စုစုပေါင်း ၂၀ ဦး ထက်မပိုသော မြန်မာသမိုင်းအဖွဲ့ကို ဖွဲ့စည်းရမည်။

( ခ) သမိုင်းဆိုင်ရာ သုတေသနကဏ္ဍအတွက် လိုအပ်သည့် အကြံဉာဏ်များ၊ ဦးဆောင်မှုများပေးနိုင်သည့် သမိုင်းဆိုင်ရာ ကျွမ်းကျင်သူသက်ကြီး ပညာရှင်များနှင့် အထောက်အကူပြုနိုင်သည့် ဌာနဆိုင်ရာ ဆက်စပ်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ စုစုပေါင်း ၁၅ ဦးထက်မပိုသော ပုဂ္ဂိုလ်များပါဝင်သည့် အချိန်ပိုင်းအဖွဲ့ဝင်များကိုလည်း လိုအပ်သလို ဖြည့်စွက်ဖွဲ့စည်းနိုင်သည်။

( ဂ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသည့် အချိန်ပြည့်အဖွဲ့ဝင်များမှ အဖွဲ့၏ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို တစ်ပါတည်း သတ်မှတ်ပေးရမည်။

(ဃ) ပုဒ်မခွဲ(က)နှင့် (ခ)တို့အရ ဖွဲ့စည်းထားသောအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။"

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်–

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၈

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ကုသရေး ပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။ အောက်တိုဘာ ၁၈ ရက်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီ ငါးခုမှ Caedivas Tablet အခု ၃၅၁၀၊ Pantocid Tablet ၁၄၄၁၈ ခု၊ Vitamin–c Tablet ၄၉၈၅ ခု၊ Aetemra (Tocilizumab 20mg) Solution For Infusion သုံးခု၊ Favilok Tablet အခု ၂၀၀၀၊ Pluse Oximeter အခု ၅၀၀၀၊ ရန်ကုန်ဆိပ်ကမ်းများမှ Oxygen Mask အခု ၅၀၀၀၊ Oxygen Cylinder အခု ၃၂၀၊ Oxygen Regu–lators အခု ၂၃၀၊ Nasal Cannula အခု ၆၂၀၀၊ Oxygen Plant တစ်ခု၊ ဆေးဝါးမျိုးစုံ ၂၇မျိုး ၈၄၅၉၁.၇၁ KG၊ နယ်စပ် (မူဆယ်၊ ချင်းရွှေဟော်) တွင် ကုမ္ပဏီ လေးခုတို့မှ Mask ၃၆၉၉၅ KG၊ Flow Meter/ Regulator အခု ၂၅၀၊ PPE အခု ၃၀၀၊ Infusion အခု ၇၀၈၀၊ Syringe ၂၃၉၇၂ ခု၊ Medical Adhesive Tape အခု ၃၆၀၈၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၈–၁၀–၂၀၂၁) ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Antibiotics | | | | |
| 1 | PO – Azithromycin 500 mg | 5x3's | 4000 | Ramma-waddy |
| 2 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 3 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 4 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 5 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 6 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |
| 7 | Injection – Ceftriazone 1G | 1's | 700 | KCL |
| 8 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 9 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 10 | Injection – Meropenam | 1g/Vial | 10000 | AA Medical |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**“တစ်ဆက်တည်းမှာပဲ အာဆီယံဥက္ကဋ္ဌရဲ့ အထူးကိုယ်စားလှယ်အဖြစ် မြန်မာနိုင်ငံ လာရောက်ရေးကိစ္စမှာလည်း အဆိုပြုတောင်းဆိုချက်များ အမျိုးမျိုး ဖြစ်ပေါ်လာတဲ့အတွက်ကြောင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်နေရဆဲဖြစ်ပါတယ်၊ နိုင်ငံတစ်ခုဟာ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးကို ပိုင်းခြားခွဲဝေပြီး ဆောင်ရွက်ပါတယ်၊ လိုအပ်ချက်အရ သီးခြားထုတ်ပြန်တဲ့ အမိန့်နဲ့ဥပဒေများမှအပ ပိုင်းခြားဆောင်ရွက်မှုအတိုင်း လုပ်ကြရတာဖြစ်ပါတယ်၊ ကျွန်တော်တို့နိုင်ငံဟာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်နေတယ်ဆိုတာ ကြေညာထားပြီးဖြစ်ပါတယ်၊ အာဆီယံကိုယ်စားလှယ်ရဲ့ တောင်းဆိုမှုတွေမှာ ညှိနှိုင်းပြီး မရနိုင်တာတွေရှိပါတယ်၊ ဘယ်လိုပဲဖြစ်ပါစေ ကျွန်တော်တို့နိုင်ငံအနေနဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တာနဲ့အညီ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ အာဆီယံထိပ်သီးအစည်းအဝေးနဲ့ အာဆီယံအပေါင်း အစည်းအဝေးများကိုလည်း အာဆီယံရဲ့ အခြေခံမူများနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်လိမ့်မယ်လို့ ကျွန်တော်ယူဆပါတယ်”**

❒ *ရှေ့ဖုံးမှ*

ပြည်သူပြည်သားအားလုံး ထိခိုက်တာတွေရော နိုင်ငံတော်အပေါ်မှာ ထိခိုက်တာတွေရော ဖော်ထုတ်တွေ့ရှိရပါတယ်၊ ဒါကြောင့် တာဝန်ရှိသူများကိုလည်း ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း ကျွန်တော်ပြောကြားလိုပါတယ်။

ဒီမိုကရေစီနိုင်ငံတစ်ခုမှာ သဘောထားကွဲလွဲမှု ရှိမယ်ဆိုတာ ကျွန်တော်တို့ နားလည်ပါတယ်၊ ပြီးခဲ့တဲ့ရွေးကောက်ပွဲအရ ဖြစ်ပေါ်လာတဲ့ နိုင်ငံရေးအရအရေးပေါ်အခြေအနေ ကြေညာမှုပေါ်မှာ သဘောထားကွဲလွဲပြီး ဒီအပေါ်မှာအခြေခံတဲ့ ဆူပူဆန္ဒပြမှုတွေဖြစ်ပေါ်ခဲ့တာ ကျွန်တော်တို့ တွေ့ရှိရပါတယ်၊ သူတစ်ပါးတွေရဲ့ သွေးထိုးလှုံ့ဆော်မှုတွေကြောင့် ဖြစ်ပေါ်လာတဲ့ ဆူပူဆန္ဒပြမှုတွေအပြင် အကြမ်းဖက်လုပ်ရပ်သတ်ဖြတ် ဖျက်ဆီးခဲ့တဲ့ဖြစ်စဉ်များလည်း ရှိခဲ့ပါတယ်၊ အချို့က ပြဿနာတွေကိုကိုယ်တိုင် ကိုယ်ကျ ပါဝင်ပြီးတော့မှ လှုံ့ဆော်တာတွေရှိပါတယ်၊ ဒီထက်လွန်ကဲပြီးတော့မှ အကြမ်းဖက်လုယက်သတ်ဖြတ်မှုတွေလည်း ကျူးလွန်ခဲ့တာရှိပါတယ်၊ ဒါတွေကို ကျွန်တော်တို့ ဖော်ထုတ်အရေးယူထားတာတွေရှိပါတယ်၊ တိုင်းပြည်တစ်ခုဟာ နိုင်ငံရေးအယူအဆ သဘောထားမတူညီမှုကတစ်ဆင့် အကြောင်းအမျိုးမျိုးကြောင့် အခုအခြေအနေမျိုး ဖြစ်ပွားခဲ့ရာမှာ ကျွန်တော်တို့အနေနဲ့ ရှေ့လုပ်ငန်းစဉ်(၅) ရပ်ကို ချမှတ်ပြီးတော့မှ ဆောင်ရွက်လျက်ရှိပါတယ်၊ ကျွန်တော်တို့ ရည်မှန်းဆောင်ရွက်တဲ့နေရာမှာ တိုင်းပြည်သာယာဝပြောရေးနဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့နိုင်ငံ ပြည်ထောင်စုစစ်စစ် ဖြစ်လာရေးတို့အတွက် ဖြစ်ပါတယ်၊ ဒါကြောင့် အေးအေးချမ်းချမ်းနဲ့ တိုင်းပြည်တစ်ခု ပြောင်းလဲစေချင်တဲ့ ဆန္ဒရှိပါတယ်၊ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စစ်မှန်တဲ့ ဒီမိုကရေစီဖော်ဆောင်နိုင်ရေးအတွက် နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်အုပ်စုများဖြစ်တဲ့ CRPH ၊ NUG တို့ရဲ့ သွေးထိုးလှုံ့ဆော်မှုများနဲ့ အကြောင်းအမျိုးမျိုးကြောင့် ဆူပူဆန္ဒပြမှုများတွင်ပါဝင်တဲ့အတွက်ကြောင့် ပြစ်ဒဏ်ကျမှုခံရသူများနဲ့ အမှုစစ်ဆေးဆဲသူများမှ သင့်လျော်သူများကို လာမယ့်သီတင်းကျွတ်အခါသမယမှာ စိတ်အေးချမ်းမြေ့စွာ ကုသိုလ်ကောင်းမှု ပြုလုပ်နိုင်ဖို့အတွက် လွတ်ငြိမ်းချမ်းသာခွင့်များပေးမည်ဖြစ်ကြောင်း ကျွန်တော်ပြောကြားလိုပါတယ်၊ ဆက်လက်ပြီး ဒီအမိန့်ကိုထုတ်ပြန်သွားပါမယ်၊ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ ၁၂ ရက် ပြည်ထောင်စုနေ့၊ မြန်မာနှစ်ဆန်း ၁ ရက်နေ့၊ ပြီးခဲ့တဲ့ အောက်တိုဘာလ ၁၅ ရက်နေ့ ငြိမ်းချမ်းရေးနှစ်ပတ်လည်နေ့အခမ်းအနားတွေမှာလည်း လွတ်သင့်လွတ်ထိုက်သူများကိုလည်း ကျွန်တော်တို့ လွှတ်ခဲ့ပြီးဖြစ်ပါတယ်။

ဆက်လက်ပြီး အခုတလော မြန်မာနိုင်ငံနဲ့ အာဆီယံနိုင်ငံဆက်ဆံရေးအခြေအနေများ ဖြစ်ပေါ်မှုနဲ့ပတ်သက်ပြီး ကျွန်တော်အသိပေးလိုပါတယ်၊ ပြီးခဲ့တဲ့ ဧပြီလ ၂၄ ရက်နေ့က အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမှာ ပြုလုပ်ခဲ့တဲ့ အာဆီယံထိပ်သီးအစည်းအဝေးမှာ မူအားဖြင့် ဘုံသဘောတူညီချက် (၅)ခု ရရှိခဲ့ပါတယ်၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌရဲ့ အထူးကိုယ်စားလှယ် တာဝန်ပေးနိုင်ဖို့အတွက် အခက်အခဲအမျိုးမျိုးနဲ့ ဆွေးနွေးပြီးတဲ့နောက်ပိုင်းမှာ ဩဂုတ်လ ၄ ရက်နေ့က ဘရူနိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး(၂) Dato Erywan Pehin Yusof ကို ကျွန်တော်တို့ သဘောတူညီခဲ့ခြင်းဖြစ်ပါတယ်၊ ကျွန်တော်တို့အနေနဲ့ သဘောတူညီချက်ကို မြန်မာနိုင်ငံရဲ့ နိုင်ငံရေးယဉ်ကျေးမှုနဲ့ အာဆီယံရဲ့ Charter များနှင့်အညီ ဆောင်ရွက်သွားမယ်လို့ ဖော်ပြခဲ့ပါတယ်၊ ဒီ ၅ ချက်ထဲက ပထမအချက်က အရေးအကြီးဆုံးဖြစ်ပါတယ်၊ အကြမ်းဖက်မှုများ အမြန်ဆုံးရပ်ဆိုင်းရန်နဲ့ အားလုံးက ထိန်းသိမ်းကြပ်မတ်ခြင်းဖြင့် အတတ်နိုင်ဆုံးဆောင်ရွက်ကြဖို့ ဖြစ်ပေမယ့်လည်း ဧပြီလ ကြေညာချက်ထုတ်ပြန်ပြီးနောက်ပိုင်းမှာ အကြမ်းဖက်အဖွဲ့လို့ ထုတ်ပြန်ကြေညာထားတဲ့ CRPH နဲ့ NUG တို့ရဲ့ လှုံ့ဆော်မှု၊ EAO အချို့ရဲ့ ပါဝင်ပတ်သက်မှု အားပေးမှုများနဲ့ အကြမ်းဖက်မှုများ ပိုမိုဆိုးရွားစွာ ဖြစ်ပေါ်လာတာကို တွေ့ရှိရပါတယ်၊ ဒါကို ကျွန်တော်တို့ ယနေ့ထက်တိုင် ရှင်းလင်းနေရဆဲဖြစ်ပါတယ်၊ သူတို့အကြမ်းဖက် လုယက်သတ်ဖြတ်ဖျက်ဆီးတာတွေကို ဘယ်သူမှ အလေးအနက်ထား ဟန့်တားထိန်းသိမ်းမှုတွေ ပြုတာမတွေ့ရပါဘူး၊ ကျွန်တော်တို့ကိုပဲ တောင်းဆိုမှုတွေ ပြုလုပ်ပြီးတော့မှ ကျွန်တော်တို့ပဲ ဒီပြဿနာကို ရှင်းလင်းနေရတာဖြစ်ပါတယ်၊ ဒါကိုအာဆီယံအနေနဲ့ ဆောင်ရွက်ပေးဖို့လိုမယ်လို့ ကျွန်တော်ပြောလိုပါတယ်၊ တစ်ဆက်တည်းမှာပဲ အာဆီယံဥက္ကဋ္ဌရဲ့ အထူးကိုယ်စားလှယ်အဖြစ် မြန်မာနိုင်ငံလာရောက်ရေးကိစ္စမှာလည်း အဆိုပြုတောင်းဆိုချက်များ အမျိုးမျိုးဖြစ်ပေါ်လာတဲ့အတွက်ကြောင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်နေရဆဲဖြစ်ပါတယ်၊ နိုင်ငံတစ်ခုဟာ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးကို ပိုင်းခြားခွဲဝေပြီး ဆောင်ရွက်ပါတယ်၊ လိုအပ်ချက်အရ သီးခြားထုတ်ပြန်တဲ့ အမိန့်နဲ့ဥပဒေများမှအပ ပိုင်းခြားဆောင်ရွက်မှုအတိုင်း လုပ်ကြရတာဖြစ်ပါတယ်၊ ကျွန်တော်တို့နိုင်ငံဟာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်နေတယ်ဆိုတာ ကြေညာထားပြီးဖြစ်ပါတယ်၊ အာဆီယံကိုယ်စားလှယ်ရဲ့ တောင်းဆိုမှုတွေမှာ ညှိနှိုင်းပြီး မရနိုင်တာတွေရှိပါတယ်၊ ဘယ်လိုပဲဖြစ်ပါစေ ကျွန်တော်တို့နိုင်ငံအနေနဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တာနဲ့အညီ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ အာဆီယံထိပ်သီးအစည်းအဝေးနဲ့ အာဆီယံအပေါင်း အစည်းအဝေးများကိုလည်း အာဆီယံရဲ့ အခြေခံမူများနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်လိမ့်မယ်လို့ ကျွန်တော်ယူဆပါတယ်။

ဆက်လက်ပြီး ကျွန်တော်တို့ဆောင်ရွက်နေတဲ့ ကိုဗစ်-၁၉ ရောဂါကာကွယ်မှုလုပ်ငန်းစဉ်များနဲ့ ပတ်သက်ပြီး ကျွန်တော်နည်းနည်းရှင်းပြလိုပါတယ်၊ ၂၀၂၀ ပြည့်နှစ် မတ်လ ၂၃ ရက်နေ့မှာ ကိုဗစ်ရောဂါ မြန်မာနိုင်ငံမှာ စတင်ကူးစက်ခဲ့ပြီးတော့မှ ပထမလှိုင်းဟာ မတ်လ ၂၃ ရက်နေ့ကနေ ဩဂုတ်လ ၁၅ ရက်နေ့အထိ ဖြစ်ပွားခဲ့တယ်လို့ မှတ်တမ်းများအရ ကျွန်တော်သိရပါတယ်၊ ဒုတိယလှိုင်းဟာ ဩဂုတ်လ ၁၆ ရက်နေ့ကနေပြီးတော့ စတင်ဖြစ်ပွားခဲ့ပြီး မေလ ၂၆ ရက်နေ့အထိ ဖြစ်ပွားခဲ့တယ်လို့ မှတ်တမ်းများအရ ကျွန်တော်တို့ တွေ့ရှိရပါတယ်၊ ဒီကာလတွေဟာ ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲလွန်ကာလနဲ့ နိုင်ငံရေးအကျပ်အတည်းများဖြေရှင်းနေရတဲ့ကာလတွေ ဖြစ်ပါတယ်၊ ဆေးဝါးမပြည့်စုံမှု၊ ပစ္စည်းမပြည့်စုံမှု၊ ကျန်းမာရေးဝန်ထမ်းများ မပြည့်စုံမှုတွေကြောင့် အခက်အခဲများစွာနဲ့ ဖြေရှင်းကျော်လွှားပြီးတော့ ဆောင်ရွက်ရပါတယ်၊ ကုသဆေးနဲ့ပတ်သက်ပြီးတော့မှ အိန္ဒိယနိုင်ငံက ကုသဆေး သန်း ၃၀ ဝယ်ယူခဲ့သော်လည်းပဲ အိန္ဒိယနိုင်ငံရဲ့ ကိုဗစ်ရောဂါဖြစ်ပွားမှုအခက်အခဲတွေကြောင့် ကျွန်တော်တို့ ၂ သန်းသာ ရရှိခဲ့ပါတယ်၊ နောက်ထပ် မရရှိခဲ့ပါဘူး၊ ဒါကြောင့် ကျွန်တော်တို့ အခြားမိတ်ဆွေနိုင်ငံတွေကနေ ကာကွယ်ဆေးရရှိရေး ကြိုးပမ်းခဲ့ရာမှာ တရုတ်နိုင်ငံက ဝယ်ယူရရှိခဲ့ပါတယ်၊ အခု သန်း ၂၀ ရရှိခဲ့ပြီးဖြစ်ပါတယ်၊ ဒီလထဲမှာလည်း ထပ်ရောက်မှာဖြစ်ပါတယ်၊ လှူဒါန်းမှုအနေနဲ့ အိန္ဒိယနိုင်ငံက ၂ ဒသမ ၅ သန်း၊ တရုတ်နိုင်ငံက ၄၆၂၀၈၀၀ ရရှိခဲ့ပြီးဖြစ်ပါတယ်၊ နောက်ထပ် တရုတ်နိုင်ငံနဲ့ ရုရှားနိုင်ငံက ၈ သန်း ရရှိရေးဆောင်ရွက်နေဆဲဖြစ်ပါတယ်၊ ကိုဗစ်ဆေးထိုးပေးမှုအနေနဲ့ မနေ့ကအထိ နှစ်ကြိမ် ဆေးထိုးသူပေါင်း ၄၆၉၉၀၃၈ ယောက်၊ တစ်ကြိမ်ဆေးထိုးပြီးသူပေါင်း ၆၈၄၇၂၄၂ ယောက် စုစုပေါင်း Dose ၁၆၂၄၅၃၁၈ ကြိမ်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်၊ နောက် ကျောင်းများကိုလည်း မကြာခင်ဖွင့်နိုင်ဖို့ ကြိုးစားနေတဲ့အတွက်ကြောင့် ကျောင်းသားများကိုလည်း ဆေးထိုးရေးလုပ်ငန်းတွေကို ၁၂ ရက်နေ့ကစပြီး စတင်ဆောင်ရွက်လျက်ရှိပါတယ်။

ဆက်လက်ပြီး ကာကွယ်ဆေး ထပ်မံဝယ်ယူရရှိရေးနဲ့ ပြည်တွင်းမှာ ထုတ်လုပ်ရရှိနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောလိုပါတယ်၊ ဒီလို လှူဒါန်းရရှိ၊ ဝယ်ယူရရှိတဲ့ ကာကွယ်ဆေးများကိုလည်း ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမယ်ဆိုတဲ့အကြောင်းလည်း ကျွန်တော်တို့ ပြောလိုပါတယ်၊ တတိယလှိုင်းဟာ မေလ ၂၇ ရက်နေ့ကစပြီး ဝင်ရောက်ခဲ့တာဖြစ်ပါတယ်၊ တတိယလှိုင်း ဝင်ရောက်ပြီးတဲ့ နောက်ပိုင်းမှာ ဇူလိုင်လ ၁၄ ရက်နေ့ဟာ ပိုးတွေ့လူနာပေါင်း ၇၀၈၃ ယောက် အမြင့်ဆုံးဖြစ်ခဲ့တာကို ကျွန်တော်တို့ တွေ့ခဲ့ပါတယ်၊ ၃၃ ဒသမ ၁၇ ရာခိုင်နှုန်း ရှိပါတယ်၊ ဇူလိုင်လ ၂၃ ရက်နေ့မှာ ပိုးတွေ့လူနာပေါင်း ၅၅၀၆ ဦးရှိပြီးတော့မှ ၄၀ ဒသမ ၈၂ ရာခိုင်နှုန်း၊ ရာခိုင်နှုန်းအားဖြင့် အမြင့်ဆုံးဖြစ်တာကို တွေ့ရပါတယ်၊ ဒါပေမယ့်လည်း နိုင်ငံတော်ပိုင်း တာဝန်ရှိသူများကနေပြီး စနစ်တကျကြပ်မတ်ဆောင်ရွက်ပေးမှု၊ ပြည်သူများရဲ့ တာဝန်သိသိ ပူးပေါင်းဆောင်ရွက်မှုတွေကြောင့် အခုအချိန်မှာ ဖြစ်ပွားမှုနှုန်းဟာ ၂၂၀၀ ပတ်ဝန်းကျင်နဲ့ ဖြစ်ပွားမှုနှုန်း ၇ ရာခိုင်နှုန်းအထိ ကျဆင်းသွားတာကို တွေ့ရပါတယ်၊ ဒီအတွက် ပူးပေါင်းဆောင်ရွက်မှုအားလုံးကိုလည်း ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်၊ ကျွန်တော့်အနေနဲ့ ဒီလကုန်မှာ ၃ ရာခိုင်နှုန်းအထိ ကျဆင်းရေးအတွက်ကို ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မကြာခင်မှာကျောင်းတွေဖွင့်ဖို့ ကျွန်တော်တို့ ရည်ရွယ်ချက်ရှိပါတယ်၊ ကိုဗစ်ရောဂါဖြစ်ပွားမှု ထိန်းချုပ်နိုင်မှုသေချာမှသာ ကျောင်းဖွင့်နိုင်မှာဖြစ်ပါတယ်၊ ဒ့ါအပြင် အလုပ်အကိုင်အခွင့်အလမ်းများကလည်း ပြည်ပြည့်ဝဝ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်၊ ဒါကြောင့် မိဘပြည်သူများအနေဖြင့် ကိုဗစ်စည်းကမ်းနှင့်ပတ်သက်ပြီး သတ်မှတ်ထားချက်တွေကို ပိုမိုပြီး အလေးထားလိုက်နာပေးကြဖို့ ကျွန်တော်ပြောကြားလိုပါတယ်၊ ယနေ့ကာလမှာ ရှမ်းပြည်နယ်အချို့ဒေသများ၊ မကွေးတိုင်းအချို့ဒေသများ ဖြစ်ပွားမှုနှုန်း မြင့်မားနေဆဲဖြစ်ပါတယ်၊ ဒါကို ကြပ်မတ်ထိန်းသိမ်းပေးဖို့ ကျွန်တော် မေတ္တာရပ်ခံလိုပါတယ်။

ဆက်လက်ပြီး ကျန်းမာရေးနဲ့ဆက်စပ်နေတဲ့ ကိစ္စရပ်တစ်ခု ကျွန်တော် ပြောပြလိုပါတယ်၊ ဒါကတော့ ဆီစားသုံးမှုဖြစ်ပါတယ်၊ ပြီးခဲ့တဲ့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်းမှာ ပြည်ပကနေ စားအုန်းဆီတန်ချိန် ၈ သိန်းကျော် တင်သွင်းခဲ့ရပါတယ်၊ အမေရိကန်ဒေါ်လာအားဖြင့် သန်းပေါင်း ၈၃၀ ကျော်ဖြစ်ပါတယ်၊ လူတစ်ယောက်ကို ၆ ပိဿာနှုန်းနဲ့ စားမယ်ဆိုရင်တောင်မှ မြန်မာနိုင်ငံမှာ ဆီလိုအပ်ချက်ဟာ တန်ချိန် ၅ သိန်းပဲရှိပါတယ်၊ တကယ်လို့ ၇ ပိဿာနှုန်းနဲ့ စားမယ်ဆိုရင် ဆီလိုအပ်ချက် ၅ ဒသမ ၈ သိန်းရှိပါတယ်၊ တကယ်လို့ ၈ ပိဿာနဲ့စားမယ်ဆိုရင် ဆီလိုအပ်ချက် ၆ ဒသမ ၆ သိန်းရှိပါတယ်၊ အခု ၈ သိန်းကျော် သွင်းထားတဲ့အတွက်ကြောင့် ဆီစားသုံးမှုဟာ လွန်စွာမှ များပြားနေတယ်လို့ ပြောရမှာဖြစ်ပါတယ်၊ မြန်မာနိုင်ငံမှာ ဆီထွက်သီးနှံများဖြစ်တဲ့ မြေပဲ၊ နှမ်း၊ ပန်းနှမ်း၊ ပဲပုပ်၊ နေကြာ၊ ဆီအုန်း စိုက်ပျိုးမှုတွေရှိပြီးတော့မှ ထုတ်လုပ်မှုလည်းရှိပါတယ်၊ ဒါတွေနဲ့သာ ပေါင်းစပ်မယ်ဆိုရင် ဆီစားသုံးမှုဟာ အတော်များနေတယ်လို့ ကျွန်တော် ပြောရမှာဖြစ်ပါတယ်၊ ဒီအတွက် ဆီစားသုံးမှုလျှော့ချခြင်းအားဖြင့် တစ်ဖက်က ကျန်းမာရေးအတွက်လည်း များစွာအထောက်အကူပြုမှာဖြစ်သလို ပြည်ပကနေ ဆီဝယ်ယူမှုအတွက် သုံးစွဲနေရတဲ့ နိုင်ငံခြားငွေလည်း များစွာလျှော့ချနိုင်မှာဖြစ်ပါတယ်၊ ဒါကြောင့် မိဘပြည်သူများအနေနဲ့ ဆီစားသုံးမှုကို ကျန်းမာရေးအမြင်အရသော်လည်းကောင်း၊ နိုင်ငံရဲ့လိုအပ်ချက်အရသော်လည်းကောင်း ဒါကို ကြပ်ကြပ်မတ်မတ်နဲ့ ထိန်းသိမ်းစားသုံးနိုင်ဖို့အတွက်လည်း ကျွန်တော် မေတ္တာရပ်ခံလိုပါတယ်။

သီတင်းကျွတ်အခါသမယမှာ မိဘပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ထပ်မံဆုတောင်း မေတ္တာပို့သအပ်ပါတယ် ကျေးဇူးတင်ပါတယ်။

# ကိုဗစ် -၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်ကုစားရေး လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၈**

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၁) ကို ယနေ့ မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

### တက်ရောက်

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် လုပ်ငန်းကော်မတီဝင်များ ဖြစ်ကြသော စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဆွေးနွေးပြောကြား
အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက

ကိုဗစ် -၁၉ ရန်ပုံငွေမှ ထုတ်ချေးပေးမည့် ငါး၊ ပုစွန် မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍအား ဘဏ္ဍာရေးဆိုင်ရာ အကူအညီပေးအပ်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု၊ မြန်မာနိုင်ငံ စီးပွားရေး ပြန်လည်ဦးမော့စေရေးစီမံချက် (Myanmar Economic Recovery Plan – MERP) ထုတ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ပြီးခဲ့သည့်အစည်းအဝေးနှင့် ယခုအစည်းအဝေးအကြား ကုစားရေးလုပ်ငန်းကော်မတီက ဆောင်ရွက်ပေးခဲ့သည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသူများက ကိုဗစ် -၁၉ ကြောင့် စီးပွားရေးသက်ရောက်မှုများ ကုစားရေးအတွက် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ ဝန်ကြီးဌာနများနှင့် စီးပွားရေးလုပ်ငန်းရှင်များက ကုစားရေးလုပ်ငန်းကော်မတီသို့ တင်ပြလာသည့် အချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အာရှဖွံ့ဖြိုးရေးဘဏ်မှ အာဆီယံအရင်းအနှီးဈေးကွက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာဆိုင်ရာ အကူအညီပေးမှုကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၁၈

**(၃၅) ကြိမ်မြောက် အာဆီယံအရင်းအနှီးဈေးကွက် ဥက္ကဋ္ဌများအစည်းအဝေး (35th Chairs' Meeting of the ASEAN Capital Markets Forum)** ကို ယနေ့ နံနက် ၇ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ မြန်မာနိုင်ငံမှ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း၊ ကော်မရှင် အဖွဲ့ဝင်များနှင့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ကြသည်။ (အောက်ပုံ)



အစည်းအဝေးတွင် အာဆီယံ အရင်းအနှီး ဈေးကွက်ဖိုရမ်၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သော ဘရူနိုင်းနိုင်ငံ၊ ငွေကြေးအာဏာပိုင်အဖွဲ့၏ Deputy Managing Director ဖြစ်သူ Ms. Rashidah SABTU က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံဒေသတွင်း နိုင်ငံများ၏ အရင်းအနှီးဈေးကွက်ကြီးကြပ်ရေး ကော်မရှင်များမှ အကြီးအကဲများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များနှင့် အာရှဖွံ့ဖြိုးရေးဘဏ်မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံဒေသတွင်း အရင်းအနှီးဈေးကွက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးတွဲဖွဲ့စည်း ထူထောင်ခဲ့သည့် အာဆီယံအရင်းအနှီး ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့နှင့် အာဆီယံ အရင်းအနှီး ဈေးကွက်များဖိုရမ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အာဆီယံ ရေရှည်တည်တံ့ ခိုင်မြဲသော ဘဏ္ဍာရေး (ASEAN Sustainable Finance) ဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ အရင်းအနှီးဈေးကွက် အသွင်ကူးပြောင်းခြင်းဆိုင်ရာ စံသတ်မှတ်ချက်များ၊ ကာလရှည်ငွေချေးစာချုပ် (Sustainability–Linked Bond)များ ထုတ်ဝေခြင်းဆိုင်ရာ စံ သတ်မှတ်ချက်များ၊ အာဆီယံ ကော်ပိုရေးရှင်းများ၏ စဉ်ဆက်မပြတ် ဖွင့်ဟထုတ်ဖော်မှုဆိုင်ရာ စံသတ်မှတ်ချက် လုပ်ငန်းစဉ်များနှင့် အာရှဖွံ့ဖြိုးရေးဘဏ်မှ အာဆီယံအရင်းအနှီး ဈေးကွက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာဆိုင်ရာ အကူအညီပေးမှု ကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေး၌ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပါဝင်ဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုအခြေအနေများ၊ ရေရှည်တည်တံ့ခိုင်မြဲသော ဘဏ္ဍာရေးစနစ်ဖြစ်ပေါ်ရေး၊ အာဆီယံ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက်ကို အကောင်အထည်ဖော်ရာတွင် လိုက်ပါဆောင်ရွက်နိုင်မှုများကို ပါဝင်ဆွေးနွေးခဲ့ပြီး အာရှဖွံ့ဖြိုးရေးဘဏ်မှ မြန်မာနိုင်ငံသို့ အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာ အကူအညီပေးအပ်မှုများအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။ အစည်းအဝေးတွင် ASEAN Collective Investment Schemes (ASEAN CIS) အတွက် ပြန်လည်ပြင်ဆင်ထားသည့် လက်စွဲစာအုပ်နှင့် ASEAN Corporate Governance Scorecard (ACGS) Country Report ကို ထုတ်ဝေနိုင်ခဲ့ကြောင်း သိရသည်။

**အခြေခံမှုများကို ချမှတ်**

ထို့ပြင် ACMF, Insurance Regulators' Meeting (AIRM), Senior Level Committee on Financial Integration (SLC) နှင့် အာဆီယံ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း အဖွဲ့ (WC–CMD)တို့ ပူးပေါင်း၍ ASEAN အတွက် ရေရှည်တည်တံ့သော ဘဏ္ဍာရေး Taxonomy ကို ရေးဆွဲရေးအတွက် ASEAN Taxonomy Board ကို ဖွဲ့စည်းနိုင်ခဲ့ပြီး Board အတွက် အခြေခံမှုများကို ချမှတ်နိုင်ခဲ့သည်။

အစည်းအဝေးတွင် ACMF Vision 2025 အဖြစ် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ACMF Action Plan (2021–2025) တွင် ဖော်ပြထားသည့် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းနယ်ပယ်များဖြစ်သော အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးမှုဆိုင်ရာ သတင်းအချက်အလက်များကို ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး၊ အာဆီယံဒေသတွင်း နယ်စပ်ဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ ဒေသတွင်း အရင်းအနှီး ဈေးကွက်များ တစ်ခုနှင့်တစ်ခု အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်ရေး၊ ဒေသတွင်း အရင်းအနှီးဈေးကွက်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပိုမိုပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းနယ်ပယ်များကို သဘောတူခဲ့ကြသည်။

**တာဝန်ပေးအပ်**

ထို့နောက် ယခုနှစ်အတွက် ACMF အလှည့်ကျဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်နေသည့် ဘရူနိုင်းနိုင်ငံ၊ ဗဟိုဘဏ်မှ လာမည့်နှစ်အတွက် ACMF အလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံ Securities and Exchange Regulator of Combodia သို့ လွှဲပြောင်း တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

**အဆင့်မြင့်ဆွေးနွေးပွဲတစ်ခုဖြစ်**

အဆိုပါ အစည်းအဝေးမှ ညှိနှိုင်းသဘောတူညီပြီးဖြစ်သည့် လုပ်ငန်းစဉ်များကို ယခုလကုန်တွင် ကျင်းပမည့် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးသို့ ဆက်လက်တင်ပြမည်ဖြစ်သည်။ အာဆီယံအရင်းအနှီးဈေးကွက်များ ဖိုရမ်သည် အာဆီယံဒေသတွင်း အရင်းအနှီးဈေးကွက်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အာဆီယံနိုင်ငံများမှ အရင်းအနှီးဈေးကွက် စည်းမျဉ်းစည်းကမ်း ထိန်းကျောင်းသူ အဖွဲ့အစည်း အကြီးအကဲများ၏ အဆင့်မြင့်ဆွေးနွေးပွဲ တစ်ခုဖြစ်ပြီး နှစ်စဉ် ပုံမှန်ကျင်းပလေ့ရှိသော အစည်းအဝေးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကိုဗစ်စင်တာများ၌ စနစ်တကျလက်ခံ

**နေပြည်တော် အောက်တိုဘာ ၁၈**

ကိုဗစ်-၁၉ ရောဂါအတည်ပြု လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ Quarantine Center များ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ ည ၇ နာရီထိ နေပြည်တော် စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၈၀ နှင့် အမျိုးသမီး ၇၁ ဦး စုစုပေါင်း ၁၅၁ ဦးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ငါးဦးနှင့် အမျိုးသမီး သုံးဦး စုစုပေါင်း ရှစ်ဦးကိုလည်းကောင်း လက်ခံထားရှိကြောင်း သိရှိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံ ဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာစေရေး

"အတိတ်ကိုမသိလျှင် ထပ်ကျော့အမှားတွေ ကျူးလွန်နိုင်သည်။ ထို့အတူ အတိတ်ကို အစွဲသန်လွန်းလျှင်လည်း အနာဂတ်လမ်း ပျောက်နိုင်သည်" ဆိုသည့်စကားရပ်အား သတိချပ်စေလိုသည်။ နိုင်ငံတော်အစိုးရသည် ကျရောက်မည့် စိန်ရတု ပြည်ထောင်စုနေ့၊ စိန်ရတုလွတ်လပ်ရေးနေ့မတိုင်မီ၌ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာစေရေးလုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ပိုမိုတိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

**(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၁၀-၂၀၂၁ ရက်နေ့တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့သို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)**

## နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများကို ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများဖိတ်ခေါ်၍ အစိုးရ-ပုဂ္ဂလိက PPP ပုံစံ၊ အစိုးရ-ပုဂ္ဂလိက Joint Venture ပုံစံများဖြင့် ဆောင်ရွက်သွားမည့်အခြေအနေများ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၈**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဒုတိယဝန်ကြီး ဦးကိုကိုလွင်၊ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာများနှင့်အတူ အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ဆေးဝါးကုန်ကြမ်းစိုက်ခင်းများသို့ ရောက်ရှိပြီး ဆေးဝါးကုန်ကြမ်းပင်မျိုးများ ထိန်းထားနိုင်ရေး စနစ်တကျဆောင်ရွက်ကြရန် မှာကြားကာ ငှက်ဖျားရောဂါ ကုသဆေးထုတ်လုပ်နိုင်ရန် အာတီမီးစီးယားများ စိုက်ပျိုးထားရှိမှုအခြေအနေနှင့် ပျိုးပင်ခြံတို့ကို ကြည့်ရှုစစ်ဆေးသည်။

### စက်မှုလုပ်ငန်းများ ပြန်လည်ထူထောင်

အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တွေ့ဆုံပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်မှုဝန်ကြီးဌာန စက်ရုံများ လုပ်ငန်းလည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေ၊ စက်မှုလုပ်ငန်းများ ပြန်လည်ထူထောင်ရန် အလေးထား ဆောင်ရွက်နေမှု၊ နိုင်ငံပိုင်စက်ရုံ/အလုပ်ရုံများကို ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများ ဖိတ်ခေါ်၍ အစိုးရ-ပုဂ္ဂလိက PPP ပုံစံ၊ အစိုးရ-ပုဂ္ဂလိက Joint Venture ပုံစံများဖြင့် ဆောင်ရွက်သွားမည့်အခြေအနေ၊ စက်မှုကဏ္ဍနှင့် သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းခြင်း၊ သုတေသနများ ပြုလုပ်ခြင်း၊ စံချိန်စံညွှန်းများ ရေးဆွဲခြင်း၊ ဓာတ်ခွဲခန်းများ ထူထောင်ခြင်း၊ စက်မှုဇုန်များ ဖွံ့ဖြိုးရေးနှင့် ကြီးကြပ်စစ်ဆေးရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် Regulatory Body အဖြစ် ရပ်တည်ဆောင်ရွက်သွားမည့် အခြေအနေတို့ကို ဆွေးနွေးသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဆေးဝါးစက်ရုံ (အင်ရောင်း)အတွင်း သွေးကြောသွင်းဆေးရည် အမျိုးမျိုး ထုတ်လုပ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

### ဆွေးနွေး

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ ထုတ်ကုန်များကို ပြည်တွင်းလိုအပ်ချက် ပြည့်မီကျော်လွန်အောင် ထုတ်လုပ်၍ ပြည်ပသို့တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ဆွေးနွေးသည်။

### ကြည့်ရှုစစ်ဆေး

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဆေးဝါးစက်ရုံ (အင်ရောင်း)သို့ ရောက်ရှိရာ စက်ရုံမှူးက စက်ရုံဆိုင်ရာ အချက်အလက်များ၊ ဆေးဝါးများ ထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဒုတိယဝန်ကြီးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဆေးဝါးများ GMP Guide Line များနှင့်အညီ ပိုမိုထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရန်နှင့် ဆေးဝါးအမယ်သစ်များ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် မှာကြားကာ သွေးကြောသွင်းဆေးရည်အမျိုးမျိုး ထုတ်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် စက်မှုကုန်ကြမ်း လုပ်ကွက်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

### ပူးပေါင်းဆောင်ရွက်

အစည်းအဝေးသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် စက်မှုဝန်ကြီးဌာနရှိ စက်ရုံများအတွက် လိုအပ်သော တွင်းထွက်စက်မှုကုန်ကြမ်းများ ရရှိရေးအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးကြသည်။

ထို့ပြင် အစည်းအဝေးသို့ တက်ရောက်လာကြသူများက တွင်းထွက်စက်မှုကုန်ကြမ်း လုပ်ကွက်များနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်အချက်များ၊ လိုက်နာရမည့် အချက်များနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးများက နိဂုံးချုပ် အမှာစကားများ ပြောကြားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်/အချုပ်ထောင် စခန်းအသီးသီးမှ အကျဉ်းကျခံနေရသူများနှင့် တရားရုံးအသီးသီးတွင် တရားစွဲဆိုခြင်းခံနေရသူများအား ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြု

**နေပြည်တော် အောက်တိုဘာ ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် သီတင်းကျွတ်အခါသမယ အထိမ်းအမှတ်အားဖြင့် လည်းကောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်နေချိန်တွင် ပြစ်ဒဏ်ကျ အကျဉ်းသား၊ အကျဉ်းသူများမှလည်း တစ်ဖက်တစ်လမ်းမှ အကျိုးပြုစေမည့် နိုင်ငံသားများအဖြစ်သို့ ပြောင်းလဲပေးရန်အတွက် လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အမိန့်အမှတ် ၁၈၆/၂၀၂၁ နှင့် ၁၈၇/၂၀၂၁ တို့ဖြင့် အကျဉ်းထောင်၊ အချုပ်ထောင် စခန်းအသီးသီးတို့တွင် အကျဉ်းကျခံနေကြရသော အကျဉ်းသား၊ အကျဉ်းသူ နိုင်ငံသား ၁၃၁၆ ဦးနှင့် တရားရုံးအသီးသီးတွင် တရားစွဲဆိုခြင်းခံနေရသူ ၄၃၂၀ တို့ကို ယနေ့တွင် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့် ပြုခဲ့သည်။

ထိုသို့ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြုခဲ့ခြင်းကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်၊ အချုပ်ထောင် စခန်းအသီးသီးမှ အကျဉ်းကျခံနေကြသော အကျဉ်းသား၊ အကျဉ်းသူများအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ "နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်" ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုကာ ယနေ့ညနေပိုင်းမှ စတင်၍ ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အကျပ်အတည်းကြားမှာ ခြိုးခြံပါ၊ ချွေတာပါ၊ ရှောင့်ရဲပါ

မိုးကေနိုင်

> ○ ခြိုးခြံချွေတာတတ်မယ်ဆို ချွေတာနိုင်တဲ့နေရာတွေ များစွာရှိပါတယ်။ ရှေးဦးစွာ လောလောဆယ်ရင်ဆိုင်နေရတဲ့ ကျန်းမာရေးပြဿနာတွေကိုပဲကြည့်ပါ။ ရောဂါတော်တော်များများမှာ ကြိုတင်ကာကွယ်နိုင်တဲ့ရောဂါက အများစုဆိုပေမယ့် ဒီလိုရောဂါတွေကြောင့်ပဲ ကိုယ်နေထိုင်မကောင်းဖြစ်တဲ့အခါ ကျွန်တော်တို့အိတ်ကပ်ထဲကငွေကို ကိုယ့်ကျန်းမာရေးအတွက် စိုက်ထုတ်သုံးစွဲနေရခြင်းဟာ အားလုံးကြုံတွေ့နေရတဲ့ ပြဿနာတစ်ခုမဟုတ်ပါလား...

ယနေ့ကိုဗစ်ကပ်ရောဂါဟာ ဒုတိယကမ္ဘာစစ်နောက်ပိုင်း လူသားတွေအားလုံး အဆိုးရွားဆုံးခံစားနေရတဲ့ အကျပ်အတည်းကြီးတစ်ခုပါပဲ။

ရောဂါကူးစက်မှုတွေလည်း တိုးနေဆဲဖြစ်သလို သေဆုံးမှုတွေလည်းရှိနေဆဲပါ။ ကမ္ဘာကြီးရဲ့ တချို့နေရာတွေမှာ ရောဂါကပ်အပြင် စစ်မက်အသံတွေလည်း ကျယ်ကျယ်လောင်လောင်ကြားနေရတော့ ငြိမ်းချမ်းရေးနဲ့တည်ငြိမ်ရေးဟာ လူသားတွေအားလုံးက အရေးတကြီး တောင့်တနေတဲ့ Issue တစ်ခုဖြစ်လာနေပါပြီ။ ကူးစက်ကပ်ရောဂါလိုပဲ ကမ္ဘာကြီးရဲ့တစ်နေရာက မငြိမ်းချမ်းမှုဟာ အခြားဒေသတွေဆီလည်း ကူးစက်လွယ်နေပါတယ်။

ကမ္ဘာ့စီးပွားပျက်ကပ်အနေအထားကတော့ အဆိုးကြီးမဖြစ်သေးဘူးဆိုပေမယ့် ဟိုတစ်စဒီတစ်စ စီးပွားပျက်ကပ်ဖြစ်နေတဲ့အသံတွေလည်း မှန်မှန်ကြားနေရသလိုပဲ။ အထူးသဖြင့် ကူးစက်ကပ်ကြီးနဲ့အတူ စစ်ပွဲဒဏ်ခံစားရတဲ့ နိုင်ငံတွေရဲ့ လူမှုစီးပွားဘဝတွေဟာ ပိုပြီးဆိုးတယ်လို့ ဆိုရပါလိမ့်မယ်။ ရောဂါနဲ့စစ်ပွဲတွေကြောင့် တချို့နိုင်ငံတွေမှာ စီးပွားရေးဟာ ယိုင်နဲ့လုနီးနီး ပြိုလဲလုနီးနီးဖြစ်နေပြီး ဆင်းရဲတွင်းချောက်ကမ်းပါးထဲ ရောက်လုနီးနီးဖြစ်နေတာကို စိတ်မကောင်းစွာ မြင်နေကြားနေရပါတယ်။

**အကျပ်အတည်းနဲ့ဖိအားကို ရင်ဆိုင်နိုင်အောင်ပြင်ဆင်ထားသင့်**

ဖွံ့ဖြိုးမှုစီးပွားရေးဘာသာရပ်ဆိုင်ရာ ကမ္ဘာ့သုတေသနအင်စတီကျူ (World Institute For Development Economics Research) ရဲ့ အစီရင်ခံစာအရ ကိုဗစ်ကပ်ကြီးတစ်ခုကြောင့်တင် လူသားသန်း ၅၀၀ လောက် ဆင်းရဲတွင်းနက်ပြီး အငတ်ဘေးဆိုက် နိုင်တယ်လို့ သိရပါတယ်။ ဘယ်နိုင်ငံကမှတော့ ဆင်းရဲနွမ်းပါးမှုပြမျဉ်း (Poverty Line) အောက်မှာ နေချင်ကြမှာမဟုတ်ပါဘူး။ ဆင်းရဲမွဲတေမှုနဲ့ ငတ်မွတ်ခေါင်းပါးမှုပြဿနာကို ဖြေရှင်းဖို့ရာ အလွန် ရှုပ်ထွေးခက်ခဲပါတယ်။ ဒီအခါမှာ အကျပ်အတည်းတစ်ခုအောက်မှာ ဖိစီးမှုတွေ ပြေလျော့အောင်ဘယ်လိုနေထိုင်ကြမလဲ၊ အကျပ်အတည်းနဲ့ ရင်ဆိုင်ရမယ်ဆိုရင်ရော ဖိအားဒဏ်ခံနိုင်အောင် တစ်ဦးချင်း ဘယ်လိုပြင်ဆင်ထားကြမလဲ ဘယ်လိုခြိုးခြံနေထိုင်ကြမလဲ မျှဝေပေးချင်တာလေးတွေ ရှိလာပါတယ်။

တစ်ချိန်ချိန်မှာ ကိုယ်ကိုယ်တိုင်က အခြားသူတွေလို ဝင်ငွေများများစားစား မရှာနိုင်တော့မှာ၊ သူတို့နေထိုင်သလို ကိုယ်မနေနိုင်တော့မှာ၊ သူတို့စားနိုင်ဝတ်နိုင်သလောက် ကိုယ်မစားနိုင်မဝတ်နိုင်တဲ့ အခြေအနေမျိုးဖြစ်သွားနိုင်တာကို သတိပြုမိပြီး ပြင်ဆင်ထားသင့်ပါတယ်။ အဆိုးမြင်တစ်ဦးမဟုတ်ပေမယ့် အကောင်းမြင်နိုင်ဖို့ အတွေးစလေးတစ်ခုနဲ့ အပြုသဘောချဲ့ကြည့်မိတာပါ။ ကမ္ဘာ့တချို့ နေရာတွေမှာ အိုးမဲ့အိမ်မဲ့တွေ၊ အငတ်ဘေးပြဿနာတွေ ကြားနေမြင်နေရပါလိမ့်မယ်။

စားဝတ်နေရေးမှာ တစ်ဝမ်းတစ်ခါး စားရေးအတွက်ကိုပဲ အသည်းအသန်ရုန်းကန်နေရတဲ့ မြင်ကွင်းတွေကို ဒုနဲ့ဒေး ကြားသိနေရသလို ကမ္ဘာလုံးဆိုင်ရာ စီးပွားပျက်ကပ်ကြုံရမယ့်ဘေးက လွတ်မြောက်အောင်၊ ရင်ဆိုင်နိုင်အောင် ကမ္ဘာ့နိုင်ငံတွေ မီးကုန်ယမ်းကုန် ကြိုးစားနေကြတာတွေ၊ ခြိုးခြံချွေတာနေကြတာတွေကိုလည်း အကောင်းဆုံး နမူနာအဖြစ် သင်ခန်းစာယူရပါလိမ့်မယ်။

**ဆင်းရဲခြင်း မိမိထံမရောက်အောင် ကိုယ်ကိုယ်တိုင်ပဲဦးဆောင်ပါ**

ကိုဗစ်လှိုင်းတွေက မပြီးသေးပါဘူး၊ ဆက်နေဦးမယ့် သဘောရှိပါတယ်။ ဒါဆိုရင် မိမိတို့တစ်ဦးချင်းအပေါ် ကျလာနိုင်တဲ့ဖိအားတွေကို ဘယ်လိုရင်ဆိုင်ဖြေရှင်းမလဲ၊ ဒီနေရာမှာ အစိုးရရဲ့ တာဝန်ယူမှုကို ခဏမေ့ထားပြီး အဖြေကို မိမိထံကပဲရအောင် ရှာဖွေကြည့်ရအောင်ပါ။ အရေးပေါ်ကာလတစ်ရပ်မှာ နိုင်ငံတော်အစိုးရရဲ့ ဖြေရှင်းပေးမှု၊ စီမံပေးမှုချည်းကိုပဲ အားကိုးနေလို့မရပါဘူး။ အကျပ်အတည်းကာလ မရေရာမသေချာတဲ့ အခြေအနေမှာ ကိုယ့်အတွက် ကိုယ့်ကိုယ်ကိုယ်ပဲ ဦးဆောင်ရမယ်လို့ခံယူလိုက်ပါ။ ကိုယ်ကိုယ်တိုင် မဆင်းရဲရအောင် ဘယ်လိုနေထိုင်စားသောက်မလဲ၊ ကိုယ့်ပတ်ဝန်းကျင်မှာ ဆင်းရဲသူတွေ ရှိနေသလို ချမ်းသာသူတွေလည်းရှိတယ်ဆိုတာ မြင်အောင်ကြည့်ပါ။

တတ်နိုင်သူနဲ့ မတတ်နိုင်သူအကြား ကွာဟချက်အချို့ဟာ စိတ်ဝင်စားဖို့ကောင်းပါတယ်။ တချို့က မကျန်းမာရင် ကောင်းစွာ ဆေးကုနိုင်ပေမယ့် တချို့ကတော့ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကိုပင် လက်လှမ်းမမီ ဖြစ်နေရတယ်။ တချို့က အလုပ်အကိုင်ရှိတယ်၊ တချို့က အလုပ်လက်မဲ့။ တချို့က ကျောင်းပညာနဲ့ထိတွေ့နိုင်ပေမယ့် တချို့ကပညာရေးလမ်းပျောက်နေတယ်။

ကျွန်တော်တို့လည်း သာမန်ဝန်ထမ်းမျိုးရိုးက ပေါက်ဖွားလာသူတွေပါပဲ။ အဖေအမေဝန်ထမ်းက မုန့်ဖိုးပိုက်ဆံပေးရင်တောင် ပေးလိုက်တဲ့ ပိုက်ဆံအနည်းငယ်လေးကို ဘယ်မှာသုံးမှာလဲ၊ ဘယ်လောက်သုံးမှာလဲ မေးပြီးစိစစ်ပြီးမှ ထုတ်ပေးလေ့ရှိတာကို ကျွန်တော်တို့ အရွယ်ရောက်လူလားမြောက်မှ သဘောပေါက်လာမိပါတယ်။ မိဘကပေးတဲ့ ဒီအတွေ့အကြုံလေးက ကျွန်တော်တို့ ဘဝတစ်လျှောက် မချမ်းသာပေမယ့် မဆင်းရဲအောင် ခြိုးခြိုးခြံခြံနေတတ်ထိုင်တတ်စေတဲ့ အကျင့်ကောင်းတစ်ခုကို မွေးဖွားပေးလိုက်ပါလားလို့ ခံယူမိပါတယ်။

**ခြိုးခြံချွေတာခြင်းဟူသည်...**

ကျွန်တော်တို့တစ်တွေဟာ ရုန်းမထွက်နိုင်သေးတဲ့ ကပ်ဘေးဆိုးအထွေထွေကနေ လွယ်လွယ်ကူကူ ပြန်လည်နာလန်ထနိုင်အောင်ရယ်၊ စဉ်ဆက်မပြတ် ရှင်သန်နေအောင်ရယ်က မိမိကိုယ်မိမိ ခြိုးခြံချွေတာခြင်းဆိုတဲ့ ခေါင်းစဉ်အောက်မှာပဲ အဆိုးထဲမှ အကောင်းဆုံးဖြစ်အောင် ကြိုးစားနေထိုင်ကြရပါလိမ့်မယ်။ ဒါပေမယ့် ခြိုးခြံချွေတာခြင်းဆိုတဲ့ ထိုစကားလုံးဟာ အချို့သူတွေအတွက်တော့ နားလည်ရခက်နေသေးတယ်ဆိုတာလည်း လက်ခံပါတယ်။

ခြိုးခြံချွေတာခြင်းဆိုတာ ကိုယ့်ရဲ့ငွေကြေးဥစ္စာခနေနဲ့ အချိန်ဆိုတဲ့ ပိုင်ဆိုင်တဲ့ အင်အားတွေကို အလဟဿမဖြုန်းတီးဘဲ သူ့နေရာနဲ့သူ အကျိုးရှိရှိသုံးစွဲခြင်းလို့ပဲ မှတ်ယူပါ့မယ်။ မလိုအပ်တဲ့ နေရာမှာတော့ မသုံးဘူးပေ့ါ။ အကူအညီလိုသူတွေအတွက်၊ ကိုယ့်လက်အောက်က သူတွေအတွက်ဆိုရင်တော့ လောကဝတ်အရ လူမှုရေးအရ ကပ်စေးမနည်းဘဲ မနှမြောမတွန့်တိုဘဲ သုံးဖို့လိုအပ်ရင် သုံးတဲ့သဘောဆောင်ပါတယ်။ တရားသဘောအရဆိုရင် ရှောင့်ရဲတင်းတိမ်ခြင်း၊ သည်းခံခြင်း၊ မာန်မာနမရှိခြင်း စတဲ့မင်္ဂလာတရားတွေနဲ့လည်း ဆက်စပ်နေပါတယ်။

စီမံခန့်ခွဲမှုသဘောတရားမှာလည်း မိမိမှာရှိတဲ့သွင်းအားစုကို အနည်းဆုံးအင်အား (Least Input) နဲ့ အကောင်းဆုံးရလဒ် (Best Output) ရအောင် လုပ်နိုင်တဲ့သူ/ အဖွဲ့အစည်းသည်သာ Efficient အကျိုးများပြီး ခရီးရောက်တယ်လို့ သတ်မှတ်ခြင်းခံရပါတယ်။ ဒါကြောင့် ယခုလို အရာရာချို့တဲ့အားနည်းနေတဲ့ ခေတ်ကာလ အခြေအနေတစ်ခုမှာ ကိုယ့်ရဲ့ အင်အားကို အကောင်းဆုံးအသုံးချပြီး ခြိုးခြံချွေတာတတ်ခြင်းဆိုတဲ့အသိနဲ့ အောင်မြင်မှုကို ရယူနိုင်ခြင်းကို ရှိသင့်ရှိထိုက်တဲ့ အရည်အချင်းတစ်ရပ်အဖြစ် သဘောထားလာကြပြီဆိုတာကို မျှဝေပေးလိုက်ရပါတယ်။

**အသုံးနဲ့အဖြုန်းကို စိစစ်နိုင်မှ အကြွေးသံသရာကလွတ်နိုင်မှာ**

ခြိုးခြံချွေတာခြင်းကို တစ်ဦးချင်းကအစ အားလုံးလိုက်ပါနိုင်မှသာ ထိရောက်ပါတယ်။ အကျပ်အတည်းကာလမှာ အစိုးရတွေအနေနဲ့ ဘတ်ဂျက်အသုံးစရိတ်ကို အဂတိကင်းကင်းနဲ့ ခြိုးခြံစိစစ်ရသလို နိုင်ငံသားတွေကလည်း ဟန်ချက်ညီညီနဲ့ မိမိရဲ့အသုံးနဲ့ အဖြုန်းကို စိစစ်သုံးစွဲနိုင်မယ်ဆိုရင် အစိုးရကို များစွာကူညီရာရောက်ပါမယ်။

**ခြိုးခြံချွေတာတတ်မယ်ဆို ချွေတာနိုင်တဲ့နေရာတွေ များစွာရှိပါတယ်။ ရှေးဦးစွာ လောလောဆယ်ရင်ဆိုင်နေရတဲ့ ကျန်းမာရေးပြဿနာ**တွေကိုပဲကြည့်ပါ။ ရောဂါတော်တော်များများမှာ ကြိုတင်ကာကွယ်နိုင်တဲ့ရောဂါက အများစုဆိုပေမယ့် ဒီလိုရောဂါတွေကြောင့်ပဲ ကိုယ်နေထိုင်မကောင်းဖြစ်တဲ့အခါ ကျွန်တော်တို့အိတ်ကပ်ထဲကငွေကို ကိုယ့်ကျန်းမာရေးအတွက်စိုက်ထုတ်သုံးစွဲနေရခြင်းဟာ အားလုံးကြုံတွေ့နေရတဲ့ ပြဿနာ တစ်ခုမဟုတ်ပါလား...။

ကျန်းမာရေးနဲ့အညီ နေထိုင်စားသောက်တတ်ပြီး မဖြစ်သင့်တဲ့ ရောဂါမဖြစ်အောင် ကာကွယ်နိုင်မှသာ သက်ရှည်ကျန်းမာပြီး ကျန်လိုအပ်တဲ့နေရာတွေမှာ ပိုနေတဲ့ငွေကို အကျိုးရှိရှိ သုံးစွဲသွားနိုင်မှာဖြစ်ပါတယ်။ အရေးကြီးတဲ့ စားရေးသောက်ရေးမှာ တန်ဖိုးနည်းနည်းနဲ့ ကျန်းမာရေးနဲ့ညီညွတ်ပြီး ကစီဓာတ် ၊ အသားဓာတ်၊ အရွက်၊ ဥအမျိုးမျိုး စသဖြင့် အာဟာရပြည့်တဲ့ အမယ်စုံကို ရွေးချယ်စားသောက်တတ်တဲ့ အလေ့အကျင့်ရှိဖို့ လိုပါတယ်။ ကိုယ်တိုင်စိုက်ပျိုးမွေးမြူနိုင်ရင်တော့ ကျန်းမာရေးနဲ့လည်းညီ ဘေးလည်းကင်းပြီး ဈေးဖိုးလည်း ကာမိနိုင်တာပေ့ါ။ ပစ္စည်းတစ်ခုခု ဝယ်မယ်ဆိုရင်လည်း မဝယ်ခင်မှာ ဒီပစ္စည်းရဲ့ ရေရှည်အသုံးခံမှု အသုံးတည့်မှုနဲ့တကွ ငွေရဲ့တန်ဖိုးကိုနားလည်ပြီး စိစိစစ်စစ် သုံးစွဲတတ်တဲ့အကျင့်ရှိခြင်းသည်သာလျှင် ငွေကိုစနစ်တကျ စီမံခန့်ခွဲနိုင်ခြင်းဖြစ်ပါတယ်။ မလိုတဲ့အသုံးကိုသေချာစိစစ်မှသာ ဖြုန်းတီးရာမရောက်ဘဲ အကြွေးသံသရာက လွတ်နိုင်မှာဖြစ်ပါတယ်။

**စစ်ပြီးခေတ် အင်္ဂလန်ပြည်သူများရဲ့**
**ခြိုးခြံချွေတာခဲ့ရမှုအတွေ့အကြုံ**

ဒီနေရာမှာ ဒုတိယကမ္ဘာစစ်ပြီးခေတ် နေမဝင်အင်ပါယာချုပ်ငြိမ်း **သွားပြီး စစ်ဒဏ်အလူးအလဲခံလိုက်ရတဲ့ အင်္ဂလန်နိုင်ငံနဲ့ ဆူနာမီဘေး ကြုံတွေ့ခဲ့ရတဲ့ ဂျပန်နိုင်ငံတို့ရဲ့ ပြန်လည်ရုန်းထခဲ့ကြတဲ့ သင်ခန်းစာတွေကို နမူနာပေးချင်ပါတယ်။ ကျွန်းနိုင်ငံဖြစ်လို့ ကိုလိုနီနိုင်ငံတွေဆီက တင်သွင်းကုန်တွေပဲ အားထားရတဲ့ အင်္ဂလန်နိုင်ငံရဲ့ ပြည်သူတွေဟာ စစ်ကြီးဒဏ်ကို ပြင်းပြင်းထန်ထန် ခံစားလိုက်ကြရပေမယ့် သူတို့ဘာကြောင့် ရုန်းထွက်နိုင်ကြပြီး ဘယ်လိုပြန်လည်ရှင်သန်လာခဲ့ကြပါသလဲ...။ အပြင်းအထန်ဖုံးကြဲခံရတဲ့ စစ်ဒဏ်ခံအင်္ဂလန်နိုင်ငံရဲ့ GDP ဟာ ထိုးကျပြီး အလုပ်လက်မဲ့အမြင့်ဆုံး၊ ကုန်သွယ်မှုအနိမ့်ဆုံးနဲ့ ပြည်သူတွေရဲ့ စီးပွားလူမှုဘဝဟာ တော်တော်ဆိုးဆိုးရွားရွား ချွတ်ခြုံကျခဲ့ကြရတယ်ဆိုတာ နေမဝင်အင်ပါယာတစ်ခုရဲ့ ပြည်သူတွေအတွက်တော့ အိပ်မက်တစ်ခုပါပဲ။**

တိုင်းပြည်ရဲ့လုပ်သားအင်အားစုဖြစ်တဲ့ လူငယ်တွေဟာ စစ်ထဲပါသွားလို့ ကုန်ထုတ်စွမ်းအားအရင်းအမြစ်များစွာ ပြတ်တောက်ကုန်တဲ့ အထိ ဖြစ်ခဲ့ရတယ်။ ဒီနေရာမှာ စစ်ပြီးခေတ်အင်္ဂလန်နိုင်ငံကို အုပ်ချုပ်ခွင့်ရခဲ့တဲ့ လေဘာပါတီရဲ့ ဦးဆောင်နိုင်စွမ်းဟာ အရေးပါခဲ့တယ်လို့ ဆိုရပါလိမ့်မယ်။ လေဘာပါတီအစိုးရဟာ တိုင်းပြည်ရဲ့အရေးပါတဲ့ သယ်ယူပို့ဆောင်ရေးနဲ့ စက်မှုလုပ်ငန်းကြီးတွေကို နိုင်ငံပိုင်သိမ်းခဲ့ပြီး အခမဲ့အမျိုးသားကျန်းမာရေးစနစ်ကို ထူထောင်ပေးခဲ့တယ်။ အစိုးရရဲ့ ထိုအစီအစဉ်တွေဟာ ထင်ရာရမ်းသန်းလုပ်တဲ့ အစီအစဉ်တွေအဖြစ် ဝေဖန်ခံခဲ့ရပြီး လူကြိုက်မများတဲ့ လုပ်ငန်းတွေအဖြစ်နဲ့တောင် စွပ်စွဲခံခဲ့ရပါသေးတယ်။

အစားအစာနဲ့ကုန်ပစ္စည်းတွေဟာ ရှားပါးလွန်းလို့ စစ်အတွင်းနဲ့စစ်ပြီးခေတ်တစ်လျှောက်လုံး အစားအစာ၊ အဝတ်အထည်နဲ့ လောင်စာဆီကို ရာရှင်(ခွဲတမ်း)စနစ်နဲ့သာ ဝေခြမ်းပေးခံရတဲ့အဖြစ်ဟာ နေမဝင်အင်ပါယာက ပြည်သူတွေအတွက်တော့ အတော် ခါးသီးကြမှာပါပဲ။

*စာမျက်နှာ ၇ သို့*

◆ *ကျောဖုံးမှ*

လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရန်နှင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်စေရန်အတွက်လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးတွင် အကျဉ်းကျခံနေကြရသော အကျဉ်းသား/သူ (၁၃၁၆) ဦးတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ "နောက်တစ်ကြိမ်ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ်လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

● *ကျောဖုံးမှ*

ဆူပူဆန္ဒပြမှုများတွင်ပါဝင်ခဲ့သဖြင့် အရေးယူခံရပြီး နိုင်ငံတော်အတွင်း တရားရုံးအသီးသီးတွင် တရားစွဲဆိုခြင်းခံနေရသူများအား လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရန်နှင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်စေရန်အတွက်လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌသည် တရားစွဲဆိုခြင်းခံနေရသူ (၄၃၂၀)ဦးတို့၏ ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်း၍ တရားခံများအား အမှုမှလွှတ်ရန် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

▼ *ကျောဖုံးမှ*

အင်းစိန်ဗဟို အကျဉ်းထောင်ဝင်းအတွင်းရှိ မိုးလုံလေလုံ အားကစားရုံခန်းမ၌ ဆောင်ရွက်သည်။

အဆိုပါ အစီအစဉ်သို့ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဗိုလ်မှူးကြီး ဝင်းတင့်၊ ကောင်စီအတွင်းရေးမှူး ဦးစိုးစိုးဇော်၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၊ အကျဉ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး၊ တာဝန်ရှိသူများနှင့် ပြစ်ဒဏ် လွတ်ငြိမ်းသက်သာခွင့်ရရှိကြသည့် အကျဉ်းသား အကျဉ်းသူများ တက်ရောက်ကြပြီး ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်မှူးကြီးဝင်းတင့်နှင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် မျိုးမင်းထိုက်တို့က ဆုံးမဩဝါဒစကား ပြောကြားကြသည်။

ဆက်လက်၍ လွတ်မြောက်သည့် အကျဉ်းသား အကျဉ်းသူများကို သက်ဆိုင်ရာမြို့နယ်အလိုက် YBS မော်တော်ယာဉ်များဖြင့် လိုက်လံပို့ဆောင်ပေးသည်။



အင်းစိန်အကျဉ်းထောင်မှ ယနေ့ညနေပိုင်းတွင် ပြန်လည်လွတ်မြောက်လာသူများကို တွေ့ရစဉ်။

ယနေ့တွင် အင်းစိန်ဗဟို အကျဉ်းထောင်မှ လွတ်ငြိမ်းသက်သာခွင့်ရရှိသည့် အကျဉ်းသား/ အကျဉ်းသူ ၆၄၇ ဦးအနက် အကျဉ်းသား ၉၉ ဦး ၊ အကျဉ်းသူ ၅၁ ဦး စုစုပေါင်း ၁၅၀ ကို ယနေ့ ညနေပိုင်းတွင် လွှတ်ပေးခဲ့ပြီး ကျန် ၄၉၇ ဦးအား အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းတွင် ဆက်လက်လွှတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ညိမ်းသူ (သတင်းစဉ်)၊
ဓာတ်ပုံ - ကနူး

## သိန္နီမြို့၌ အသက် ၁၂နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံ

**သိန္နီ အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ် သိန္နီမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းတွင် အသက်(၁၂)နှစ်နှင့် အထက်ရှိ အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူ ၄၁၆ဦးတို့အား အောက်တိုဘာ ၁၇ရက်နှင့် ၁၈ရက်တို့တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေလင်းထွန်း၊ သိန္နီတပ်နယ်မှ ဗိုလ်မှူးမင်းမင်းသိန်း၊ ခေတ္တကျောင်းအုပ်ကြီး ဗိုလ်ကြီး ကျော်စွာမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အားပေးကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

ချစ်လှ

*စာမျက်နှာ ၆ မှ*

ဒီရာရှင်စနစ်ဟာ ဘယ်အထိ တာသွားသလဲဆိုရင် အင်္ဂလန်ပြည်သူတွေဟာ အစားအစာ၊ အဝတ်အထည်၊ လောင်စာတွေကို အကန့်အသတ်နဲ့သာ သုံးစွဲတတ်ကြပါတော့တယ်။ ယခင်ကချမ်းသာတဲ့ အင်္ဂလိပ်တွေဟာ မသေချာမရေရာတဲ့ ဘဝမှာ ခြိုးခြံချွေတာသုံးစွဲတတ်လာကြတယ်။

မလိုအပ်ရင် မဝယ်တော့တဲ့အဆင့်ရောက်သွားတယ်၊ မာနရှိခဲ့သူတွေဖြစ်ပေမယ့် ဒုက္ခဆင်းရဲခြင်းအောက်မှာ မရှိအတူ ရှိအတူ မျှဝေခံစား ဝေခြမ်းစားသောက်နေထိုင်တတ်လာကြတယ်။ အချင်းချင်း ကူညီရိုင်းပင်း ပူးပေါင်းဆောင်ရွက်တတ်လာကြတယ်။ စစ်ဒဏ်ခံပြည်သူတွေဟာ ဗုံးဒဏ်ခံ အမိုးအကာတွေဆောက်ရာမှာလည်း အချင်းချင်း ကူညီစောင့်ရှောက်ရိုင်းပင်းခဲ့ကြတယ်။

**ရာရှင်စနစ်ကပေးလိုက်တဲ့ ပြောင်းလဲလာတဲ့ အင်္ဂလန်နိုင်ငံသားတွေရဲ့ ခံယူချက်တွေပါ။ ဒီခံယူချက်ကောင်းတွေကပဲ ပြာပုံထဲက အင်္ဂလန်နိုင်ငံကြီးကို ယနေ့မြင်ရတဲ့ ဖွံ့ဖြိုးတိုးတက်တဲ့ အခြေအနေအထိ ပြန်ရောက်သွားစေတယ်။ ရာရှင်စနစ်ကနေ အလူးအလဲရုန်းကန်နေရတဲ့ပြည်သူတွေဟာ နောက်ဆုံးတော့ သူတို့ရဲ့ တက်ညီလက်ညီ ကြိုးစားမှုကြောင့်ပဲ ၁၉၅၄ ခုနှစ်အရောက်မှာ ရာရှင်စနစ်ကို ကွန်ဆာဗေးတစ်အစိုးရက အပြီးတိုင် ပြန်လည်ရုပ်သိမ်းပေးလိုက်နိုင်တာဟာ အင်္ဂလန်ပြည်သူတွေရဲ့စစ်ပြီးခေတ် အောင်ပွဲတစ်ခုအဖြစ် သင်ခန်းစာယူနိုင်ပါလိမ့်မယ်။**

**ဂျပန်ပြည်သူတွေအတွက် ဆူနာမီကပေးခဲ့တဲ့ အရှုံးထဲကအမြတ်**

နောက်ဥပမာတစ်ခုက ဂျပန်နိုင်ငံပြည်သူတွေ ခါးသီးစွာ ကြုံတွေ့ခံစားခဲ့ရတဲ့ ၂၀၁၁ ခုနှစ် မတ်လမှာ ရုတ်တရက် ဖြစ်ပွားခဲ့တဲ့ ဆူနာမီလှိုင်းနဲ့ မြေငလျင်ဒဏ်ပါပဲ။ ဂျပန်နိုင်ငံဟာ လူကြောင့်ဖြစ်ရတဲ့အဏုမြူဗုံးဒဏ်အပြင် သဘာဝဘေးကြောင့်ဖြစ်ရတဲ့ ငလျင်ဒဏ်နဲ့ လေပြင်းမုန်တိုင်းဒဏ်တွေကို မကြာခဏဆိုသလို အလူးအလဲရင်ဆိုင်ရတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။

ဆူနာမီဆိုတာ ကြိုတင်ခန့်မှန်းရ အလွန်ခက်တဲ့အတွက် ဂျပန်နိုင်ငံမှာဖြစ်ခဲ့တဲ့ ဘယ်ငလျင်နဲ့မှ နှိုင်းယှဉ်လို့မရပါဘူး။ ဆူနာမီကြောင့် ပြင်းထန်ဆိုးရွားတဲ့ လူသားဆိုင်ရာ ပဋိပက္ခကြီးဖြစ်ခဲ့ရပြီး စီးပွားရေးအပေါ် ထိခိုက်မှုကလည်း ကြီးမားလွန်းခဲ့တယ်။ အစားအစာ၊ သောက်သုံးရေနဲ့ အမိုးအကာ၊ လောင်စာနဲ့ဆေးဝါးတွေ ပြတ်လပ်ကုန်ပြီး ဒုက္ခသည် သုံးသိန်းခန့်နဲ့ လူပေါင်း ၁ သိန်း ၆ သောင်းလောက်သေဆုံးခဲ့ကြတယ်။

ဒါပေမယ့် ဂျပန်ပြည်သူတွေဟာ ဒုက္ခလှိုင်းတံပိုးတွေအောက်မှာ ဒူပေနာပေခံနိုင်တဲ့ သူတွေဖြစ်တဲ့အတွက် သူတို့ရဲ့ မှင်တက်မှုက ခဏတာပါပဲ။ အပြောင်းအလဲတွေနဲ့အတူ ပြန်လည်နိုးထရုန်းထွက်နိုင်ခဲ့တယ်လို့ဆိုရပါမယ်။ အထူးသဖြင့် လူထုအလွှာရဲ့ အောက်ခြေလူတန်းစားအဆင့်နဲ့ လူငယ်မျိုးဆက်တွေဆီကနေ စတင်ပြောင်းလဲခြင်းပါပဲ။

ဘယ်လိုပြောင်းလဲမှုပါလဲ... သူတို့ကိုယ်တိုင်ရဲ့ မသေချာမရေရာတဲ့ အခြေအနေတစ်ရပ်အပေါ် အရှုံးမပေးဘဲရင်သန်ရပ်တည်နိုင်ဖို့ အမြဲကြိုးစားပြင်ဆင်နေရမယ်ဆိုတဲ့ အသိနဲ့ အစိုးရနဲ့တကွ အကူအညီလိုနေတဲ့မည်သူကိုမဆို အကူအညီပေးနိုင်ဖို့ ငါတို့မှာ တာဝန်ရှိလာနေတယ်ဆိုတဲ့ ခံယူချက်ဖြစ်ပါတယ်။

သဘာဝဘေးဒဏ်ကြီးမဖြစ်ခင်က လူငယ်တွေဟာ မိမိကိုယ်မိမိတိုးတက်ဖို့အတွက်သာ ပြင်းထန်တဲ့ပြိုင်ဆိုင်လိုစိတ်တွေ အမြဲရှိခဲ့ပေမယ့် ဆူနာမီအပြီးမှာတော့ ကိုယ့်အတွက်ထက် တခြားသူအတွက်ကို ကူညီပေးနိုင်ဖို့ စဉ်းစားလာကြပါတယ်။ မိမိငွေကို ခြိုးခြံချွေတာ၊ လောင်စာနဲ့ စွမ်းအင်ကိုလည်း ခြိုးခြံပြီး ရောင့်ရဲနေထိုင်တတ်လာသလို အချိန်ကိုလည်း ကပ်စေးနည်းလာတတ်ကြတယ်။ ရတဲ့အချိန်လေးမှာ ဖိအားတွေလျှော့ပြီး ပျော်ပျော်နေတတ်လာကြတယ်။ ပိုက်ဆံကို ကိုယ့်အတွက်ချည်းပဲ မစဉ်းစားတော့ဘဲ ပရဟိတစိတ်နဲ့ အများအတွက် အလှူဒါနအလုပ်တွေကို ဦးစားပေးတတ်လာကြတယ်။



ဆူနာမီကပေးတဲ့ သင်ခန်းစာနဲ့အတူ နောက်ပိုင်းမှာဖြစ်ခဲ့တဲ့ ဘေးဒဏ်တွေမှာတော့ အရေးပေါ်တစ်ခုခုဖြစ်ရင် Panic Buying အလန့်တကြား ဈေးဝယ်ကြတာမျိုး မရှိကြတော့ဘဲ စည်းကမ်းရှိရှိနဲ့ အချင်းချင်း စာနာရိုင်းပင်းတတ်လာကြတာမျိုးလည်း တွေ့လာရပါတယ်။ ဂျပန်လူမျိုးတွေဟာ အကြီးအကျယ်ဒုက္ခတွေ့ဖူးမှပဲ အချင်းချင်း စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင်ဖြစ်သွားကြတဲ့ ခံစားမှုနဲ့တကွ ဘယ်အချိန်မှ ဘာမှမမြဲဘူးဆိုတဲ့ အသိတရားကပေးတဲ့ အမူအကျင့် ပြောင်းလဲမှုမျိုးဟာ ဆူနာမီကရလိုက်တဲ့ အရှုံးထဲကအမြတ်တစ်ခုပါပဲ။

အထက်ပါ ဥပမာတွေအရ မမျှော်လင့်ထားတဲ့အခြေအနေတွေ၊ မရေရာမသေချာတဲ့ အနေအထားတွေကို ကျွန်တော်တို့ဟာ ကြိုတင်မျှော်တွေးထားရပါမယ်။ ကြုံလာမယ့် အခြေအနေကို ရင်ဆိုင်နိုင်ဖို့ ကြိုတင်ပြင်ဆင်ထားရမယ့်အရာဟာ အသုံးနဲ့အဖြုန်းကို စိစစ်ခြိုးခြံချွေတာတတ်ဖို့နဲ့ ရောင့်ရဲတင်းတိမ်နိုင်ဖို့ပါပဲ။ ယခုအချိန်မှာ ကျွန်တော်တို့အားလုံးအတွက် ဆင်းရဲတွင်းနက်ကြီးကို မကျရောက်စေဖို့ အဆိုးထဲကအကောင်းရှာပြီး မိမိကိုယ်မိမိ စောင့်ရှောက်ကာကွယ်ဖန်တီးယူနိုင်တဲ့ အခွင့်အလမ်းတွေနဲ့အတူ အင်အားတွေမွေးထားစေချင်ပါတယ်။ သို့မှသာ မိမိတို့တစ်ဦးချင်းအပေါ် ကျရောက်လာနိုင်တဲ့ ဖိအားမျိုးစုံကို ရင်ဆိုင်ကျော်လွှားနိုင်မှာဖြစ်ပြီး ကိုယ့်ရဲ့မိသားစု၊ မိမိရဲ့ပတ်ဝန်းကျင်နဲ့ လူ့အဖွဲ့အစည်းကိုလည်း များစွာကူညီ စောင့်ရှောက်ရာရောက်မှာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

# အာဆီယံ ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းစဉ်များတွင် များစွာအထောက်အကူပြုသည့်အတွက် အဖွဲ့ဝင်နိုင်ငံအားလုံးပါဝင်ပြီး လိုအပ်သည့် နည်းပညာများကို အာဆီယံ ကနဦးပေါင်းစည်းရေးအစီအစဉ်အောက်မှ ပံ့ပိုးပေးရန်ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၈**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး သည်ယနေ့နံနက်၈ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် အကြိမ် (၂၀) မြောက် အာဆီယံစီးပွား ရေးအသိုက်အဝန်းကောင်စီ အစည်းအဝေးသို့ နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးရုံးမှ တက်ရောက်သည်။

### ပါဝင်တက်ရောက်

အစည်းအဝေးတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ဝန်ကြီးချုပ်ရုံးဝန်ကြီးနှင့် ဘဏ္ဍာရေးနှင့်စီးပွားရေး ဝန်ကြီးဌာန ဝန်ကြီး H.E. Dato Dr. Amin Liew Abdullah က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီ ဝန်ကြီး များ၊ အာဆီယံ ဒစ်ဂျစ်တယ်ဆိုင်ရာဝန်ကြီးများ၊ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများ၊ အာဆီယံ အတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက် ရောက်ခဲ့ကြသည်။

### အတည်ပြု

အစည်းအဝေး ပထမပိုင်းတွင် အာဆီယံစီးပွား ရေးအသိုက်အဝန်းကောင်စီ ဝန်ကြီးများနှင့် အာဆီယံ ဒစ်ဂျစ်တယ်ဆိုင်ရာဝန်ကြီးများ၏ မျက်နှာစုံညီ တွေ့ဆုံပွဲကိုပြုလုပ်ခဲ့ပြီး အာဆီယံ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်များ၏ ဆက်လက် ဆောင်ရွက်ရန် ကိစ္စရပ်များအတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များအကြား ပိုမို ပေါင်းစည်းဆောင်ရွက်ရေး ယန္တရားအပေါ် အမြင် ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ ဝန်ကြီးများက ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် ကျင်းပမည့် (၃၈) ကြိမ်မြောက်နှင့် (၃၉) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးသို့ တင်ပြမည့် အာဆီယံ ဒစ်ဂျစ်တယ်ပြောင်းလဲမှု အဆင့်မြှင့်တင်ခြင်းဆိုင်ရာ အာဆီယံခေါင်းဆောင်များ၏ ကြေညာချက် (Leaders' Statement on Advancing Digital Transformation in ASEAN) ကို အတည်ပြုခဲ့သည်။

ထို့နောက် အကြိမ် (၂၀) မြောက် အာဆီယံစီးပွား ရေးအသိုက်အဝန်းကောင်စီ အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ရာ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင် နေစဉ်အတွင်း ဦးစားပေးဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းများ၏ ဖြစ်ပေါ်တိုးတက်မှု အခြေ အနေများကို မှတ်တမ်းတင်ခဲ့ပြီး အာဆီယံစီးပွားရေး အသိုက်အဝန်း ပုံစံ ၂၀၂၅ ကာလလယ်သုံးသပ်ချက် အစီရင်ခံစာ၏ ဆက်လက်ဆောင်ရွက်ရန်ကိစ္စရပ်များ နှင့် ၂၀၂၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်ရေးဆွဲရေး လုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ အစည်း အဝေးတွင် ဝန်ကြီးများက (၃၈) ကြိမ်မြောက်နှင့် (၃၉) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ကြေညာချက်တွင်ပါဝင်မည့် အာဆီယံ စီးပွားရေး အသိုက်အဝန်းနှင့်စပ်လျဉ်းသည့် အချက်အလက်များ၊ အာဆီယံ စီးပွားရေးအသိုက်အဝန်းကောင်စီမှ ထိပ်သီးအစည်းအဝေးများသို့ တင်ပြမည့်အစီရင်ခံစာ နှင့် ကြေညာချက်များကို အတည်ပြုခဲ့သည်။



ထို့နောက် ကမ္ဘောဒီးယားနိုင်ငံက အာဆီယံအလှည့် ကျ သဘာပတိ တာဝန်ထမ်းဆောင်မည့် ၂၀၂၂ ခုနှစ် အတွင်း ဦးစားပေးဆောင်ရွက်မည့် စီးပွားရေးဆိုင်ရာ လုပ်ငန်းစဉ်များကို တင်ပြခဲ့သည်။

### ကဏ္ဍများအကြား ပူးပေါင်းဆောင်ရွက်

အဆိုပါအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး က အာဆီယံဒစ်ဂျစ်တယ် အသွင်ပြောင်းလဲမှုသည် ကဏ္ဍအားလုံးနှင့်သက်ဆိုင်သည့် လုပ်ငန်းစဉ်ဖြစ်၍ အရင်းအမြစ်အသုံးပြုမှုဖြင့် အကျိုးကျေးဇူးများ မြင့်မားစွာရရှိစေရန်အတွက် ကဏ္ဍများအကြား ပူးပေါင်းဆောင်ရွက်ရန်နှင့် လုပ်ငန်းများ အကောင် အထည်ဖော်ရာတွင် ထပ်နေခြင်းမဖြစ်စေရေး ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အာဆီယံ ဒစ်ဂျစ်တယ် အသွင်ပြောင်းလဲမှုသည် ဒေသတွင်း ကိုဗစ်-၁၉ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များ နှင့် အာဆီယံဒစ်ဂျစ်တယ်စီးပွားရေး လုပ်ငန်းစဉ်များ တွင် များစွာအထောက်အကူပြုသည့်အတွက် အဖွဲ့ ဝင်နိုင်ငံအားလုံးပါဝင်ပြီး လိုအပ်သည့် နည်းပညာ များကို အာဆီယံ ကနဦးပေါင်းစည်းရေးအစီအစဉ် အောက်မှ ပံ့ပိုးပေးရန် ဆွေးနွေးပြောကြားသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ် ရေးဝန်ကြီးဌာနမှ အရာရှိကြီးများ ပါဝင်တက်ရောက် သည်။

**သတင်းစဉ်**

# နိုင်ငံတကာနှင့် ထိစပ်နေသော ပြည်နယ်ဖြစ်သည့်အတွက် နိုင်ငံဖြစ်ကျော် ခရီးသွားလုပ်ငန်းများနှင့် နေ့ချင်းပြန်ခရီးစဉ်များ လုပ်ကိုင်နိုင်ရန် ကြိုတင်ပြင်ဆင်ထား

**နေပြည်တော် အောက်တိုဘာ ၁၈**

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ယမန် နေ့နံနက်ပိုင်းက ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်းနှင့် အစိုးရအဖွဲ့ဝင်များ နှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စု ဝန်ကြီးက ရှမ်းပြည်နယ်သည် အိမ်နီးချင်းနိုင်ငံများနှင့် ထိစပ် လျက်ရှိပြီး ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များကိုဆွဲဆောင် နိုင်သော ခရီးစဉ်ဒေသများစွာ တည်ရှိနေပါကြောင်း၊ နိုင်ငံတကာ နှင့် ထိစပ်နေသော ပြည်နယ်ဖြစ် သည့်အတွက် နိုင်ငံဖြတ်ကျော် ခရီးသွားလုပ်ငန်းများနှင့် နေ့ချင်း ပြန်ခရီးစဉ်များ လုပ်ကိုင်နိုင်ရန် အတွက် ကြိုတင်ပြင်ဆင်ထားကြ ရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာန အနေဖြင့် ရှမ်းပြည်နယ် ဟိုတယ် နှင့်ခရီးသွားကဏ္ဍ ရေရှည်ဖွံ့ဖြိုး တိုးတက်ရေးအတွက် နည်းပညာ နှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေး စသောကဏ္ဍများ တွင် ပံ့ပိုးကူညီပေးသွားမည်ဖြစ် ကြောင်း ဆွေးနွေးသည်။

### ဆွေးနွေးပြောကြား

ထို့နောက် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း က မိမိတို့ပြည်နယ်အနေဖြင့် ဒေသခံလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဟိုတယ်နှင့် ခရီးသွားကဏ္ဍကို အလေးထားပါကြောင်း၊ ခရီးစဉ် ဒေသများ လမ်းပန်းဆက်သွယ် ရေး တိုးတက်ကောင်းမွန်လာ အောင် လုပ်ဆောင်နေကြောင်း၊ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဝန်ကြီးဌာနနှင့် ပူးပေါင်း လုပ်ဆောင်သွားမည် ဖြစ်ပါ ကြောင်း ပြန်လည်ဆွေးနွေးပြော ကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးသည် ညောင်ရွှေမြို့ Paradise ဟိုတယ်၌ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်၊ စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ရှမ်းပြည် နယ်တောင်ပိုင်း) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် များ၊ ညောင်ရွှေမြို့ ခရီးစဉ်ဒေသ စီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် ဟိုတယ် လုပ်ငန်းရှင်များနှင့် တွေ့ဆုံ သည်။

တွေ့ဆုံစဉ် ပြည်ထောင်စု ဝန်ကြီးက အင်းလေးကန် ရေရှည် တည်တံ့သာယာလှပရေးအတွက် အင်းလေးကန် ရေပြင်ပေါ်တွင် အမှီသဟဲပြု နေထိုင်လုပ်ကိုင် နေကြသည့် ဟိုတယ်များ၊ ဒေသခံ များအနေဖြင့် အမှိုက်သရိုက်များ စွန့်ပစ်ခြင်းအပြင် ဗေဒါနှင့် ဒိုက် များကိုပါ အမြဲတမ်း ရှင်းလင်းနေ ကြရန် လိုအပ်ပါကြောင်း၊ ဝန်ကြီး ဌာနက ထုတ်ပြန်ထားသော မြန်မာနိုင်ငံ တာဝန်သိခရီးသွား လုပ်ငန်းမူဝါဒ (Myanmar Responsible Tourism Policy) ကိုလေ့လာ လိုက်နာကြရန်နှင့် သဘာဝအရင်းအမြစ်နှင့် ယဉ် ကျေးမှုအမွေအနှစ်များကို ထိန်း သိမ်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

### ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး

ထို့နောက် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်၊ စီးပွားရေးရာ ဝန်ကြီး ဦးခွန်သိန်းမောင်က ရှမ်း ပြည်နယ် ဟိုတယ်နှင့်ခရီးသွား ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကိုဗစ်ကာကွယ်ဆေး ထိုးနှံနေမှု အခြေအနေ၊ အင်းလေးကန် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြော ကြားသည်။

### ပေါင်းစပ်ဖြည့်ဆည်း

ယင်းနောက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီး ဌာန အင်းလေးကန်တာဝန်ခံက အင်းလေးကန် ထိန်းသိမ်းမှုအခြေ အနေများကို ဆက်လက်ရှင်းလင်း ပြောကြားကာ တက်ရောက်လာ ကြသူများက သိရှိလိုသည်များကို မေးမြန်းကြပြီး ပြည်ထောင်စု ဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက် ပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် အင်းလေး ကန် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အတွက် အင်းလေးကန်နှင့် ဆက်စပ်နေသော ဟိုတယ်များ သန့်ရှင်းသာယာလှပရေး လုပ်ငန်း များ ဆောင်ရွက်နိုင်ရန် ညှိနှိုင်း အစည်းအဝေးကို ဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမ၌ ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနတာဝန်ရှိသူများ တက်ရောက် ကြပြီး ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၊ ရှမ်း ပြည်နယ် ညွှန်ကြားရေးမှူးနှင့် အင်းလေးကန်နှင့် ဆက်စပ်နေ သော ဟိုတယ်လုပ်ငန်းရှင်များက Online မှတစ်ဆင့် ပါဝင်တက် ရောက်ကြသည်။

### လည်ပတ်ချင်စရာခရီးစဉ်

အစည်းအဝေးတွင် ပြည် ထောင်စုဝန်ကြီးက အင်းလေး ရေပြင်နှင့် ဆက်စပ်နေသော ဟိုတယ် ၂၇ လုံးမှ လုပ်ငန်းရှင်များ အနေဖြင့်လည်း ရင်းနှီးမြှုပ်နှံမှု များစွာဖြင့် တည်ထောင်လုပ်ကိုင် ဆောင်ရွက်နေရသည်နှင့် အညီ မိမိဟိုတယ် ပတ်ဝန်းကျင် ရှင်းလင်း သာယာလှပစေရေး အတွက် ဟိုတယ်ပတ်ဝန်းကျင်ရှိ ဗေဒါနှင့်ဒိုက်များကို ရှင်းလင်းရန် လိုအပ်ပါကြောင်း၊ သို့မှသာ ဟိုတယ်များ၏ပုံရိပ်မှာ ပီပြင် ထင်ရှားကာ လာရောက်လည်ပတ် ချင်စရာ ခရီးစဉ်အဖြစ် ကြိုးစား ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# နိုင်ငံအတွက် အားထားရသည့် လူငယ်များဖြစ်လာအောင် ပြုစုပျိုးထောင်ကြရန် တိုက်တွန်းမှာကြား

စစ်တွေ အောက်တိုဘာ ၁၈

**ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းတွင် စစ်တွေခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး၊ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ပေါက်တော၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြားနှင့် မြေပုံမြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ (စစ်တွေ) မှ ဇုန်နယ်မှူးနှင့် စစ်တွေသတင်းဌာနခွဲမှ ဝန်ထမ်းများ၊ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)မှ တာဝန်ခံတို့အား တွေ့ဆုံသည်။**

ထို့နောက် ဒုတိယဝန်ကြီးသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်ကိုဝင်းနှင့်အတူ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စစ်တွေခရိုင် ပြည်သူ့စာကြည့်တိုက်၊ ကလေးစာဖတ်ခန်းနှင့် ပြတိုက်ငယ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



မွန်းလွဲပိုင်းတွင် စစ်တွေမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ သွားရောက်ပြီး စက်ပစ္စည်းများဖြင့်ထုတ်လွှင့်နေမှုကို ကြည့်ရှုစစ်ဆေးကာ ဇုန်နယ်မှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံပြီး စက်ပစ္စည်းများ ပျက်စီးမှုမရှိစေရေး၊ ထုတ်လွှင့်မှုပြတ်တောက်ရေး မရှိစေရေးနှင့် စက်ရုံလုံခြုံရေးဆိုင်ရာများအပါအဝင် လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်ရှိ Computer to Plate (CTP)ခန်းနှင့် သတင်းစာပုံနှိပ်စက်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ဝန်ထမ်းများအချင်းချင်း စည်းစည်းလုံးလုံးဖြင့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန်နှင့် စက်ပစ္စည်းများအား စနစ်တကျအသုံးပြုပြီး သတင်းစာအရည်အသွေးကောင်းမွန်ရေးဆောင်ရွက်ရန် မှာကြားကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ယနေ့ နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် မောင်တောခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် မောင်တောခရိုင်နှင့် တောင်ပြိုလက်ဝဲမြို့ရုံးတို့မှ ဝန်ထမ်းများနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မောင်တောခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဦးနှင့် ခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်အတူ မောင်တောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးနေမှုကို လိုက်လံကြည့်ရှုအားပေးပြီး ခရိုင်/ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းသားမိဘများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ ပညာတတ်များဖြစ်အောင် စာပေလေ့လာသင်ယူကြရန်နှင့် နိုင်ငံအတွက် အားထားရသည့် လူငယ်များဖြစ်လာအောင် ပြုစုပျိုးထောင်ကြရန် တိုက်တွန်းမှာကြားခဲ့သည်။

မောင်တောမြို့နယ် အခြေခံပညာကျောင်းများ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရမည့် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၇၂၉၇ ဦးရှိပြီး ပထမအကြိမ်အဖြစ် အောက်တိုဘာ ၁၇ ရက်က စတင်ထိုးနှံပေးခဲ့ခြင်းဖြစ်ပြီး ယနေ့ထိ ကာကွယ်ဆေးထိုးနှံပြီးသည့် ကျောင်းသား ကျောင်းသူ ၁၄၀၄ ဦးရှိကြောင်း သိရသည်။

ဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးက ကိုဗစ် - ၁၉ ရောဂါကူးစက်မှု သိသိသာသာ လျော့ကျလာပြီဖြစ်ပြီး ဆူပူအကြမ်းဖက်မှုများကိုလည်း ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဖော်ထုတ်ရှင်းလင်းမှုများကြောင့် မကြာမီ ပုံမှန်အခြေအနေသို့ ရောက်ရှိနိုင်တော့မည်ဖြစ်ရာ မိမိတို့၏ ပြန်ကြားရေးလုပ်ငန်းတာဝန်များကို ပုံမှန်ပြန်လည်ထမ်းဆောင်နိုင်ရေး အဆင်သင့်ပြင်ဆင်ထားကြရန်၊ အကြမ်းဖက်သမားများ၏ မဟုတ်မမှန်သတင်းဖြန့်ဝေပြီး နိုင်ငံတော်ပြိုကွဲအောင် လုပ်ဆောင်နေမှုများကို ပြည်သူလူထု အမှန်အတိုင်းသိမြင်နိုင်အောင် လုပ်ဆောင်ကြရန်၊ အခြေခံပညာကျောင်းများ ပြန်ဖွင့်ချိန်တွင် ရောဂါကူးစက်မှုမရှိစေရန် ကာကွယ်ဆေးထိုးနှံမှုအခြေအနေများနှင့် ပန်းခင်းစီမံချက်များတွင် ပူးပေါင်းဆောင်ရွက်ကြရန်၊ နိုင်ငံတော်မှ စီမံဆောင်ရွက်လျက်ရှိသည့် တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အောင်မြင်အောင် သက်ဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ကြရန်၊ ပါတီနိုင်ငံရေးကင်းပြီး အတွေးအခေါ်မှန်ကန်စွာဖြင့် နိုင်ငံ့ဝန်ထမ်းပီပီ တာဝန်ကျေစွာထမ်းဆောင်ကြရန်၊ အသိပညာဗဟုသုတကြွယ်ဝအောင် စာပေများ လေ့လာမှတ်သားကြရန်၊ ပြည်သူလူထုနှင့် လူငယ်များကို အသိပညာများ ဖြန့်ဝေကြရန် မှာကြားခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)

---

## အနုပညာရှင်များနှင့် လူမှုကွန်ရက်တွင် လူသိများသူများအား အရေးယူခဲ့မှုများကို ပိတ်သိမ်း

နေပြည်တော် အောက်တိုဘာ ၁၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖြည့်ဆည်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်အုပ်စုနှင့် အကြမ်းဖက်တိုက်ခိုက်မှုများတွင်ပါဝင်သူများ၊ လူသတ်၊ လုယက်၊ မီးရှို့မှုနှင့် ပြည်သူပိုင်ပစ္စည်းများ ဖျက်ဆီးမှုများတွင် ပါဝင်သူများမှအပ ဆူပူဆန္ဒပြမှုဖြစ်စဉ်များ၊ နိုင်ငံတော်အား ဆန့်ကျင်လှုံ့ဆော်မှုများတွင် ပါဝင်ခဲ့မှုကြောင့် အရေးယူခံထားရသူများကို ၎င်းတို့အပေါ် အရေးယူထားမှုများအား ဖြေလျှော့ပေးလျက်ရှိသည်။

ယင်းသို့ ဖြေလျှော့ပေးလျက်ရှိရာ ဆူပူဆန္ဒပြစဉ်ကပါဝင်ခြင်း၊ လူမှုကွန်ရက်ကိုအသုံးပြု၍ ဆန့်ကျင်လှုံ့ဆော်မှုများ ပြုလုပ်ခဲ့ခြင်းများကြောင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က အရ အရေးယူခံထားရသော အနုပညာရှင် (၂၄) ဦးနှင့် လူမှုကွန်ရက်တွင် လူသိများသူ (၁၀)ဦးတို့အပေါ် အရေးယူထားသည့်အမှုများကို ဥပဒေနှင့်အညီ ပိတ်သိမ်းကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

သတင်းစဉ်

ရက်စွဲ၊ ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁၈ ရက်။
ပုဒ်မ ၅၀၅-က ဖြင့် အရေးယူထားရှိကြောင်း
ကြေညာခဲ့သည့် အနုပညာရှင်များ

| စဉ် | အမည် |
|---|---|
| ၁ | နွယ်ဒါလီထွန်း |
| ၂ | သက်ထားစုစံ |
| ၃ | ထက်အိမ့် (ခ) ထက်ထက်အိမ့် |
| ၄ | ခင်ဝင့်ဝါ |
| ၅ | ရတနာထွန်း(ခ) ကော်နီ |
| ၆ | ညီထွဋ်ခေါင် |
| ၇ | ထက်အောင်ရှိုင်း |
| ၈ | စည်သူဝင်း |
| ၉ | အိန်ဂျယ်လမုန် |
| ၁၀ | အေးငြိမ်းဆွေ |
| ၁၁ | မေ |
| ၁၂ | ရတနာဗိုလ် |
| ၁၃ | ခြူးစစ်ဟန် |
| ၁၄ | ခေးဆက်သွင် |
| ၁၅ | ထူးပိုင်ဇော် |
| ၁၆ | နန်းခင်သက်ထား |
| ၁၇ | ဆုအိမ့်စံ |
| ၁၈ | ကျော်ရဲထွန်း |
| ၁၉ | ဇင်အောင် |
| ၂၀ | သံသာမိုးသိမ့် |
| ၂၁ | မေမဒီ |
| ၂၂ | သွန်းနေစိုး |
| ၂၃ | ဖြူဖြူကျော်သိန်း |
| ၂၄ | ချမ်းမြေ့မောင်ချို |

ရက်စွဲ၊ ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁၈ ရက်။
ပုဒ်မ ၅၀၅-က ဖြင့် အရေးယူထားရှိကြောင်း
ကြေညာခဲ့သည့် Social Influencer များ

| စဉ် | အမည် |
|---|---|
| ၁ | ထက်ရှိုင်းအောင် |
| ၂ | ဖြိုးဖြိုးအောင် |
| ၃ | ဖြိုးအောင် |
| ၄ | စံလင်း |
| ၅ | ပြည့်ဝထွန်း |
| ၆ | ကောင်းဆက်နိုင် |
| ၇ | ဒေါက်တာ မြဝတ်ရည် |
| ၈ | ရွှေဝတ်မှုံ |
| ၉ | ပေါက်စီ |
| ၁၀ | ဟိန်းမင်း |

---

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၈**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၁၇ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့ မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ် ရန်လုံကျိုင်းတံတားမှ အမျိုးသား ရှစ်ဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ၁၁ ဦး တို့ကို လက်ခံခဲ့သည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

## မုတ်သုံလေ အားနည်းနေ

**နေပြည်တော် အောက်တိုဘာ ၁၈**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။ **မိုး/ဇလ**

# ရေကြည်ထွက်အောင် တူးကြပါ

ကို(စစ်တက္ကသိုလ်)

ဤဆောင်းပါးကို စာတတ်-စာဖတ်-စာဖတ်တတ်-စာတော်-စာမပြတ်ဟူသော ကျောရိုးအတိုင်း တင်ပြသွားပါမည်။

ယခုခေတ်တွင် စာမတတ်သူဦးရေ အလွန်နည်းပါးသွားပါပြီ။ "အ"သုံးလုံးကျေးဇူးကြောင့် ယခင်စာမတတ်သူများသည် ယခုရေးတတ်၊ ဖတ်တတ်လာကြသည်။ စာရေးသူပြောချင်သော **စာတတ်** ဆိုသည်မှာ ပညာတတ်ကြီး မဖြစ်ချင်နေပါစေ။ အနည်းဆုံး စာကိုဖြောင့်ဖြောင့်တန်းတန်း ဖတ်နိုင်နားလည်နိုင်သော အဆင့်ကို ဆိုလိုပါသည်။ စာအုပ်တစ်အုပ်ကို ဖတ်နိုင်စွမ်းရှိသော အဆင့်ကို ဆိုလိုပါသည်။ ဒီလိုစာတတ်သူတွေ ပေါပေါများများရှိရန် လိုအပ်ပါသည်။ တစ်နိုင်ငံလုံး စာတတ်ကြလျှင် အကောင်းဆုံးပါပေ။

ကောင်းပါပြီ။ စာတတ်သူတွေ အများအပြား ရှိနေပါပြီတဲ့။ ထိုအထဲမှ ဘယ်နှယောက် စာဖတ်ကြပါသနည်း။ စာရေးသူပြောချင်သော **စာဖတ်** ဆိုသည်မှာ လုပ်ငန်းဆိုင်ရာစာ၊ ကျောင်းသင်ခန်းစာ စာဖတ်ခြင်းကို မဆိုလိုပါ။ ဗဟုသုတရှာမှီးရန် အလို့ငှာ၊ စိတ်အပန်းဖြေရန် ရသတစ်မျိုးမျိုး ခံစားရန်အလို့ငှာ ပြင်ပစာပေဖတ်ရှုခြင်းကို ဆိုလိုပါသည်။

**စာမဖတ်တော့မသိဘူး**

၂၀၁၇ ခုနှစ် အမျိုးသားစာပေဆုနှင်းသဘင်တွင်တွေ့သော တိုင်းဒေသကြီးအဆင့် တာဝန်ခံရသော ပုဂ္ဂိုလ်တစ်ဦးကို စာရေးသူ၏စာအုပ်လက်ဆောင်ပေးလိုသဖြင့် ပြင်ပစာပေဖတ်ရှုချိန် ရှိ၊ မရှိ ပဋိသန္ဓာရ စကားခံကြည့်ရာ စာမဖတ်ကြောင်း၊ အချိန်မပေးနိုင်ကြောင်း ဖြေလေသည်။ "စာဖတ်လျှင်သိတယ်၊ စာမဖတ်တော့မသိဘူး။ သိခြင်းနှင့် မသိခြင်း အများကြီးကွာသွားတယ်" ဟူသော ဆရာချစ်ဦးညို၏စကားကို သတိရလိုက်သည်။ နောက်ပိုင်းတွင် ထိုပုဂ္ဂိုလ်၏ ပြောစရာလုပ်ရပ်တွေ ကြားသိသောအခါ မအံ့ဩမိပေ။

စာတတ်ပြီဆိုလျှင် နောက်တစ်ဆင့် တက်ရမှာက စာဖတ်ရန်ဖြစ်သည်။ စာဖတ်ခြင်းကြောင့် အသိဉာဏ်ပညာ ပြည့်ဝခြင်း၊ ဗဟုသုတကြွယ်ဝခြင်း၊ စဉ်းစားတွေးခေါ်တတ်ခြင်း၊ ဝေဖန်ပိုင်းခြားတတ်ခြင်း၊ အကောင်းအဆိုး၊ အကျိုးအပြစ်အမှားအမှန်ကို ခွဲခြားသိမြင်လာသဖြင့် ဆုံးဖြတ်ချက်မှန်၊ အလုပ်မှန်လာခြင်း၊ ရသတစ်ပါးပါးကို ခံစားရသောအခါတွင် စိတ်၏ကျေနပ်နှစ်သိမ့်မှုကို ရရှိခြင်းဟူသော အကျိုးကျေးဇူးများကို ရရှိသည်။

ထို့ကြောင့် စာဖတ်ရန် တိုက်တွန်းချင်သည်။ စာဖတ်မှ "ထိပ်" ကိုရောက်မည်။ စာအုပ်ကိုချစ်မှ စာအုပ်က ပြန်ပြီးအကျိုးပြုမည်။ လူသားများ တီထွင်ခဲ့ကြသော ပစ္စည်းများအနက် တန်ဖိုးအရှိဆုံး၊ တန်ခိုးအထက်ဆုံးနှင့် ဩဇာအသက်ရောက်ဆုံး အရာဝတ္ထုသည် စာအုပ်ဖြစ်ကြောင်း ဖတ်မှတ်ဖူးသည်။ "လူခါးတောင်းကျိုက်လျှင် ကူလီပဲဖြစ်မည်။ ဉာဏ်ခါးတောင်းကျိုက်မှ ထိပ်ဆုံးသို့ရောက်မည်"ဟု ဆရာဦးအောင်သင်းက ရေးသားခဲ့သည်။

စာဖတ်၍ ထိပ်ရောက်သူတွေ အများကြီး ရှိသည်။ ဥပမာ သုံးယောက်ပြပါမည်။

**စာဖတ်သောအကျိုး**

**ဝန်ဇင်းမင်းရာဇာ။** ငယ်မည် မောင်ညိုဖြစ်၏။ လယ်သမားဖြစ်၍ ဆင်းရဲသည်။ သူက စာပေ ဖတ်ရှုလေ့လာမှုတွင် ဝါသနာကြီးသည်။ လယ်ထွန်ရင်း စာဖတ်သည်။ လယ်နားချိန် စာဖတ်သည်။ အိမ်မှာနေရင်းလည်းဖတ်သည်။ ယောက္ခမက မကြည်ဖြူချေ။ စာတိုပေစများကို ဖတ်လွန်း၊ မှတ်လွန်းအားကြီးတော့ ရွာနီးချုပ်စပ်မှ "စာတိုညို"ဟု အမည်တွင်သည်။ တစ်နေ့ မိတ္ထီလာရွာသို့ ဘုရင်ကြွလာသည်။ ကန်ပေါင်ပေါ်က နတ်ကွန်းအကြောင်း မေးသည်။ ရွာလူကြီးက မဖြေနိုင်ချေ။ မောင်ညို စာဖတ်၍ သူသိနိုင်ကြောင်း လူကြီးများက လျှောက်တင်သဖြင့် ခေါ်မေးသည်။ "နတ်ကွန်းမဟုတ်ကြောင်း၊ ဘေးလောင်းတော်၊ ဘိုးလောင်းတော် ကြွလာစဉ် မိဖုရားကွယ်လွန်ကြောင်း၊ မိဖုရားကို မြတ်နိုးတော်မူလွန်း၍ ရုပ်တုထုပြီး ကန်ပေါင်မှာမြှုပ်နှံခဲ့ကြောင်း၊ အပေါ်မှာ နတ်ကွန်းသဖွယ် ဆောက်ထားခြင်းသာဖြစ်ကြောင်း" မောင်ညိုက လျှောက်တင်သည်။ ကန်ပေါင်ကို တူးကြည့်တော့ ရုပ်တုတွေ့သည်။ မောင်ညိုကို နန်းတော်ခေါ်သွားပြီး ဝန်ကြီးခန့်သည်။ သမိုင်းတွင် ဝန်ဇင်းမင်းရာဇာဟု ထင်ရှား၏။ စာဖတ်သောအကျိုးကြောင့် တိုင်းပြည်၏ ထိပ်မဟုတ်သည့်တိုင် သူ့ဘဝ၏ ထိပ်ကိုမူရောက်ခဲ့၏။

**ပခုက္ကူဦးအုန်းဖေ။** ငယ်စဉ်က ဆိုးခဲ့မိုက်ခဲ့သည်။ ခားပြဖြစ်သည်။ ထောင်ကျသောအခါ ပခုက္ကူထောင်ထဲတွင်ရှိသော စာကြည့်တိုက်မှ စာအုပ်များ အကုန်ဖတ်သည့်အပြင် သူသဘောကျသော စာကြောင်း စာပုဒ်များကို မှတ်စုကူးယူလာသည်။ စာပေက သူ့အသိဉာဏ်ကို ဖွင့်ပေးလိုက်သည်။ ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက်တော့သည်။ စီးပွားတိုး၍ လူကုံထံ ဖြစ်လာသည်။ စာပေကြောင့် သူ့ဘဝပြောင်းလဲရသည်ဆိုပြီး စာပေကို ကျေးဇူးဆပ်ချင်သည်။ လူငယ်များ အားကျစေချင်၊ စာဖတ်စေချင်သည်။

**ယနေ့ထက်တိုင်အောင်ရှင်သန်**

ထို့ကြောင့် ကျပ် ၇၆ သိန်းကျော် (၁၉၉၂ ခုနှစ်က ငွေတန်ဖိုးပါ) မတည်၍ စာပေပြိုင်ပွဲနှင့် ပညာသင်ဆု ငွေပဒေသာပင် ထူထောင်ခဲ့သည်။ သူကိုယ်တိုင်လည်း စာရေးဆရာဖြစ်သွားသည်။ နိုင်ငံခြားခရီးများပင် သွားခဲ့ရသည်။ သူကွယ်လွန်သော်လည်း သူထူထောင်ခဲ့သော စာပေပြိုင်ပွဲနှင့် ပညာသင်ဆုမှာ ယနေ့ထက်တိုင်အောင် ရှင်သန်နေဆဲဖြစ်သည်။ ဦးလေးအုံးသည် စာဖတ်သောကြောင့် သူ့ဘဝ၏ ထိပ်ကိုရောက်ခဲ့သည်။

**အေဘရာဟင်လင်ကွန်း။** ဆင်းရဲသောမိဘက မွေးဖွားသည်။ တောထဲမှာသစ်လုံးအိမ်ဖြင့် နေရသည်။ ပင်ပင်ပန်းပန်း အလုပ်လုပ်ရသည်။ အတန်းကျောင်းမနေခဲ့ရချေ။ အမေနှင့်မိထွေးက စာသင်ပေးသောကြောင့် စာတတ်သည်။ စာတတ်တော့ စာဖတ်သည်။ ရရာစာအုပ်ငှားဖတ်သည်။ မိုင်ချီဝေးသောနေရာက စာအုပ်ကို ခြေကျင်သွားငှားသည်။ ညရောက်မှ ထပ်ခိုးအိပ်ခန်းတွင် မီးအိမ်ထွန်းဖတ်သည်။ ဖတ်ပြီးတော့ ခြေကျင်ပဲ ပြန်သွားအပ်သည်။ စာဖတ်နာလာတော့ ဥပဒေစာအုပ်များဖတ်သည်။ လေ့လာသည်။ တောရှေ့နေဖြစ်လာသည်။ ရွေးကောက်ပွဲဝင်ရာရှုံး၏။ ထပ်ဝင်ပြန်ရာရှုံးပြန်၏။ နောက်ဆုံးတော့ အရွေးခံရပြီး ဥပဒေပြုအမတ်ဖြစ်လာသည်။ သမ္မတရွေးပွဲဝင်သည်။ အမေရိကန်ပြည်ထောင်စု၏ သမ္မတဖြစ်လာသည်။ လူမည်းများကို ကျွန်ဘဝမှ လွတ်မြောက်စေသူ၊ အမေရိကန်နိုင်ငံကို နှစ်ခြမ်းကွဲမည့်ဘေးမှ ကယ်တင်ပေးသူအဖြစ် သမိုင်းတွင်ထင်ရှားသည်။ စာဖတ်သောကြောင့် နိုင်ငံ၏ထိပ်သို့ ရောက်ခဲ့သော ဥပမာဖြစ်သည်။

> ❖ **စာတတ်ပြီဆိုလျှင် နောက်တစ်ဆင့် တက်ရမှာက စာဖတ်ရန်ဖြစ်သည်။ စာဖတ်ခြင်းကြောင့် အသိဉာဏ်ပညာပြည့်ဝခြင်း၊ ဗဟုသုတကြွယ်ဝခြင်း၊ စဉ်းစားတွေးခေါ်တတ်ခြင်း၊ ဝေဖန်ပိုင်းခြားတတ်ခြင်း၊ အကောင်းအဆိုး၊ အကျိုးအပြစ်အမှားအမှန်ကို ခွဲခြားသိမြင်လာသဖြင့် ဆုံးဖြတ်ချက်မှန်၊ အလုပ်မှန်လာခြင်း၊ ရသတစ်ပါးပါးကို ခံစားရသောအခါတွင် စိတ်၏ကျေနပ်နှစ်သိမ့်မှုကို ရရှိခြင်းဟူသော အကျိုးကျေးဇူးများကိုရရှိသည်**

**စာဖတ်ကြပါဟု တိုက်တွန်းချင်**

ထို့ကြောင့် စာဖတ်ကြပါဟု တိုက်တွန်းချင်သည်။ စာစုံဖတ်စေချင်သည်။ နေ့တိုင်းစာဖတ်ချိန်ပေးစေချင်သည်။ ဘယ်သွားသွား စာတစ်အုပ်ယူသွားပြီး ကားစောင့်ရင်း၊ ရထားစောင့်ရင်း၊ လေယာဉ်ထွက်ချိန်စောင့်ရင်း၊ ကား/ရထား/လေယာဉ်စီးရင်း ဖတ်နိုင်ပါသည်။ ယုတ်စွအဆုံး အိမ်သာတက်ရင်လည်း စာဖတ်နိုင်သည်ပင်။

စာဖတ်၍ ထိပ်ရောက်သည်ကိုရေးပြီးသောအခါ စာမဖတ်၍ ကွဲသည်ကိုလည်းရေးချင်သည်။ မိမိဘာသာနေလျှင် ကိစ္စမရှိ။ စာမဖတ်ဘဲ သူများကို ဆရာသွားလုပ်တော့ အရှက်ကွဲသည်။

လွန်ခဲ့သော ဆယ်နှစ်ကျော်လောက်က ၈၈ ပွင့်လင်းအဖွဲ့ဝင်တစ်ယောက်က "တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမယ်ဆိုတဲ့ ဆောင်ပုဒ်ကိုတော့ ရဲရဲပဲပြောမယ်၊ တစ်မျိုးမထင်ပါနဲ့၊ **အတွေးအခေါ်အရ မှားယွင်းနေတယ်**။ လုံးဝလက်မခံပါဘူး" ဟု ကျောက်ဆည်မြို့တွင် လူသိရှင်ကြား ဟောပြောခဲ့သည်။

သူသာစာဖတ်နာခဲ့လျှင် သို့မဟုတ် နိုင်ငံရေးတက်ကြွလှုပ်ရှားသူဖြစ်၍ စကားမကျွံမီ လေ့လာမေးမြန်းစူးစမ်းလျှင် တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဆိုသည်မှာ ဆောင်ပုဒ် (motto) မဟုတ်ဘဲ သီချင်းစာသားဖြစ်သည်ကိုလည်းကောင်း၊ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဆိုသည်မှာ တပ်မတော်ခေါင်းဆောင်ဗိုလ်ချုပ်အောင်ဆန်း၏ အတွေးအခေါ်ဆိုသည်ကိုလည်းကောင်း၊ ၁၉၄၅ ခုနှစ်က ဗိုလ်ချုပ်၏ ဆန္ဒအရ ဆရာရွှေတိုင်ညွန့်က ရေးဖွဲ့သီကုံးပေးသော သီချင်း ဖြစ်သည်ကိုလည်းကောင်း သိပေလိမ့်မည်။ သိလျှင်ဗိုလ်ချုပ်ကိုတော့ စော်ကားလိမ့်မည်မထင်ပါ။ မသိတော့ ဗိုလ်ချုပ်ကို စော်ကားရာရောက်သည်။ ရှေ့တွင်ရေးခဲ့သော ဆရာချစ်ဦးညိုပြောသည့် "သိခြင်းမသိခြင်း၏ကွာဟချက်"သည် အဲဒါပဲဖြစ်၏။ စာမဖတ်လို့ဖြစ်၏။

၂၀၁၅ ခုနှစ်က အမျိုးသားစာပေဆု စိစစ်ရာတွင် စာရေးဆရာတစ်ယောက်ရေးသော လူငယ်စာပေဆိုင်ရာ စာအုပ်တစ်အုပ်ကို ဖတ်မိသည်။ တစ်နေရာမှာ ..."ယနေ့လူငယ်၊ နောင်ဝယ် လူကြီး" လို့ မည်သူက ထွင်လိုက်မှန်းမသိဘူး။ သစ်ပင်ပေါက်လာရင် အပင်ငယ်လေးကနေ အပင်ကြီးဖြစ်လာတာ သဘာဝပဲ။ ငယ်ရာကနေ ကြီးလာတယ်ဆိုတာ ထုံးစံပဲ။ ဒီနေ့လူငယ်ဆိုတာကလည်း နောင်တစ်ချိန်မှာ လူကြီးဖြစ်လာမှာ ဓမ္မတာပဲ။ ဘာမှမဆန်းတာကို ရေးကြီးခွင်ကျယ်လုပ်ပြီး သုံးနေတယ်...ဆိုသည့်သဘောမျိုးရေးထားသည်။

"ယနေ့လူငယ်၊ နောင်ဝယ်လူကြီး"ဆိုသည်မှာ ဘယ်သူကမှ ထွင်တာမဟုတ်ဘဲ ဂန္ထဝင်ကဗျာဆရာကြီးဇော်ဂျီ၏ "အို-တက်လူတို့" ကဗျာမှ ပါဒနှစ်ခုကို ကောက်နုတ်ထားခြင်းဖြစ်သည်။ အဓိပ္ပာယ်အလွန်လေးနက်ပြီး လူငယ်များကို လွတ်လပ်ရေးအတွက် လမ်းညွှန်ပေးသော ဇာတိမာန်ကဗျာဖြစ်သည်။ ဆရာဇော်ဂျီ၏ ကဗျာကို ၎င်းစာရေးဆရာ မသိသည်မှာ ထင်ရှား၏။ **ဆရာဇော်ဂျီ၏ လူသိများကျော်ကြားသော ကဗျာများအနက် ၎င်းကဗျာသည် တစ်ပုဒ်အပါအဝင်ဖြစ်ပြီး တစ်ချိန်က အထက်တန်းကျောင်းသုံး ကဗျာစာအုပ်တွင် ပြဋ္ဌာန်းခဲ့ဖူးသည်။** ထို့ကြောင့် ၎င်းကဗျာကို ကျောင်းဆရာဖြစ်သော စာရေးဆရာ မသိခြင်းမှာ အံ့ဩဖို့ကောင်း၏။

နောက်တစ်ယောက်လည်း ၈၈ မျိုးဆက်သစ်ပွင့်လင်းကျောင်းသားကြီးပဲ ဖြစ်သည်။ သူက ရန်ကုန်မြို့၌ တပ်မတော်ကို ပုတ်ခတ်ပြောဆိုရာတွင် အချက်အလက်အမှားများ အများကြီးပါသွားခဲ့သည်။ မှားသမျှ ကောက်နုတ်ပြလျှင် နောက်ခံရာဇဝင်ပြန်ရှင်းပြရသည်နှင့် စာရှည်မည်ဆိုး၍ အချက်အချို့ကိုသာ ဆွဲထုတ်ရေးပါမည်။ သူက အောင်ဆန်း-အက်တလီစာချုပ်ကို ဖဆပလအဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် ဦးအောင်ဆန်းက လက်မှတ်ရေးထိုးခဲ့သည်ဟု ပြည်သူတို့ကို ဟောပြောခဲ့သည်မှာ မှားယွင်းနေ၏။ အမှန်မှာ မြန်မာနိုင်ငံဘုရင်ခံ အမှုဆောင်ကောင်စီ ကိုယ်စားလှယ်အဖြစ် လက်မှတ်ထိုးခြင်းဖြစ်သည်။ ပြည်သူ့ရဲဘော်အဖွဲ့ချုပ်ဟာ နိုင်ငံရေးပါတီတစ်ခုပါဟု လွဲမှားစွာ ပြောပြန်သည်။ စင်စစ်ပြည်သူ့ရဲဘော်အဖွဲ့သည် နိုင်ငံရေးပါတီမဟုတ်။ နယ်ချဲ့ဗြိတိသျှက လွတ်လပ်ရေးမပေးလျှင် ပြန်ချရန် တပ်မတော်၏ အရန်အင်အားအဖြစ် ကန္ဒီစာချုပ်အရ တပ်မတော်ထဲ ဆက်ပါခွင့်မရသော စစ်သားဟောင်းများနှင့်ဖွဲ့ထားသည့် စစ်တိုက်ရမည့်အဖွဲ့ဖြစ်ပြီး ဖဆပလလက်အောက်တွင် ထားသည်။ ဗိုလ်ချုပ်အစီအမံသည် ဖဆပလက နိုင်ငံရေးလုပ်မည်။ ပြည်သူ့ရဲဘော်က လျှို့ဝှက်ထားသော လက်နက်များဖြင့် စစ်တိုက်မည်။ တပ်မတော်ကို ကူညီမည်။ နောက်ထပ်ပြောပါသေးသည်။ ဖဆပလဟာ အရပ်သားတွေနဲ့ ဖွဲ့စည်းထားတဲ့ အရပ်သားစစ်စစ် နိုင်ငံရေးပါတီပါတဲ့။ တော်တော့်ကို စာမဖတ်တာဖြစ်သည်။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ဖဆပလတွင် တပ်မတော်၊ ကွန်မြူနစ်ပါတီ၊ ဆိုရှယ်လစ် (ပြည်သူ့အရေးတော်ပုံ)ပါတီဟူသော အဖွဲ့ သုံးဖွဲ့ပါဝင်ပြီး ဖွဲ့စည်းထားသည်။ ဂျပန်ကို တော်လှန်သည်။ နယ်ချဲ့အင်္ဂလိပ်ပြန်ဝင်လာတော့ ကန္ဒီစာချုပ်အရ တပ်မတော်ကို အင်အားလျှော့ပြီး ပြန်လည်ဖွဲ့စည်းလိုက်ရသောကြောင့် ဖဆပလတွင် မရှိတော့သည့် တပ်မတော်နေရာတွင် ဗိုလ်ချုပ်က စစ်သားဟောင်းများဖြင့် ပြည်သူ့ရဲဘော်အဖွဲ့ ဆိုပြီး ထည့်ပေးခြင်းဖြစ်သည်။ နောက်အမှားတစ်ခုသည် ဦးအောင်ဆန်းက သိမ်ဖြူမဲဆန္ဒနယ်မှ ဝင်ပြိုင်သည် ဆိုသော ဟောပြောချက်ဖြစ်၏။ ဗိုလ်ချုပ်အမှန်တကယ် ဝင်ပြိုင်ခဲ့သည့် မဲဆန္ဒနယ်မှာ သိမ်ဖြူမဟုတ်။ လမ်းမတော်မဲဆန္ဒနယ်ဖြစ်သည်။ ထိုသူ၏ အလွဲပြော၊ အမှားပြောချက်များက အန္တရာယ်ကြီးသည်။ ရိုးသားသော၊ မသိနားမလည်သော ပြည်သူများ၏ ဦးနှောက်ထဲကို အဆိပ်ရည်များ ထည့်ပေးလိုက်ခြင်းဖြစ်သည်။ သိနားလည်သော ပြည်သူများ ရှေ့မှောက်တွင်မူ နိုင်ငံရေးတက်ကြွလှုပ်ရှားသူ အမည်ခံပြီး ကိုယ့်နိုင်ငံ၏ လွတ်လပ်ရေးသမိုင်းကြောင်းကို ဂဃနဏ ဖတ်မထားသူ အရှက်ကွဲသည်။ သိက္ခာကျသည်။

စာဖတ်လျှင် ထိပ်သို့တက်လှမ်း၍ စာမဖတ်ပါက အလျဉ်းမသင့်လျှင် သိက္ခာကျအရှက်ကွဲ တတ်ပုံကို သာဓကဆောင်ပြခြင်းဖြစ်သည်။

စာလည်း တတ်ပြီ။

စာလည်း ဖတ်ပြီ။...ဆိုလျှင် ဘာလိုပါသေးသလဲ။

လိုတာပေ့ါ။ "စာဖတ်တတ်"ရန် လိုပါသေးသည်။

ဆရာမကြီး စောမုံညင်းက "ငါးဟင်းစားသလို စာဖတ်ပါ"ဟုပြောခဲ့သည်။ ငါးဟင်းစားလျှင် အရိုးထွင်ပြီး အသားကိုစားသလို စာဖတ်လျှင် မကောင်းသည့်စာကိုဖယ်ပြီး ကောင်းသည့်စာကို ရွေးဖတ်ဖို့ ဆိုလိုသည်။

တစ်ဖန် စာဖတ်ရုံနှင့်မပြီးသေး။ မှတ်ဖို့လည်း လိုပါသေးသည်။ မှတ်ဉာဏ်ကောင်းသူများက ကွန်ပျူတာဦးနှောက်ထဲမှာ သိမ်းဆည်းထားသည်။ တချို့က ကိုယ်အလိုရှိသော စာကြောင်း၊ စာပိုဒ်ကို မှတ်စုထုတ်ကူးယူသည်။ ကိုယ်ပိုင်စာအုပ်ဖြစ်လျှင် အလံထိုး မျဉ်းသားမှတ်၏။ သတင်းစာ၊ ဂျာနယ်များကျတော့ ကိုယ်လိုချင်တာကို cutting ဖြတ်ကာ ဖိုင်တွဲသည်။

**အဆင့်မြင့်သော စာဖတ်သူ**

စာတစ်အုပ်ဖတ်ပြီးလျှင် စာရေးသူက ဘာပေးချင်တာလဲ။ ရည်ရွယ်ချက်က ဘာလဲဆိုသည်ကို မိအောင်ဖမ်းရသည်။ ဖမ်းမိပြီဆိုလျှင် စေတနာလား၊ ဝေဒနာလား ပေါ်လွင်လာသည်။ စာဖတ်သူက စေတနာဖြင့် သုတတွေ၊ ရသတွေပေးနေတာလား။ ဝေဒနာနဲ့ ဖျက်ဆီးနေတာလား။ စာဖတ်သူအကျိုးအတွက် ရေးတာလား။ စာရေးသူနာမည်ရဖို့၊ လူသိဖို့၊ အထင်ကြီးခံဖို့ ရေးတာလား။ တစ်ဦးတစ်ဖွဲ့ကို အဆိုးမြင်စေပြီး ကျန်တစ်ဦးတစ်ဖွဲ့ကို အကောင်းမြင်အောင် ရေးတာလား။ ယုတ္တိယုတ္တာရှိသလား။ မရှိဘူးလား။ ဓမ္မဓိဋ္ဌာန်လား၊ ပုဂ္ဂလဓိဋ္ဌာန်လား။ ရေးသင့်တဲ့အကြောင်းအရာလား။ မရေးသင့်တဲ့အကြောင်းအရာလား စသည်တို့ကို စဉ်းစားရမည်။ ချင့်ချိန်ရမည်။ စာရေးသူရေးသမျှယုံခြင်းသည် အဆင့်နိမ့်သော စာဖတ်သူဖြစ်၍ စဉ်းစားတွေးခေါ်ပြီးမှ လက်သင့်ခံခြင်းသည် အဆင့်မြင့်သော စာဖတ်သူဖြစ်သည်။

စာအဖတ်များလာလျှင် မူကွဲတွေ့လာတတ်သည်။ အချက်အလက်နှစ်မျိုး တွေ့လာတတ်သည်။ ထိုအခါတွင် ဘယ်မူကွဲက မှန်သလဲ၊ ဘယ်စာရေးဆရာရေးတာက ဖြစ်နိုင်သလဲဆိုတာ ဆက်လက်စူးစမ်းရန်၊ စဉ်းစားရန်မှာ စာဖတ်သူ၏ အလုပ်ဖြစ်သည်။ ဥပမာ အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသော အကြောင်းကိုရေးရာတွင် စာအုပ်တစ်အုပ်၌ "(၁) ဗိုလ်ချုပ်ကို လျှို့ဝှက်သက်တော်စောင့်များ ချပေးလိုတဲ့အတွက် စိတ်ချရတဲ့ရဲဘော်တွေပေးပါလို့ ဦးကျော်ငြိမ်းက ဗိုလ်နေဝင်းထံ တောင်းကြောင်း၊ (၂) မောင်းပြန်သေနတ်များကိုင်ဆောင်ထားသော အရပ်ဝတ်အရပ်စားနှင့် စစ်သားများမှာ တပ်ရင်း(၄)မှ ရဲဘော်များဖြစ်ကြောင်း၊ (၃) လုပ်ကြံမှုဖြစ်ပွားသော ဇူလိုင်လ ၁၉ ရက်က သက်တော်စောင့်များမရှိကြဘဲ ပျောက်ကွယ်နေသည်မှာ **ဗိုလ်နေဝင်း၏အစီအစဉ်ဟု ယုံကြည်ရကြောင်း"** တွေ့ရသည်။ သက်တော်စောင့်များ မရှိသည့်လက်သည်မှာ ဗိုလ်နေဝင်းဟု တဲ့တိုးမစွပ်စွဲရုံတစ်မည်ဖြစ်သည်။ ဗိုလ်နေဝင်းဟု ယုံကြည်သည်။ ယုံကြည်တာတောင်မှ မုချယုံကြည်သည်ဟု ဆင်ဝှေ့ရန်ရှောင်ရေးကာ စာဖတ်သူကို လှည့်စားသည်။ အဆင့်နိမ့်သော စာဖတ်သူဖြစ်လျှင် ဦးစောလူများ ဝင်လို့ရအောင် ဗိုလ်နေဝင်းက အစောင့်များကို ရုပ်သိမ်းပေးလိုက်သည်၊ ဟပေးလိုက်သည်ဟု ထင်သွားမည်မှာမလွဲချေ။

နောက်စာအုပ်တစ်အုပ်တွင် ဤအကြောင်းအရာကို ရေးသားရာ၌ "(၁) BOD ခေါ် British Ordinance Dep မှ မောင်းပြန်သေနတ်နှင့် ခဲယမ်းများ လိမ်ထုတ်သွားသောသတင်းကို SB ကရသည်။ ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်း နိုင်ငံခြားခရီးထွက်နေချိန်ဖြစ်၍ လယ်ယာစိုက်ပျိုးရေးဝန်ကြီး ပျော်ဘွယ်ဦးမြက ပြည်ထဲရေးကိုတွဲကိုင်နေသည်။ (၂) ဦးမြက ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်မှာရှိသော သောင်းကျန်းမှုနှိမ်နင်းရေးတပ်–နောင် UMPက တပ်စိတ်တစ်စိတ်ကို တာဝန်ချထားလိုက်သည်။ ဗိုလ်ချုပ်သဘောထားကို သိတဲ့အတွက် ဦးမြနှင့်ဗိုလ်ချုပ်အပါးတော်မြဲတို့က ဗိုလ်ချုပ်ကို အသိမပေးချေ။ (၃) တစ်နေ့ လက်နက်ကိုင်အစောင့်တွေကို ဗိုလ်ချုပ်ကအမှတ်မထင်မြင်၍ အပါးတော်မြဲကိုမေးသည်။ အကျိုးအကြောင်းတင်ပြသည်။ **ဗိုလ်ချုပ်က သူ့ကိုဘယ်သူကမှ ဘာမှ မလုပ်ပါဘူးဆိုပြီး အစောင့်တွေကို ဖယ်ခိုင်းလိုက်သည်။ ဦးမြနှင့် အပါးတော်မြဲတို့က အစောင့်တပ်စိတ်ကို ရုပ်သိမ်းလိုက်ရသည်**"ဟုတွေ့ရသည်။

ဤမူကွဲနှစ်ခုမည်သည်က အမှန်ဖြစ်နိုင်သနည်း။ အချက်သုံးချက်ကွဲလွဲမှုတွင် ပထမနှင့် ဒုတိယအချက်များက အရေးမကြီး။ တတိယအချက်က အလွန်အရေးကြီးသည်။ သက်တော်စောင့်များကို ဗိုလ်နေဝင်းက ဖယ်လိုက်တာလား။ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်က ဖယ်ခိုင်းတာလား။ စာရေးဆရာ နှစ်ယောက်ကို ဆန်းစစ်ရမည်။ ပထမစာအုပ်ကိုရေးသူက တပ်ခေါင်းဆောင်တွေအပေါ် မကောင်းမြင်စာအုပ်တွေ တောက်လျှောက်ရေးလာသူဖြစ်၏။ ဒုတိယစာအုပ်ကိုရေးသူမှာ ဗိုလ်ချုပ်အောင်ဆန်း၏ အပါးတော်မြဲ တက္ကသိုလ်နေဝင်းဖြစ်သည်။ ဘယ်သူရေးတာက အမှန်ဖြစ်သည်ကို စာရေးဆရာပေါ် မူတည်၍ စာဖတ်သူက ဆုံးဖြတ်ရမှာဖြစ်သည်။ သာမန်စာဖတ်သူအဆင့်တွင် တင်းတိမ်မနေဘဲ စာရေးသူကိုပင် လေ့လာသုတေသနပြုနိုင်သည့် အဆင့်ထိရောက်ရှိအောင် စာဖတ်တတ်စေချင်ပါသည်။ ရင့်ကျက်သော စာဖတ်သူတချို့သည် သူတို့အမြင်နှင့်သူတို့ Black List စာရေးဆရာစာရင်းထားပြီး Black List တွေ၏ စာအုပ်ကို မဖတ်ကြောင်း သိရသည်။ ဒါကတော့ တစ်ဖက်စွန်းရောက်သွားပြီဟု ထင်ပါသည်။ ဖတ်တော့ ဖတ်သင့်ပါသည်။ ဘာရေးထားလဲ သိရတာပေ့ါ။ ကိုယ်က အဆင့်မြင့်စာဖတ်သူ ဖြစ်နေပြီပဲ။ ကိုယ်ကချင့်ချိန်ပိုင်းခြားနိုင်သူပဲ။ ကိုယ်က လက်မခံလျှင် ပြီးတာပဲမဟုတ်ပါလား။

ဤသို့ စာဖတ်တတ်လာပြီဆိုလျှင် စာဖတ်ခြင်း၏ အရသာကို သိလာပါလိမ့်မည်။ ထိုအခါ...စာဖတ်ခြင်းတွင် ပျော်မွေ့လာပါလိမ့်မည်။ ထိုအခါ**"စာငတ်"** သောအဆင့်သို့ ရောက်လာပါပြီ။

ဝမ်းဗိုက်က အစားအစာစားချင်လျှင် ဗိုက်ဆာလာသလို စိတ်ကစာဖတ်ချင်သောအခါ "စာ"ကို တောင့်တလာတာမျိုးဖြစ်ပါသည်။ ဝမ်းဗိုက်ကို ဖြည့်တင်းဖို့ စားစရာတစ်ခုခုကို ရှာဖွေရသကဲ့သို့ စိတ်၏ဆာလောင်မွတ်သိပ်မှုကို ဖြည့်တင်းပေးရန် "စာ" အာဟာရဖြစ်သော"စာအုပ်"ကို အငမ်းမရ ရှာဖွေလာပါလိမ့်မည်။

ဘယ်မှာရှာမည်နည်း။

တစ်ချိန်က စာအုပ်အငှားဆိုင်များ ရှိခဲ့ဖူး၏။ အပျော်ဖတ် ဝတ္ထုများသည်။ အငှားနည်းမည့် စာအုပ် ဆိုင်ပေါ်မတင်။ သုတစာအုပ်ရှာမှရှား။ ခုတော့ အငှားဆိုင်လုပ်ကွက် ပျောက်သွားပြီ။ စာအုပ်အရောင်းဆိုင်များမှာ သုတ၊ ရသ ကြိုက်ရာ ရွေးဝယ်နိုင်သော်လည်း စာအုပ်ဈေးကကြီး လွန်းသည်။ ပလက်ဖောင်း အဟောင်းဆိုင်များတွင်တော့ စာအုပ်စုံစုံလင်လင် တွေ့နိုင်သည်။ ကိုယ်လိုချင်သော စာအုပ်အမည်ပြောလိုက်လျှင် ဆိုင်ရှင်က တစ်ရက်နှစ်ရက်အတွင်း ရှာပေးသည်။ သို့သော် အဟောင်းဆိုပေမယ့် ဈေးချထားသော အပုံထဲက စာအုပ်မဟုတ်လျှင် အံ့ဖွယ်ဈေးဆိုလိမ့်မည်။ မိတ်ဆွေသူငယ်ချင်းများထံမှ ငှားဖတ်က သူ့မှာရှိတာပဲ ငှားနိုင်မည်။ တချို့ Book Crazy တွေက မငှားပေ။ ဒီလိုနေရာများမှာ ကိုးကားချင်သော (Reference) စာအုပ်၊ ဂျာနယ်၊ သတင်းစာရှာရသည်မှာ မဟာအခက်အခဲဖြစ်တော့၏။

တစ်နေရာပဲကျန်သည်။ အဲဒါက "စာကြည့်တိုက်"။

**စာကြည့်တိုက်တွေ ထူထောင်ပေးရမည်**

စိတ်အစာကျွေးဖို့၊ မှိုင်းမြစာရှာဖွေဖို့ စသည်ဖြင့် စာပေအာဟာရကို မပြတ်ဖြည့်ဆည်းပေးသော နေရာသည် စာကြည့်တိုက်ဖြစ်၏။ လောက်လောက်လားလား စာကြည့်တိုက်တွေရှိလျှင် စာငတ်သူတွေအတွက် **"စာမပြတ်"** တော့ပေ။ ထို့ကြောင့် စာငတ်သူတွေ စာမငတ်ရအောင် စာကြည့်တိုက်တွေ ထူထောင်ပေးရမည်။

စာကြည့်တိုက်တစ်ခုဖြစ်မြောက်ရန် အင်္ဂလိပ်အက္ခရာဘီ (B) ငါးလုံးလိုအပ်၏။ ၎င်းတို့မှာ

- B – Building (အဆောက်အအုံ၊ အခန်း)၊
- B – Budget (ဘဏ္ဍာငွေ)၊
- B – Books (စာအုပ်များ)၊
- B – Borrowers (ငှားရမ်းသူများ၊ စာဖတ်သူများ)၊
- B – Brain (စာကြည့်တိုက်၏ ဦးနှောက် သို့မဟုတ် စာကြည့်တိုက်မှူး) ဖြစ်သည်။

၎င်းတို့အနက် စာကြည့်တိုက်မှူးက အခရာကျသည်။ စာကြည့်တိုက်တစ်ခု၏ အောင်မြင်မှုသည် စာကြည့်တိုက်မှူးနှင့် ဘဏ္ဍာငွေကြေးပေါ်တွင် မူတည်၏။

ဤလောက၌ တန်ဖိုးအရှိဆုံးနေရာသည် စာကြည့်တိုက် (The most precious place is library) ဟု ပြောကြသည်။ ကမ္ဘာ့အကြီးဆုံး စာကြည့်တိုက်သည် အမေရိကန်နိုင်ငံတွင်ရှိပြီး စာအုပ်သန်းပေါင်း ရာနှင့်ချီရှိသည်ဟု ဆို၏။ ဒုတိယကမ္ဘာ့အကြီးဆုံး စာကြည့်တိုက်မှာ အင်္ဂလန်နိုင်ငံတွင် ရှိ၏။ အင်္ဂလန်တွင် ရပ်ကွက်တစ်ခု၊ ကျေးရွာတစ်ခု တည်ထောင်လျှင် မဖြစ်မနေပါရမည့် အရာမှာ စာကြည့်တိုက်ဟု သိရ၏။ တိုးတက်သော နိုင်ငံမှာ ပြည်သူများစာဖတ်ကြသည်။ ပြည်သူတွေ စာများများဖတ်လျှင် နိုင်ငံတိုးတက်သည်မှာ အမှန်ဖြစ်၏။ ထို့ကြောင့် မိမိတို့နိုင်ငံတွင် စာကြည့်တိုက်တွေ ဖြစ်ဖြစ်မြောက်မြောက်နှင့် များများစားစား ပေါ်ပေါ်လာအောင် ပြုလုပ်ပေးရန်လိုအပ်သည်။

မြန်မာနိုင်ငံတွင် မြို့နယ်ပေါင်း ၃၃၀ ရှိသည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်အောက်ရှိ မြို့နယ်ပြန်ဆက်ရုံးများတွင် စာကြည့်တိုက်ပါကြောင်း သိရှိရသဖြင့် မြို့နယ်တိုင်းတွင် စာကြည့်တိုက်တစ်ခုစီ ရှိနေပြီဟု မှတ်ယူနိုင်သည်။ တစ်ဖန် မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ခြောက်သောင်းကျော်ရှိရာ ကျေးရွာတိုင်းတွင် စာကြည့်တိုက်ရှိရန် လုပ်ငန်းပမာဏမှာ နည်းနည်းနောနောမဟုတ်ပေ။ သို့ရာတွင် ၂၀၁၀–၂၀၁၅ အစိုးရက ကျေးရွာများတွင် စာကြည့်တိုက် ဖွင့်လှစ်နိုင်ရန် စနစ်တကျစီမံကိန်းချမှတ်၍ အကောင်အထည်ဖော်ပေးခဲ့သည်။ အင်္ဂလန်ကဲ့သို့ ကျေးလက်နေပြည်သူများ၏ အသိဉာဏ်ပွင့်လင်း၍ ဗဟုသုတတိုးပွားလာအောင် ရွာသူရွာသားများ စာဖတ်စေရန် ရည်ရွယ်သည်။ ဤအကျိုးပြုလုပ်ငန်းအတွက် လုံလောက်သောငွေကြေး မတည်ပေးကာ စာကြည့်တိုက်ဖောင်ဒေးရှင်းတစ်ခု ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။ အဆိုပါ မြန်မာနိုင်ငံစာကြည့်တိုက် ဖောင်ဒေးရှင်းသည် လေးငါးနှစ်အတွင်း ကျေးရွာများသို့ဆင်း၍ လုပ်ငန်းဆောင်ရွက်ခဲ့ရာ အတော်အတန် ဖြစ်မြောက် အောင်မြင်ခဲ့သည်။ ၂၀၁၅–၂၀၂၀ အစိုးရလက်ထက်တွင်မူ ဖောင်ဒေးရှင်းသည် အစိုးရ၏ အားပေးကြည့်ရှုမှု ကင်းကွာသွားသောကြောင့် ခဲယဉ်းစွာ ရပ်တည်လုပ်ဆောင်နေရသည်မှာ ဝမ်းနည်းဖွယ်ပင်။

ထို့ပြင် ဝါသနာရှင်တွေလုပ်နေကြသော (က) ရွှေ့လျားစာအုပ်အငှားလုပ်ငန်း (ခ) အီလက်ထရွန်နစ်/အွန်လိုင်းအငှားလုပ်ငန်းများ ပေါ်ထွန်းနေကြောင်း တစ်လောက သတင်းများတွင် တွေ့ရသည်။ အဆိုပါ ဝါသနာရှင်တို့၏ စေတနာကား ချီးကျူးဖွယ်၊ လေးစားဖွယ်ကောင်း၏။ မိမိအတွက် အကျိုးအမြတ်မယူဘဲ စာဖတ်ဖြစ်စေလိုသည့် စစ်မှန်သောစေတနာကို အခြေခံလုပ်ဆောင်သဖြင့် အားပေးထောက်ကူကြစေချင်ပါသည်။ ယနေ့ ထိုစေတနာရှင်လုပ်ငန်းတွေ ဆက်လက်ရှင်သန်နေသေးသလားဆိုသည်ကိုမူ စာရေးသူ မျက်ခြည်ပြတ်သွားခဲ့ပါသည်။

အခြေတကျဖွင့်လှစ်ပြီး စာကြည့်တိုက်များလည်းရှိကြသည်။ ကျောင်းစာကြည့်တိုက်များ၊ တက္ကသိုလ်စာကြည့်တိုက်များ၊ ရန်ကုန်တက္ကသိုလ်များ ပင်မစာကြည့်တိုက်၊ အချို့မြို့နယ်၊ ရပ်ကွက်များရှိ ပုဂ္ဂလိကစာကြည့်တိုက်များ၊ အထက်တွင်ရေးခဲ့သော မြို့နယ်ပြန်ဆက်စာကြည့်တိုက်များ၊ စာပေဗိမာန်စာကြည့်တိုက်နှင့် ကလေးစာကြည့်တိုက်၊ အမျိုးသားစာကြည့်တိုက်များရှိကြသည်။

တပ်မတော်သားများနှင့် မှီခိုသူများအတွက် တပ်ရင်း၊ တပ်ဖွဲ့များတွင် စာကြည့်တိုက်များ ဖွင့်ပေးထားကြောင်း သိရသည်။ စစ်ကျောင်းကြီးများ၊ အကယ်ဒမီများ စစ်ဦးစီးတက္ကသိုလ်နှင့် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်တို့တွင် အထင်ကရစာကြည့်တိုက်တွေရှိသည်။ ရဲဘော်ဆယ်ယောက်တစ်ဖွဲ့ Pool လုပ်၊ တစ်ယောက် ၁၀၀၀/၁၅၀၀ ကျပ်လောက်ထည့်၊ လစဉ် စာအုပ်ဝယ်ပြီး လဲလှယ်ဖတ်လျှင် တစ်နှစ်တွင် အနည်းဆုံးစာအုပ် ၁၀၀ ကျော် ဖတ်ပြီးဖြစ်ကြောင်း၊ စာအုပ်လည်း အပိုင်ရကြောင်း၊ Pool ငွေမှာ ခေါက်ဆွဲတစ်ပွဲစာတောင်မရှိကြောင်း၊ တပ်မတော်နေ့ ဟောပြောပွဲတစ်ခုတွင် စာရေးသူက ပြောခဲ့ဖူးသည်။ အရပ်သားလူငယ်များလည်း စာဖတ်ဝါသနာပါသူများစု၍ စမ်းသပ်ကြည့်နိုင်သည်ပင်။

**ရေကြည်ထွက်အောင်**

စာဖတ်သဖြင့် စိတ်မလေခြင်းသည် လက်ငင်းအကျိုးဖြစ်သည်။ မကောင်းတာတွေ မတွေးဖြစ်၊ မလုပ်ဖြစ်တော့ ဗဟုသုတ အသိအမြင်ကြွယ်ဝသည်။ အထက်တွင်ရေးခဲ့သော စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကိုလည်း ခံစားရသည်။ အိုင်ကျူမြင့်သော လူသားအရင်းအမြစ်တွေ ဖြစ်လာမည်။ ဒီလိုလူတွေများလာလျှင် နိုင်ငံတိုးတက်ကြီးပွားမည်။ ရေကြည်ထွက်အောင် တူးလက်စ ရေတွင်းကို ဝိုင်းဝန်းတူးဖော်ကြပါစို့။ ။

# လစ်ဗျားနိုင်ငံမြို့တော်မှ ဒုက္ခသည်များအတွက် ကုလသမဂ္ဂ စားနပ်ရိက္ခာများ ထောက်ပံ့

ထရီပိုလီ အောက်တိုဘာ ၁၈

**ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက လစ်ဗျားနိုင်ငံ ထရီပိုလီမြို့ရှိ ထောင်ပေါင်းများစွာသောဒုက္ခသည်များအတွက် စားနပ်ရိက္ခာအထောက်အပံ့အကူအညီများပေးပို့ခဲ့သည်ဟု သိရသည်။**

လစ်ဗျားနိုင်ငံတွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးသည် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်နှင့် ပူးပေါင်းပြီး ကိုဗစ်-၁၉ ကာလအသွားအလာပိတ်ဆို့ ကန့်သတ်ထားစဉ်အတွင်း ဒုက္ခသည်များနှင့် ခိုလှုံရာရှာဖွေကြသူများအတွက် အရေးပေါ်စားနပ်ရိက္ခာအကူအညီများ ပေးပို့ပေးခဲ့သည်ဟု အောက်တိုဘာ ၁၆ ရက်တွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ပြောသည်။

ယခုပေးပို့လိုက်သည့် စားနပ်ရိက္ခာသေတ္တာများမှာ စားနပ်ရိက္ခာဖူလုံမှုမရှိသည့် ဒုက္ခ သည်များနှင့် မကြာသေးမီအချိန်အတွင်းကမှ ထိန်းသိမ်းရေးစင်တာများမှ ထွက်လာသည့် ခိုလှုံသူများအတွက် မရှိမဖြစ်လိုအပ်သည့် အသက်ကယ်ပစ္စည်းများပင်ဖြစ်သည်။ ယခုနှစ်အတွင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ အေဂျင်စီမှ အစားအသောက်အထုပ်ပေါင်း ၆၀၀၀၀ ကျော်ကို လစ်ဗျားနိုင်ငံရှိ ထိခိုက်ခံစားရသူများအတွက် ဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

လစ်ဗျားအာဏာပိုင်များက မကြာသေးမီအတွင်း တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများကို ဖမ်းဆီးခြင်းနှင့် စီးနင်းရှာဖွေမှုများ ပြုလုပ်ခဲ့ပြီးနောက် လစ်ဗျားနိုင်ငံတွင် သောင်တင်နေသည့် တရားမဝင်ရွှေ့ပြောင်းနေထိုင်ကြသူများမှာ ခိုလှုံရာနေရာမရှိပေ။



ထရီပိုလီမြို့တွင် စားနပ်ရိက္ခာအကူအညီယူရန် စောင့်ဆိုင်းနေကြသူများကို ၂၀၂၀ ပြည့်နှစ် မေ ၁၃ ရက်က တွေ့ရစဉ်။

လစ်ဗျားနိုင်ငံသည် မြေထဲပင်လယ်ကို ဖြတ်ကာ ဥရောပကမ်းခြေများသို့ သွားရောက်လိုသည့် တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများတွက် အဓိကလမ်းကြောင်းသဖွယ် ဖြစ်နေဆဲဖြစ်သည်။

ဆင်ဟွာ

# ဂျပန်တော်ဝင်မင်းသမီး မာကို၏ ချစ်သူ အိမ်ရှေ့မင်းသားဇနီးမောင်နှံနှင့်တွေ့ဆုံ

**တိုကျို အောက်တိုဘာ ၁၈**

ဂျပန်တော်ဝင်မင်းသမီး မာကို၏ ချစ်သူသည် မင်းသမီး၏မိဘများဖြစ်သော အိမ်ရှေ့မင်းသား အာကီရှိနို ဇနီးမောင်နှံနှင့် တိုကျိုမြို့တွင် တွေ့ဆုံခဲ့သည်။

ကိုမူရိုကီသည်အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းတွင် တိုကျိုသို့ ရောက်ရှိခဲ့သည်။ သုံးနှစ်ကြာပြီးနောက် ပထမဆုံးအကြိမ်အဖြစ် မင်းသမီးမာကိုနှင့် ကိုမူရိုတို့ ပြန်လည်တွေ့ဆုံကြခြင်း ဖြစ်သည်။

ငင်းသည် ဥပဒေကျောင်းတက်ရန်အတွက် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ခဲ့သည်။ မင်းသမီးမာကိုသည် အိမ်ရှေ့မင်းသား အာကီရှိနို၏ အကြီးဆုံးသမီးဖြစ်ပြီး ၎င်းတို့ လက်ထပ်ပွဲမတိုင်မီ ကိုမူရိုသည် မင်းသမီး၏မိဘများကို ဦးစွာ



ဂျပန်တော်ဝင်မင်းသမီးမာကိုနှင့် ၎င်း၏ ချစ်သူ ကိုမူရိုကီ။

လာရောက် နှုတ်ဆက်ခြင်း ဖြစ်သည်။

မင်းသမီးမာကိုနှင့် ကိုမူရိုတို့သည် လက်ထပ်မှတ်ပုံတင်ပြီးနောက် အောက်တိုဘာ ၂၆ ရက်တွင် ဂျပန်နိုင်ငံ မြို့တော်ဟိုတယ်တစ်ခုတွင် သတင်းစာရှင်းလင်းပွဲပြုလုပ်မည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၀၅၀ ထပ်မံတွေ့ရှိ

**ဆိုးလ် အောက်တိုဘာ ၁၈**

တောင်ကိုရီးယားနိုင်ငံတွင် အောက်တိုဘာ ၁၇ ရက်ညပိုင်းက ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၀၅၀ ထပ်မံတွေ့ရှိခဲ့သည်။

ထို့ကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ အရေအတွက်မှာ ၃၄၃၄၄၅ ဦးအထိ ရှိလာခဲ့သည်။ သီတင်းပတ်အကုန်တွင် ဆေးစစ်ပေးနိုင်မှုနည်းသည့်အတွက် နေ့စဉ်ကူးစက်မှုမှာ ၁၄၂၀ အောက်သို့ ကျဆင်းခဲ့သည်။ သို့သော်လည်း ဇူလိုင် ၇ ရက်မှ စတင်ကာ နေ့စဉ်ကူးစက်မှု ၁၀၀၀ အထက်တွင် ရှိနေသည်မှာ ရက်ပေါင်း ၁၀၄ ရက်ရှိပြီဖြစ်သည်။

ဆိုးလ်မြို့ရေိယာတစ်ဝိုက် အစုလိုက်ကူးစက်မှုများမှ ကူးစက်မှုများ ပြန်လည်များပြားလာခဲ့သည်။ နောက်ထပ်ကူးစက်ခံရသူများထဲတွင် ဆိုးလ်မြို့ဒေသခံ ၃၅၂ ဦးရှိပြီး ဂယောင်းဂီပြည်နယ်မှ ၃၅၈ ဦးနှင့် အင်ချွန်းမြို့မှ ၈၄ ဦးတို့ဖြစ်သည်။

ပြည်ပမှကူးစက်လာသူ ၂၀ တွေ့ရှိရသည်။ တောင်ကိုရီးယားနိုင်ငံတွင် ပြန်လည်ကျန်းမာလာသူနှုန်းမှာ ၉၀ ဒသမ ၇၈ ရာခိုင်နှုန်းရှိသည်။

ဆင်ဟွာ

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ် -၁၉ ကူးစက်ခံရသူ ၃၁၉၃ ဦး ထပ်မံတွေ့ရှိ

**ဟန်နွိုင်း အောက်တိုဘာ ၁၈**

ဗီယက်နမ်နိုင်ငံတွင် အောက်တိုဘာ ၁၇ ရက် ညပိုင်းက ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၃၁၉၃ ဦး ထပ်မံတွေ့ရှိသည်။

ပြည်တွင်းကူးစက်ခံရသူ ၃၁၇၅ ဦးနှင့် ပြည်ပမှကူးစက်ခံလာရသူ ၁၈ ဦးတို့ဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ဒေသတွင်းကူးစက်ခံရသူအများစုမှာ တောင်ပိုင်းမှ ဒေသခံများဖြစ်ပြီး ဟိုချီမင်းမြို့မှ ၁၀၅၉ ဦး ပါဝင်သည်။

နောက်ထပ်ကူးစက်မှုများ ထပ်ပေါင်းလျှင် စုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ ၈၆၄၀၅၃ ဦးရှိပြီး သေဆုံးသူစုစုပေါင်းမှာ ၂၁၁၉၄ ဦး ရှိသည်။

တစ်နိုင်ငံလုံးအနှံ့ ပြန်လည်ကျန်းမာလာသည့် ကိုဗစ် -၁၉ လူနာပေါင်း ၇၉၁၈၄၄ ဦး ရှိသည်။ ကိုဗစ် -၁၉ ကာကွယ်ဆေးအလုံးရေ ၆၂ သန်းနီးပါးကို ထိုးနှံပေးပြီးဖြစ်ကြောင်းလည်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ဆင်ဟွာ

# ဟေတီနိုင်ငံ၌ အမေရိကန်အကူအညီပေးရေးအဖွဲ့မှ အဖွဲ့ဝင်များ ပြန်ပေးဆွဲခံရ

**ပေါ်တိုပရင့်စ် အောက်တိုဘာ ၁၈**

ဟေတီနိုင်ငံရှိ အုပ်စုတစ်စုသည် အမေရိကန် အကူအညီပေးရေးအဖွဲ့အစည်းမှ အဖွဲ့ဝင် ၁၇ ဦးကို ပြန်ပေးဆွဲခဲ့သည်ဟု သိရသည်။

အမေရိကန် အိုဟိုင်းယိုးပြည်နယ် အခြေစိုက်အကူအညီပေးရေးအဖွဲ့အစည်းမှ အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိသားစုဝင်များမှာ အောက်တိုဘာ ၁၆ ရက်က ဟေတီနိုင်ငံ ပေါ်တိုပရင့်စ်မြို့တွင် ပြန်ပေးဆွဲခံရခြင်းဖြစ်သည်။

အမေရိကန် ခြောက်ဦးနှင့် ကနေဒါတစ်ဦးတို့ကို ဓားစာခံအဖြစ် ဖမ်းဆီးခံထားရသည်ဟု အကူအညီပေးရေးအဖွဲ့က ပြောသည်။

ပြန်ပေးဆွဲခံရသူများထဲတွင် အမျိုးသမီး ခုနစ်ဦးနှင့် ကလေးငါးဦး ပါဝင်သည်ဟု သိရသည်။ မိဘမဲ့ဂေဟာသို့ သွားရောက်စဉ် အဖမ်းခံရခြင်းဖြစ်သည်။



ဟေတီနိုင်ငံ ပေါ်တိုပရင့်စ်မြို့တွင် လုံခြုံရေးပေးနေသည့် ဟေတီတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

အဆိုပါ ပြန်ပေးဆွဲမှုတွင် ဒေသခံ ဂိုဏ်းအဖွဲ့တစ်ဖွဲ့ ပါဝင်သည်ဟု အမေရိကန်မီဒီယာများတွင် ဖော်ပြကြသည်။ အခင်းဖြစ်ပွားမှုနှင့် ပတ်သက်ပြီး ရဲများက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

ဟေတီနိုင်ငံသည် နိုင်ငံရေးနှင့် စီးပွားရေးအရ ဖရိုဖရဲဖြစ်မှုများအောက်တွင် ကျရောက်နေသည်။ လုံခြုံရေး အခြေအနေမှာလည်း ဆိုးရွားလျက်ရှိသည်။

ဩဂုတ်လအတွင်း အင်အားပြင်းထန်သည့် ငလျင်လှုပ်မှုအပြီး လူပေါင်း ၂၀၀၀ သေဆုံးခဲ့ရသည်။ ပြန်ပေးဆွဲငွေ ရရှိရေးအတွက် အုပ်စုဖွဲ့ကာ ပြန်ပေးဆွဲခြင်းများ ပြုလုပ်လာကြသည်။

**အင်န်အိတ်ချ်ကေ**

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေး တတိယအကြိမ်အပိုဆောင်း ထိုးနှံပြီးသူပေါင်း တစ် သန်းကျော်ရှိ

**ဂျကာတာ အောက်တိုဘာ ၁၈**

အင်ဒိုနီးရှားနိုင်ငံတွင် အောက်တိုဘာ ၁၈ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်သူ တစ်နေ့တည်း ၆၂၆ဦး တိုးလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၄၂၃၅၃၈၄ ဦးအထိ ရှိလာသည်။

ထို့အတူ ကိုဗစ်-၁၉ ကြောင့် ၄၇ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်းကိုဗစ်-၁၉ သေဆုံးသူ ၁၄၂၉၉၉ ဦးအထိ ရှိလာကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ဖော်ပြသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှဆင်းလာသူ ၁၅၉၃ ဦးရှိလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၄၀၇၅၀၁၁ ဦး အထိ ရောက်ရှိလာသည်။

ယနေ့အချိန်အထိ လူပေါင်း အနည်းဆုံး ၆၃ ဒသမ ၁၈ သန်း ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးပြီဖြစ်ကြောင်း သိရပြီး ကိုဗစ်-၁၉ ကာကွယ်ဆေး တစ်ကြိမ် ထိုးနှံပြီးသူပေါင်း ၁၀၇ ဒသမ ၉၈ သန်းရှိကြောင်းနှင့် တတိယအကြိမ် အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးသူပေါင်း ၁ ဒသမ ၀၇ သန်း ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ကြေညာလိုက်သည်။

အစိုးရသည် ပြည်သူ ၂၀၈ ဒသမ ၂၆ သန်းကို ကာကွယ်ဆေး ထိုးပေးနိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။

ဆင်ဟွာ



အင်ဒိုနီးရှားနိုင်ငံတွင် အမျိုးသမီးတစ်ဦးအား ကျန်းမာရေးဝန်ထမ်းတစ်ဦးက ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးနေစဉ်။

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးပြီးသူပေါင်း ၂၀ ဒသမ ၅ သန်း ကျော်ရှိလာ

**မနီလာ အောက်တိုဘာ ၁၈**

ဖိလစ်ပိုင်နိုင်ငံတွင် အောက်တိုဘာ ၁၈ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၆၉၄၃ ဦး တိုးလာပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၂၇၂၇၂၈၆ ဦးအထိ ရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေး ဝန်ကြီးဌာန (ဒီအိုအိတ်ချ်) က သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် ၈၆ ဦးထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း သေဆုံးသူပေါင်း ၄၀၇၆၁ ဦးအထိရှိလာခဲ့သည်။

ဒေသတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ ကျဆင်းလာသောကြောင့် မြို့တော်မနီလာတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနှုန်းအကျဘက်သို့ ရောက်ရှိလာပြီး ယခင်သီတင်းပတ်ကထက် ၂၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန အကြီးအကဲ မာရီယာရိုဆာရီယို ဗာဂျရီက ပြောသည်။

ဒေသအများစုတွင် သီတင်းပတ်နှစ်ပတ်ဆက်တိုက် ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားနှုန်းသည် အနုတ်လက္ခဏာပြခဲ့ပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူဦးရေလည်း ကျဆင်းခဲ့သည်။

ဧပြီမှစကာ နေ့စဉ်နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၀၀ ရှိခဲ့ကြောင်းနှင့် ဩဂုတ်လက ကိုဗစ်-၁၉ ဖြင့် သေဆုံးသူအရေအတွက် ၅၀၅၅ ဦး သို့မဟုတ် နေ့စဉ်သေဆုံးသူ ၁၆၃ ဦးဖြင့် အမြင့်ဆုံးစံချိန်တင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကိုဗစ်-၁၉ ကြောင့် အထိနာခဲ့သော စီးပွားရေးကို ဘေးအန္တရာယ် ကင်းကင်းဖြင့် တဖြည်းဖြည်း ပြန်လည်ဖွင့်လှစ်လာသဖြင့် လှုပ်ရှားရုန်းကန်မှုများလည်း မြင့်တက်လာသည်။

နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် စက်တင်ဘာ ၁၁ ရက်က ၂၆၃၀၃ ဦးဖြင့် အမြင့်ဆုံးဖြစ်ခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနှုန်းသည် တဖြည်းဖြည်းအကျဘက်သို့ ရောက်ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနအကြီးအကဲဖြစ်သူ မာရီယာရိုဆာရီယိုဗာဂျရီက ပြောသည်။

ထို့အတူ ဆေးရုံတက်ရောက်ကုသသူဦးရေလည်း ကျဆင်းလာကြောင်း ၎င်းက ပြောသည်။ စီးပွားရေးလုပ်ငန်းများ ပိုမိုဖွင့်လှစ်လာခြင်းဖြင့် ယခုသီတင်းပတ်အကုန်မှစကာ ကန့်သတ်ပိတ်ဆို့မှုများကို ဖြေလျှော့ပေးခဲ့သည်။

ဒယ်လ်တာ ဗီဇပြောင်းမျိုးစိတ်သစ်များကို ပိုမိုတွေ့ရှိလာခဲ့ကြောင်းနှင့် နိုင်ငံအတွင်း ယင်းမျိုးစိတ်သစ် ကူးစက်သူ ၄၄၃၁ ဦးရှိကြောင်း ဗာဂျရီက ပြောသည်။

အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော ဖိလစ်ပိုင်နိုင်ငံတွင် လူဦးရေသန်း ၁၁၀ ရှိသည့်အနက် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးပြီးသူပေါင်း ၂၀ ဒသမ ၅ သန်းကျော်ရှိလာပြီဖြစ်သည်။

ဆင်ဟွာ



ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာတွင် အသက် ၁၂ နှစ်အထက် ကလေးငယ်တစ်ဦးကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးနေသည်ကိုတွေ့ရစဉ်။

# ဘရူနိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ လူနာ ၁၁၀၄၇ ဦးရှိ

**ဘန်ဒါဆီရီဘီဂါဝန် အောက်တိုဘာ ၁၈**

ဘရူနိုင်းနိုင်ငံတွင် အောက်တိုဘာ ၁၈ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၁၈၇ ဦးတိုးလာသောကြောင့် စုစုပေါင်း နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၁၁၀၄၇ ဦးအထိရှိလာခဲ့သည်။

ကိုဗစ်-၁၉ ထပ်မံကူးစက်သူအားလုံးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ကြောင်း ဘရူနိုင်းကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ ရောဂါခြေချုပ်စင်တာတွင် ကြီးကြပ်ကုသမှုခံယူနေသော လက်ရှိ ကိုဗစ်-၁၉ ကူးစက်သူ ၂၇၂၈ ဦးရှိသည်။ ကိုဗစ်-၁၉ ကူးစက်မှုမှ ပြန်လည်ကောင်းမွန်လာသူပေါင်း ၈၂၄၂ ဦးရှိသည်။

ဘော်နီယိုကျွန်းတွင်တည်ရှိသည့် ပသီဘုရင်အုပ်စိုးရာနိုင်ငံတွင် ကိုဗစ်-၁၉ စတင်ဖြစ်ပွားချိန်မှစကာ ယခုအချိန်အထိ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်းမှာ ၇၇ ဦးအထိ ရှိလာပြီဖြစ်သည်။

ဆင်ဟွာ

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူ ၆၃ ဒသမ ၄ သန်းကျော်ရှိ

**ဟန္နိုင်း အောက်တိုဘာ ၁၈**

ဗီယက်နမ်နိုင်ငံ၌ အောက်တိုဘာ ၁၈ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၃၁၆၈ ဦးရှိကြောင်း ဖော်ပြခဲ့ပြီး ပြည်ပကူးစက် ဖြစ်ပွားသူ ကိုးဦးနှင့် ပြည်တွင်းကူးစက်သူ ၃၁၅၉ ဦး ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုနှင့်အတူ နိုင်ငံတွင်း ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၈၆၇၂၂၁ဦးအထိရှိလာပြီး ၂၁၂၆၉ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်သတင်း ထုတ်ပြန်ဖော်ပြခဲ့သည်။ ကိုဗစ်-၁၉ အစုလိုက်ကူးစက်မှုအများစုမှာ တောင်ပိုင်းဒေသများမှ ဖြစ်ကာ ကိုဗစ်-၁၉ ကူးစက်ရာ ဗဟိုချက်နေရာဖြစ်သည့် ဟိုချီမင်းမြို့မှ ၉၆၈ ဦး၊ အနီးနားရှိ ဘင်ဒေါင်းပြည်နယ်မှ ၄၃၉ ဦးနှင့် ဒွန်နိုင်းပြည်နယ်မှ ၃၉၃ ဦး တို့ဖြစ်ကြသည်။

နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်မှုမှ ပြန်လည်ကျန်းမာလာသူ ၇၉၂၉၈၈၀ ရှိလာပြီး နိုင်ငံတစ်ဝန်းကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပြီးသူပေါင်းမှာလည်း ၆၃ ဒသမ ၄ သန်းကျော်လွန်လာပြီဖြစ်သည်။ အောက်တိုဘာ ၁၈ ရက်အထိ ဗီယက်နမ်နိုင်ငံတွင် ပြည်တွင်း ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၈၆၂၅၃၁ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ဆင်ဟွာ

# အိန္ဒိယနိုင်ငံ၌ ရက်ပေါင်း ၂၃၀ အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အနည်းဆုံးဖြစ်

**နယူးဒေလီ အောက်တိုဘာ ၁၈**

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၁၃၅၉၆ ဦးရှိလာသောကြောင့် အောက်တိုဘာ ၁၈ ရက်တွင် ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၃၄၀၈၁၃၁၅ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း မှတ်တမ်းတင်ခဲ့သော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအရေအတွက်သည် ရက်ပေါင်း ၂၃၀ အတွင်း အနည်းဆုံးဖြစ်ခဲ့သည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၁၆၆ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၅၂၂၉၀ အထိ ရှိလာခဲ့သည်။

နိုင်ငံအတွင်း လတ်တလောကိုဗစ်-၁၉ ကူးစက်လျက်ရှိသူ ၁၈၉၆၉၄ ဦးအထိရှိပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်သူ ၆၁၅၂ ဦးအထိလျော့နည်းလာခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်မှုမှ ပျောက်ကင်း၍ ဆေးရုံမှ ဆင်းလာသူ စုစုပေါင်း ၃၃၄၃၉၃၃၁ ဦးရှိလာပြီဖြစ်ပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ဆေးရုံမှ ဆင်းလာသူ ၁၉၅၈၂ ဦး ရှိ သည်။

ဆင်ဟွာ



အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးနေစဉ်။

# မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၈၀ အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေး

**မန္တလေး အောက်တိုဘာ ၁၈**

နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်/စခန်း အသီးသီးတွင် အကျဉ်းကျခံနေကြရသော အကျဉ်းသား အကျဉ်းသူ ၁၃၁၆ ဦးတို့ကို ယနေ့တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်အမှတ် (၁၈၆/ ၂၀၂၁) ဖြင့် သတင်းထုတ်ပြန်ကြေညာခဲ့ရာ မန္တလေးမြို့ရှိ မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၈၀ လွတ်ငြိမ်းသက်သာခွင့်ရရှိခဲ့ကြောင်း သိရှိရသည်။

ထို့ကြောင့် မန္တလေးဗဟိုအကျဉ်းထောင်အတွင်း ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း အစီအစဉ်ကို ယနေ့ညနေပိုင်းတွင် ဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသား အကျဉ်းသူများအား ဆုံးမသြဝါဒစကားများ ပြောကြားသည်။

ထို့နောက် အကျဉ်းသား အကျဉ်းသူများအား အကျဉ်းထောင်တာဝန်ရှိသူများက ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများဖြစ်သည့် အပူချိန်တိုင်းတာပေးခြင်း၊ ကျန်းမာရေး စစ်ဆေးပေးခြင်းကို စနစ်တကျဆောင်ရွက်ပေးကာ ခရီးစရိတ်ငွေများ ပေးအပ်၍ အကျဉ်းထောင်မှ လွှတ်ပေးခဲ့သည်။

ယင်းသို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခြင်းနှင့် ပတ်သက်၍ တိုင်းဒေသကြီးအကျဉ်းဦးစီးဌာန ဦးစီးမှူး ဦးချို၀င်းထွန်းက “ မန္တလေးဗဟိုအကျဉ်းထောင်မှာ လွတ်ငြိမ်းသက်သာခွင့်ရ အကျဉ်းသား အကျဉ်းသူ အားလုံးပေါင်း ၈၀ ရှိပါတယ်။ အမျိုးသား ၇၇ ဦးနဲ့ အမျိုးသမီးသုံးဦး ဖြစ်ပါတယ်။ ဒီနေ့ မန္တလေးဗဟိုအကျဉ်းထောင်မှာ လွတ်ငြိမ်းသက်သာခွင့်နဲ့ လွှတ်ပေးသလို အခြားတိုင်းဒေသကြီးတွေမှာရှိတဲ့ ထောင်တွေမှာလည်း အကျုံးဝင်တဲ့သူတွေကို တစ်ပြိုင်တည်း လွှတ်နေပါပြီ။ လွတ်မြောက်တဲ့သူတွေ ကိုယ်စား ကျွန်တော်လည်း ဝမ်းသာမိပါတယ်” ဟု ပြောသည်။

ပြန်လည်လွတ်မြောက်လာသည့် ဒေါ်ကြည်ကြည်ခိုင်က “ကျွန်မ ထောင်သုံးနှစ် ကျပါတယ်။ ထောင်ထဲမှာ လေးလနဲ့ နှစ်ရက် နေခဲ့ရပါတယ်။ အခုလိုပြန်လွှတ်တော့ မိသားစုနဲ့ ပြန်တွေ့ရတော့မှာ ဖြစ်တဲ့အတွက် ဝမ်းသာပါတယ်။ ထင်တောင်ထင်မထားပါဘူး။ အိပ်မက်မက်နေသလို ခံစားရပါတယ်။ အခုလို လွှတ်ပေးတဲ့အတွက် နိုင်ငံတော်အစိုးရကိုလည်း ကျေးဇူးတင်ရှိပါတယ်” ဟု ပြောသည်။



မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာ အကျဉ်းထောင်အသီးသီးမှ လွတ်ငြိမ်းသက်သာခွင့်ရသူပေါင်း ၁၇၁ ဦးရှိပြီး အမျိုးသား ၁၆၂ ဦးနှင့် အမျိုးသမီး ကိုးဦးဖြစ်ကြောင်း သိရှိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

# ကော့သောင်းအကျဉ်းထောင်မှ အချုပ်သားများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေး

**ကော့သောင်း အောက်တိုဘာ ၁၈**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့် အမိန့်အမှတ် (၁၈၆/ ၂၀၂၁)ကို အောက်တိုဘာ ၁၈ ရက်က ထုတ်ပြန်ပြီးသည့်နောက် တနင်္သာရီတိုင်း ဒေသကြီး ကော့သောင်းအကျဉ်းထောင်မှ အချုပ်သား၊ အချုပ်သူ ၄၆ ဦးအား ယနေ့ ညနေပိုင်းတွင် လွှတ်ပေးခဲ့ကြောင်း သိရသည်။



ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ပြုခဲ့သည့် အချုပ်သား၊ အချုပ်သူများကို ကော့သောင်း အကျဉ်းထောင် အစည်းအဝေးခန်းမ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ချို၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ထောင်ပိုင်ကြီးတို့က ဆုံးမစကား ပြောကြားပြီး ထောင်လွှတ်လက်မှတ်နှင့် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးကြောင်း လက်မှတ်များ ပေးအပ်ခဲ့သည်။

ယနေ့ ကော့သောင်းမြို့နယ်တွင် လွတ်မြောက်ခဲ့သည့် အချုပ်သား အမျိုးသား ၃၇ ဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၄၆ ဦး ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# ပဲခူးအချုပ်ထောင်၌ ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသားများအား ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြန်လည်စေလွှတ်

**ပဲခူး အောက်တိုဘာ ၁၈**

ပဲခူးမြို့ လိပ်ပြာကန်ရပ်ကွက် ပဲခူးအချုပ်ထောင်တွင် အောက်တိုဘာ ၁၈ ရက် ညနေပိုင်းတွင် ပဲခူးအချုပ်ထောင်ရှိ ဧည့်ရိပ်သာခန်းမ၌ ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသားများအား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီမှ ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြန်လည်စေလွှတ်ကြောင်း သိရသည်။



အခမ်းအနားသို့ ဒုတိယ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ကျော်လွင်မိုးနှင့် တာဝန်ရှိသူများ၊ အကျဉ်းသားများ စုစုပေါင်း ၁၅ ဦးခန့် တက်ရောက်ကြပြီး ဒုတိယရဲမှူးနှင့် တာဝန်ရှိသူများက ဆုံးမစကားများပြောကြားကာ ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသား ခုနစ်ဦးအား ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# သာယာဝတီဗဟိုအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် အကျဉ်းသား အကျဉ်းသူ ၁၂ ဦး လွတ်မြောက်

**သာယာဝတီ အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ် (၁၈၆/၂၀၂၁) အရပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း အခမ်းအနားကို အောက်တိုဘာ ၁၈ ရက် ညနေ ၄ နာရီခွဲက အကျဉ်းဦးစီးဌာန သာယာဝတီဗဟိုအကျဉ်းထောင်အစည်းအဝေးခန်း၌ ကျင်းပသည်။

အဆိုပါလွတ်ငြိမ်းခွင့်အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအေးလူနှင့် တာဝန်ရှိသူများက ဆုံးမသြဝါဒစကားများ ပြောကြားပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများအား နှစ်သိမ့်အားပေးစကား ပြောကြားသည်။

ထို့နောက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် သာယာဝတီဗဟိုအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၁၂ ဦး ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ရရှိခဲ့သဖြင့် အဆိုပါ အကျဉ်းသား အကျဉ်းသူများအား လွတ်ငြိမ်းသက်သာခွင့်လက်မှတ်၊ ခရီးစရိတ်၊ စားစရိတ်နှင့် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှု မှတ်တမ်းစာရွက်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သို့ အလှူငွေနှင့် အစားအစာများ လှူဒါန်းကျွေးမွေး

**နေပြည်တော် အောက်တိုဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ကို အများပြည်သူများနှင့် ကလေးသူငယ်များ ကြည့်ရှုလေ့လာနိုင်ရန် တိရစ္ဆာန်ချစ်မြတ်နိုးသူများ အစားအစာများ ကျွေးမွေးလှူဒါန်းနိုင်ရန်အတွက် ဖွင့်လှစ်ထားရှိလျက်ရှိရာ ယခုအခါ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားလျက်ရှိခြင်းကြောင့် လာရောက်ကြည့်ရှုသူနည်းပါးပြီး တိရစ္ဆာန်များအတွက်အစားအစာလုံလောက်မှုတွင် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည်။



တိရစ္ဆာန်များ၏ အစားအစာလုံလောက်စေရေးတွင် အထောက်အကူဖြစ်စေရန်အတွက် ယနေ့နံနက်ပိုင်းတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)အုပ်ချုပ်ရေးမှူး ဦးကျော်ရဲသီဟဖေက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား တာဝန်ရှိသူများက တိရစ္ဆာန်ဥယျာဉ်ရှိ တိရစ္ဆာန်များအား အစားအစာများ ကျွေးမွေးလှူဒါန်းကြကြောင်း သတင်းရရှိသည်။

**(အပေါ်ပုံ) သတင်းစဉ်**

## အောက်တိုဘာ ၁၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀၂၂ ဦး တွေ့ရှိ

### ထပ်မံသေဆုံးသူ ၂၉ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၈၃၈၈ ဦးရှိ

(၁၈–၁၀–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၁၇–၁၀–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၈–၁၀–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၆,၄၅၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၀၂၂) ဦးတွေ့ရှိရ**ပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၆.၂၁) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၆၄၁,၆၃၂) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၈၈,၈၇၅) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၁၁၂) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၄၁,၃၇၁) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ **ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂၉) ဦး** ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၈,၃၈၈) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၈–၁၀–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၇၈၉) ခု | (၃၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၉၂) ခု | (၁၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၃၄) ခု | (၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၆) ခု | (၁၂) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၈၅) ခု | (၃၂) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၀၂၂) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၄၅) ခု | (၄၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၃,၂၄၀) ခု | (၈၈၀) ဦး |
| စုစုပေါင်း | (၁၆,၄၅၃) ခု | (၁,၀၂၂) ဦး |

**လွန်ခဲ့သော(၂၁) ရက်အတွင်း ကိုဗစ်–၁၉ ဓာတ်ခွဲစစ်ဆေးမှုနှင့် အတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ (၂၆–၉–၂၀၂၁ မှ ၁၆–၁၀–၂၀၂၁) ရက်နေ့အထိ**

| ရက်စွဲ | ဓာတ်ခွဲနမူနာ စုစုပေါင်း | ဓာတ်ခွဲအတည်ပြု လူနာစုစုပေါင်း | ပျမ်းမျှရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း |
|---|---|---|---|
| (၂၆–၉–၂၀၂၁ မှ ၂–၁၀–၂၀၂၁) (Epi Week–39) | ၁၃၆,၈၂၉ | ၁၀,၆၄၉ | ၇.၇၈ |
| (၃–၁၀–၂၀၂၁ မှ ၉–၁၀–၂၀၂၁) (Epi Week–40) | ၁၂၇,၁၉၈ | ၁၀,၀၆၄ | ၇.၉၁ |
| (၁၀–၁၀–၂၀၂၁ မှ ၁၆–၁၀–၂၀၂၁) (Epi Week–41) | ၁၂၂,၆၇၄ | ၉,၅၁၈ | ၇.၇၆ |

- ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါကူးစက်ဖြစ်ပွားမှုအခြေအနေများအား ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုရေး ရက်သတ္တပတ်အလိုက် ဓာတ်ခွဲနမူနာရယူစစ်ဆေးမှု၊ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုနှုန်းအခြေအနေများအား စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ အပတ်စဉ် (၃၉)၊ အပတ်စဉ် (၄၀) နှင့် အပတ်စဉ် (၄၁) တို့ကို နှိုင်းယှဉ်ချက်အရ ပျမ်းမျှရောဂါပိုးတွေ့ရှိမှုနှုန်းများမှာ အပတ်စဉ်အလိုက် သိသာစွာပြောင်းလဲမှုမရှိသဖြင့် ရောဂါကူးစက်မှုအား ယခုထက် ပိုမိုလျော့နည်းလာစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပြည်သူလူထုအနေဖြင့် မိမိတို့ကဏ္ဍအလိုက် ယခုထက် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ၁၈- ၁၀ - ၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၅၇၈၂၅၃၂ | ၃၅၃၇၄၅၉၅ | ၇၄၄၅၄၆ |
| ၂။ | အိန္ဒိယ | ၃၄၀၈၁၃၁၅ | ၃၃၄၃၉၃၃၁ | ၄၅၂၃၂၁ |
| ၃။ | ဘရာဇီး | ၂၁၆၄၄၄၆၄ | ၂၀၇၉၄၄၉၇ | ၆၀၃၃၂၄ |
| ၄။ | ဗြိတိန် | ၈၄၄၉၁၆၅ | ၆၉၁၆၄၃၉ | ၁၃၈၅၈၄ |
| ၅။ | ရုရှား | ၈၀၂၇၀၁၂ | ၇၀၁၇၀၅၅ | ၂၂၄၃၁၀ |
| ၆။ | တူရကီ | ၇၆၅၄၂၇၇ | ၇၀၈၉၇၆၆ | ၆၇၆၂၃ |
| ၇။ | ပြင်သစ် | ၇၀၈၉၀၅၂ | ၆၈၇၈၃၆၃ | ၁၁၇၂၆၅ |
| ၈။ | အီရန် | ၅၇၉၆၆၅၉ | ၅၃၃၃၃၀၄ | ၁၂၄၂၅၆ |
| ၉။ | အာဂျင်တီးနား | ၅၂၇၂၅၅၁ | ၅၁၃၉၆၁၅ | ၁၁၅၆၆၆ |
| ၁၀။ | စပိန် | ၄၉၈၄၃၈၆ | ၄၈၂၅၇၉၄ | ၈၆၉၇၄ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁၈– ၁၀ – ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၃၅၃၈၄ | ၄၀၇၅၀၁၁ | ၁၄၂၉၉၉ |
| ဖိလစ်ပိုင် | ၂၇၂၇၂၈၆ | ၂၆၁၇၆၉၃ | ၄၀၇၆၁ |
| မလေးရှား | ၂၃၉၀၆၈၇ | ၂၂၇၀၅၂၀ | ၂၇၉၂၁ |
| ထိုင်း | ၁၇၉၃၈၁၂ | ၁၆၆၈၂၅၀ | ၁၈၃၃၆ |
| ဗီယက်နမ် | ၈၆၇၂၂၁ | ၇၉၂၉၈၀ | ၂၁၂၆၉ |
| မြန်မာ | ၄၈၈၈၇၅ | ၄၄၁၃၇၁ | ၁၈၃၈၈ |
| စင်ကာပူ | ၁၄၈၁၇၈ | ၁၂၁၉၆၅ | ၂၃၃ |
| ကမ္ဘောဒီးယား | ၁၁၆၈၆၀ | ၁၁၁၁၄၉ | ၂၆၇၀ |
| လာအို | ၃၂၃၁၄ | ၂၅၂၆၉ | ၄၀ |
| ဘရူနိုင်း | ၁၀၈၆၀ | ၈၀၄၅ | ၇၃ |

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် အသက် ၁၂ နှစ်ပြည့်ပြီး အခြေခံပညာအလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ကာကွယ်ဆေး(ပထမအကြိမ်) ထိုးနှံပေးနေမှုများ ကြည့်ရှုအားပေး

မန္တလေး အောက်တိုဘာ ၁၈

**မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ အသက် ၁၂ နှစ်ပြည့်ပြီးသည့် အခြေခံပညာအလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများအား ကိုဗစ်-၁၉ကာကွယ်ဆေး (ပထမအကြိမ်) ထိုးနှံပေးနေသည့် အမှတ်(၈) နှင့် အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းများသို့ ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုကာ ကျောင်းသားကျောင်းသူများနှင့် မိဘများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားများပြောကြားသည်။** (ယာပုံ)



တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောင်းသား ကျောင်းသူများ၊ ၎င်းတို့၏ မိဘများနှင့် တွေ့ဆုံပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို အခြားသောနိုင်ငံများတွင်လည်း အသက်(၁၂)နှစ်အထက် ကျောင်းသား ကျောင်းသူများအား ထိုးနှံပေးလျက်ရှိကြောင်း၊ ကာကွယ်ဆေးထိုးခြင်းဖြင့် အကျိုးကျေးဇူးများရရှိသည့်အပြင် ပညာသင်ယူခွင့် အခွင့်အလမ်းများရရှိမည်ဖြစ်ကြောင်း၊ ယခုထိုးနှံပေးသည့် Sinovac အမျိုးအစား ကာကွယ်ဆေးမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အသိအမှတ်ပြုထားသည့် ဆေးဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ကာကွယ်ဆေးမထိုးနှံလိုက်ရသည့် ကျောင်းသား ကျောင်းသူများကိုလည်း ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးများထိုးပြီးပါက ကျောင်းများပြန်ဖွင့်မည်ဖြစ်၍ မိမိတို့၏သားသမီးများ ကာကွယ်ဆေးထိုးနှံရာတွင် မိဘများကပါဝင်ပူးပေါင်းရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ကာကွယ်ဆေးမထိုးမီ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးနေမှုများ၊ ဆေးထိုးနှံပေးနေမှုများ၊ စာရင်းသွင်းနေမှုများကို လိုက်လံကြည့်ရှုပြီး ဆေးထိုးနှံရန်ပူးပေါင်းဆောင်ရွက်နေသော ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ဦးတည်အုပ်စုများသတ်မှတ်ပြီး ဦးစားပေးထိုးနှံပေးလျက်ရှိရာ အခြေခံပညာအလယ်တန်း၊ အထက်တန်းအဆင့် အသက်(၁၂)နှစ်အထက် ပညာသင်ယူနေသော ကျောင်းသား ကျောင်းသူများ ပါဝင်ပြီး မိဘများ၏ခွင့်ပြုချက်ရယူပြီးမှသာ ဆေးထိုးနှံပေးခြင်းဖြစ်ကြောင်း၊ ပထမအကြိမ်ထိုးနှံရက်မှစ၍ ၂၁ ရက်မှ ၂၈ ရက်အတွင်း ဒုတိယအကြိမ်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း၊ ဦးတည်အုပ်စုအလိုက် ကာကွယ်ဆေးများထိုးနှံခြင်းဖြင့် ကာကွယ်ဆေးထိုးလွှမ်းခြုံမှုများမြင့်မားလာပြီး ရောဂါဖြစ်ပွားမှုကို တားဆီးကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်းနိုင်ငံများဖြစ်သော တရုတ်၊ ထိုင်း၊ စင်ကာပူ၊ မလေးရှားနှင့် ကမ္ဘောဒီးယား နိုင်ငံတို့တွင်လည်း ကျောင်းနေအရွယ်ကလေးများအား ကိုဗစ်-၁၉ ကာကွယ်ဆေးများထိုးနှံပေးနေကြောင်း သိရသည်။ **သတင်းစဉ်**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဘားအံမြို့နယ်အတွင်း အသက် ၁၂ နှစ်နှင့်အထက် အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနေမှု ကြည့်ရှုအားပေး

**ဘားအံ အောက်တိုဘာ ၁၈**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက ဘားအံမြို့နယ်အတွင်းရှိ အသက် ၁၂ နှစ်နှင့် အထက် အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများအား သတ်မှတ်စုရပ်အလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (Sinovac) ထိုးနှံပေးနေမှုကို လှည့်လည်ကြည့်ရှု အားပေးသည်။**(ယာပုံ)**



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် ဘားအံမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများ ပူးပေါင်း၍ အသက် ၁၂ နှင့်အထက် အလယ်တန်းနှင့်အထက်တန်း ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှု၊ ကာကွယ်ဆေးမထိုးမီ စာရင်းရေးသွင်းခြင်း၊ မိဘအုပ်ထိန်းသူများ၏ ခွင့်ပြုချက်ရယူခြင်း၊ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကာကွယ်ဆေးထိုးနှံပြီးနောက် မိနစ် ၃၀ ကြာ စောင့်ဆိုင်းပြီးမှ ပြန်လည်ထွက်ခွာစေခြင်းတို့ကို ကြည့်ရှုအားပေးခဲ့ကြသည်။

ထိုသို့ သွားရောက် ကြည့်ရှုအားပေးရာတွင် ဘားအံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ဘားအံမြို့နယ်တွင် ကာကွယ်ဆေးထိုးစုရပ် (၁၁) နေရာ၌ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိပြီး ကျောင်းသား ကျောင်းသူများ အဆင်ပြေလွယ်ကူချောမွေ့စွာ ကာကွယ်ဆေး ထိုးနှံနိုင်ရေးစီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဝန်ကြီးများသည် ဘားအံမြို့ အမှတ်(၇)ရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ကာကွယ်ဆေးထိုးနှံရန် စောင့်ဆိုင်းနေကြသည့် ကျောင်းသားမိဘများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံပြီး ကျောင်းသား ကျောင်းသူများ၏ ပညာသင်ယူမှုအခွင့်အလမ်း မဆုံးရှုံးစေရေးအတွက် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်မည့် အခြေအနေ၊ ကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် မိဘ၊ ဆရာနှင့် အဘက်ဘက်မှဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး ကာကွယ်ဆေးထိုးလုပ်ငန်းစဉ်များအား လှည့်လည်ကြည့်ရှုအားပေးသည်။ **စောမျိုးမင်းသိန်း**

(ပြန်/ဆက်)

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော်
အောက်တိုဘာ ၁၈**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။

မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် မုတ္တမကွေ့၊ မွန် - တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# မရမ်းကုန်းမြို့နယ်၌ အသက်၁၂နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး စတင်ထိုးနှံ

**မရမ်းကုန်း အောက်တိုဘာ ၁၈**

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ အသက်၁၂နှစ်နှင့် အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းရှိ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို ယနေ့နံနက် ၉ နာရီက ထိုးနှံပေးသည်။

ယနေ့ထိုးနှံပေးသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးမှာ Sinovac အမျိုးအစားဖြစ်ပြီး ကာကွယ်ဆေးလာရောက်ထိုးနှံသည့် ကျောင်းသား ကျောင်းသူများအတွက် လက်ဆေးဘေစင်များ၊ လက်သန့်ဆေးရည်များထားရှိပေးခြင်း၊ သွေးပေါင်ချိန်နှင့် အပူချိန်တိုင်းတာခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးသည်။

အဆိုပါ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံသည့်နေရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ဇော်ဇော်အောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးသန့်၊ မြို့နယ်ပညာရေးမှူးဒေါ်ဝေဝေမြင့်နှင့် တာဝန်ရှိသူများ လာရောက်အားပေးကြည့်ရှုပြီး ယနေ့တွင် မြို့နယ်အတွင်းရှိ မူလတန်းလွန်ကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းတို့ရှိ ကျောင်းသား ကျောင်းသူ ၂၀၀ အား ကာကွယ်ဆေးထိုးနှံပေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု ကြည့်ရှုစစ်ဆေး

**မကွေး အောက်တိုဘာ ၁၈**

ကိုဗစ်-၁၉ကာကွယ်ဆေးထိုးပေးခြင်းဖြင့် ကျောင်းသား ကျောင်းသူများ ပညာသင်ယူမှု အခွင့်အလမ်းများရရှိလာစေရန်နှင့် ကာကွယ်ဆေးလွှမ်းခြုံမှု အလျင်အမြန်ရရှိလာစေရေးအတွက် မကွေးမြို့နယ်အတွင်းရှိ အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးများကို အောက်တိုဘာ ၁၇ ရက်မှ စတင်၍ သတ်မှတ်စုရပ် ကျောင်းများအလိုက် ထိုးနှံပေးလျက်ရှိရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်သည် ယနေ့နံနက် ၉ နာရီက မကွေးမြို့ အ.ထ.က(၁)ကျောင်းတွင် အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ကာကွယ်ဆေးများထိုးနှံပေးနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မကွေးမြို့ အ.ထ.က(၁)ကျောင်းတွင် အသက် ၁၂ နှစ် အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ရောဂါကာကွယ် ဆေးများ ထိုးနှံပေးနေမှုအား ကြည့်ရှုစစ်ဆေးပြီး ဆရာ ဆရာမများနှင့် မိဘအုပ်ထိန်းသူများအနေဖြင့်လည်း မိမိတို့သားသမီးများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

မကွေးမြို့နယ်အနေဖြင့် အသက်(၁၂)နှစ်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရန် စုရပ်နေရာ(၁၅)နေရာဖြင့် ကိုဗစ်-၁၉ကာကွယ်ဆေးထိုးခြင်းကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် ကာကွယ်ဆေးထိုးနှံမည့် အသက် ၁၂ အထက် ကျောင်းသား ကျောင်းသူ ဦးရေအနေဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ဦးရေ ၆၅၁၁ ဦး ရှိကြောင်း သိရသည်။ **ကိုစည်သူ(မကွေး)**



## ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မြစ်ကြီးနားမြို့၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနေမှု လိုက်လံကြည့်ရှုအားပေး

**မြစ်ကြီးနား အောက်တိုဘာ ၁၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ အသက် ၁၂ နှစ်နှင့်အထက် အထက်တန်းနှင့်အလယ်တန်း အဆင့် ကျောင်းသား ကျောင်းသူများအား ဦးတည်အုပ်စုအလိုက် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံခြင်း ဆောင်ရွက်လျက်ရှိ ရာ ယနေ့ နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ပြည်နယ်ဝန်ကြီးများက လိုက်လံကြည့်ရှု အားပေးသည်။ **(ယာပုံ)**



ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မြတ်သက်ဦးနှင့် ပြည်နယ်ဝန်ကြီးများက အမှတ် (၄)အခြေခံပညာ အထက်တန်းကျောင်းဝင်း အတွင်း အသက် ၁၂ နှစ်နှင့် အထက် ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် ကျောင်းဆရာ ဆရာမများ၏ ဝိုင်းဝန်းပံ့ပိုးကူညီမှုဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်ဆေးတပ်ဖွဲ့မှ ဆရာဝန်များက ကိုဗစ်-၁၉ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများနှင့် အညီ ကျောင်းသားအမည်စာရင်း ကောက်ယူခြင်း၊ ကာကွယ်ဆေး ထိုးနှံပေးခြင်းနှင့် ဆေးထိုးနှံပြီးစီးသည့် ကျောင်းသား ကျောင်းသူများအား စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ကာကွယ်ဆေးထိုးအစီအစဉ်တွင် ပါဝင်နေသူများအား ထောက်ပံ့ချီးမြှင့်ငွေများနှင့် ကိုဗစ်ကာကွယ်ရေးသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

အလားတူ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကာကွယ်ဆေး ထိုးနှံပေးခြင်းလုပ်ငန်းကို မြစ်ကြီးနားမြို့ အမှတ်(၉)အခြေခံပညာ အထက်တန်းကျောင်း၌ စုရပ်ပြုလုပ်၍ ကျောင်းသား ကျောင်းသူ ၉၀၀ တို့အား ကာကွယ်ဆေး ထိုးနှံပေးလျက် ရှိကြောင်းနှင့် ပြည်နယ်အတွင်း အထက်တန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား ကာကွယ်ဆေး ထိုးနှံနိုင်ရေးစီမံချက်အရ ကျောင်းအပ်နှံထားရှိသည့် ကျောင်းသား ကျောင်းသူ ဦးရေ စုစုပေါင်း ၅၆၈၃၇ ဦး ရှိကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ စီတာပူရပ်ကွက်အတွင်းရှိ ပြည်သူများအား ကျန်းမာရေးဝန်ထမ်းများမှ ကာကွယ်ဆေး ထိုးနှံပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြပြီး ကျန်းမာရေးဝန်ထမ်းများအတွက် ထောက်ပံ့ချီးမြှင့်ငွေများနှင့် ကာကွယ်ဆေးထိုးနှံရန် လာရောက်သူများအတွက် နှာခေါင်းစည်းများ ဖြန့်ဝေပေးအပ်ခဲ့ကြသည်။

**ပြည်နယ်**
**(ပြန်/ဆက်)**

## တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်များ၌ အသက်(၁၂)နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေး



ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်။ အေဇာလင်း



ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်။ မြို့နယ်(ပြန်/ဆက်)



စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်။ စိုးဝေအောင်(ပြန်/ဆက်)



မွန်ပြည်နယ် ချောင်းဆုံမြို့နယ်။ မြို့နယ်(ပြန်/ဆက်)



ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့နယ်။ အိဇာချို (ပြန်/ဆက်)



ကရင်ပြည်နယ် ဘားအံမြို့နယ်။ ခရိုင်(ပြန်/ဆက်)

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး

**ရန်ကုန် အောက်တိုဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းစုရပ်များ၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဆက်လက် ထိုးနှံပေးလျက်ရှိသည်။

ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် ကမ္ဘာအေးဘုရားလမ်းရှိ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း နန်းယန်စုရပ်၌ ဗဟန်းမြို့နယ်အတွင်းရှိ အသက် ၁၂ နှစ်နှင့်အထက် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိရာ ကာကွယ်ဆေး လာရောက်ထိုးနှံကြသော ကျောင်းသား ကျောင်းသူများအား ကျန်းမာရေး ဝန်ထမ်းများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကိုယ်အပူချိန်တိုင်းပေးခြင်း၊ သွေးအတွင်း အောက်ဆီဂျင်ပမာဏ တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးကြပြီး ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးကြသည်။



အထက (၂) ဗဟန်းတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။



အထက (၂) မင်္ဂလာဒုံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။

## ကာကွယ်ဆေးထိုးနှံပေး

အလားတူ ဒဂုံမြို့နယ် အမှတ် (၂)အခြေခံပညာ အထက်တန်းကျောင်း (မြို့မ)စုရပ်တွင် မြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်း၊ အခြေခံပညာအလယ်တန်း၊ အခြေခံကျောင်းများမှ ကျောင်းသား ကျောင်းသူများအား လည်းကောင်း၊ ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းစုရပ်တွင် မြို့နယ်အတွင်းရှိကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ လှိုင်မြို့နယ် ရန်ကုန်ယူနိုက်တက် ဘောလုံးကွင်းရှိ အားကစားခန်းမတွင် မြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း စုစုပေါင်း ကျောင်း ၁၆ ကျောင်းမှ ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ မင်္ဂလာဒုံမြို့နယ် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း (အောင်ဆန်း) ကျောင်း စုရပ်နှင့် မင်္ဂလာဒုံမြို့နယ် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း (အောင်ဆန်းသူရိယလှသောင်း) ကျောင်းစုရပ်တို့၌ မြို့နယ်များအတွင်းရှိ ကျောင်းသား ကျောင်းသူများအားလည်းကောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည်။

ထို့ပြင် ဒလမြို့နယ် မြို့မ (၄) ရပ်ကွက် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း အုံ့ကြီးအနောက်ရပ်ကွက်ရှိ အမက (၁၃) ကျောင်း၊ တာကြီးရပ်ကွက်ရှိ အလက (၆) ကျောင်းနှင့် ပျော်ဘွယ်ကြီးစံပြကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းတို့ရှိ ဆေးထိုးစုရပ်များ၌ မြို့နယ်များအတွင်းရှိ အသက် ၁၂ နှစ်နှင့်အထက် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးကြသည်။

## ကျန်းမာရေးဆောင်ရွက်ရန်စီစဉ်

ကာကွယ်ဆေးထိုးနှံပေးသည့် နေရာများ၌လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် လက်ဆေးဘေစင်များထားရှိ၍ လက်ဆေးစေခြင်း၊ Mask များ ဝတ်ခြင်း၊ ဆေးထိုးရန် လာရောက်ကြသည့် ကျောင်းသားကျောင်းသူများအား ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန် တိုင်းတာခြင်း၊ သွေးထဲတွင်ရှိသည့် အောက်ဆီဂျင် ပမာဏတိုင်းတာခြင်းတို့ကို ဦးစွာဆောင်ရွက်ပေးပြီး လုပ်ငန်းစဉ်များ ပုံမှန်ဖြစ်မှသာ ကာကွယ်ဆေးထိုးနှံပေးခြင်းဖြစ်ကာ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုများ လိုအပ်ပါက ကုသပေးနိုင်ရန် စီစဉ်ထားကြောင်းနှင့် ကာကွယ်ဆေးလာရောက်ထိုးနှံကြသည့် ကျောင်းသား ကျောင်းသူများအား ကာကွယ်ဆေးထိုးနှံပြီးနောက် နောက်ဆက်တွဲပြဿနာ၊ အန္တရာယ်တစ်စုံတစ်ရာ ရှိ/မရှိ သိရှိနိုင်ရန် နာရီဝက်စောင့်ကြည့်ပြီး တစ်စုံတစ်ရာ ထူးခြားမှုရှိပါက ချက်ချင်းသတင်းပေးပို့အကြောင်းကြားနိုင်ရန် ဆောင်ရွက်ထားကြောင်းလည်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံကြမည့် ကျောင်းသား ကျောင်းသူများအား ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာနိုင်စေရန် School Bus များ စီစဉ်ပေးထားပြီး ဆေးထိုးစုရပ် ကျောင်းပတ်ဝန်းကျင် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့များ၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့များက လုံခြုံရေး ဆောင်ရွက်ပေးထားကြောင်းလည်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဇူလိုင် ၈ ရက်က ကျောင်းတက်ခဲ့သည့် စာရင်းအရ ကျောင်းသား ကျောင်းသူ ၆၈၅၅၈ ဦးကို ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံခြင်းဖြစ်ပြီး ကျန်ရှိနေသော အသက် ၁၂ နှစ်အထက် ကျောင်းသားကျောင်းသူများအားလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - ကိုကိုဇော်**

**ဓာတ်ပုံ - ဇော်မင်းလတ်၊ နိုင်လင်းကျော် (ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျောင်းပေါင်း ၃၂၀၀ ကျော်၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသားကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံ

ရန်ကုန် အောက်တိုဘာ ၁၈

**"ကျောင်းနေအရွယ်ကလေးတိုင်း ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်ဖို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးကြပါစို့" ဆိုသည့် ဆောင်ပုဒ်အတိုင်း မြန်မာနိုင်ငံအတွင်းရှိ အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူများအား နေပြည်တော်တွင် အောက်တိုဘာ ၁၂ ရက်၌ လည်းကောင်း၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အောက်တိုဘာ ၁၇ ရက်၌ လည်းကောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိသည်။**



ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင် ပညာသင်ယူလျက်ရှိသော အသက် ၁၂ နှစ်နှင့်အထက် အထက်တန်းနှင့် အလယ်တန်းအဆင့် ကျောင်းများ၊ ဘုန်းတော်ကြီး သင်ပညာရေးကျောင်းများ အပါအဝင် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာမြို့နယ်အလိုက် ဆေးထိုးစုရပ်များ၌ ဆက်လက်ထိုးနှံပေးလျက်ရှိသည်။ (ဓာတ်ပုံ)

## ဆေးထိုးစုရပ်များတွင်ထိုးနှံ

ရန်ကုန်တိုင်း ဒေသကြီးအတွင်း ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာ ကျောင်းပေါင်း ၂၇၅၈ ကျောင်း၊ ကိုယ်ပိုင်ကျောင်းပေါင်း ၂၄၄ ကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ၂၃၀၊ စုစုပေါင်း ၃၂၃၂ ကျောင်းတို့၌ အသက် ၁၂ နှစ်ပြည့်ပြီး ၁၈ နှစ်ပြည့်အောက် ကျောင်းသား ကျောင်းသူများကို အောက်တိုဘာ ၁၇ ရက်မှစတင်၍ အရှေ့ပိုင်းခရိုင်တွင် ၅၆၀၇ ဦး၊ အနောက်ပိုင်းခရိုင်တွင် ၉၈၉ ဦး၊ တောင်ပိုင်းခရိုင်တွင် ၇၂၃၂ ဦးနှင့် မြောက်ပိုင်းခရိုင်တွင် ၁၃၂၈၅ ဦးတို့ကို ထိုးနှံပေးပြီး ယနေ့ အောက်တိုဘာ ၁၈ ရက်တွင်လည်း သက်ဆိုင်ရာမြို့နယ်များအတွင်းရှိ ဆေးထိုးစုရပ်များတွင် ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထို့အတူ သဃ်ာန်းကျွန်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း သုဝဏ္ဏ၌ ယနေ့နံနက်ပိုင်းမှစတင်၍ အသက် ၅၀ နှင့်အထက် (B)အုပ်စုကို အောက်တိုဘာ ၁၂ ရက်မှ ၂၂ ရက်အထိ ပထမအကြိမ်၊ အသက် ၅၅ နှစ်နှင့်အထက် (A ) အုပ်စုများကို အောက်တိုဘာ ၁၇ ရက်မှ ၂၉ ရက်အထိ ဒုတိယအကြိမ် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

## အသက် ၅၀ နှင့်အထက်ထိုးနှံ

သဃ်ာန်းကျွန်းမြို့နယ် ကျန်းမာရေးမှူးက "ဒီနေ့ ဆေးထိုးပေးတာက အသက် ၅၀ နဲ့အထက် (B) အုပ်စုကို ပထမအကြိမ်နဲ့ အသက် ၅၅ နှစ်နဲ့အထက် (A)အုပ်စုတို့ကို ဒုတိယအကြိမ်ထိုးနှံပေးတာဖြစ်ပါတယ်။ အရင်လက အသက် ၅၅ နှစ်အထက်ကို စက်တင်ဘာ ၁၇ ရက်က ပထမအကြိမ် စထိုးပေးတာဆိုတော့ ဒီနေ့က ဒုတိယအကြိမ်၊ အခု အသက် ၅၀ နဲ့ အထက် ပထမအကြိမ်နဲ့ ဆေးထိုးရက် တိုက်သွားတာကြောင့် လူများသွားတယ်၊ ဒီနေ့ထိုးပေးတာက သုဝဏ္ဏဘက်ရပ်ကွက်ပေါင်း (၁၄) ရပ်ကွက် က ပြည်သူတွေကို ထိုးပေးတာပါ" ဟု ပြောသည်။

**သတင်း/ ဓာတ်ပုံ - မွေးမွေး**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် အောက်တိုဘာ ၁၈**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ညောင်ဦးမြို့တွင် ၄ ဒသမ ၂၅ လက်မ၊ ကွမ်းခြံကုန်းမြို့တွင် ၃ ဒသမ ၄၆ လက်မ၊ ဟားခါးမြို့တွင် ၂ ဒသမ ၇၅ လက်မ၊ ရမ်ကလောင်းတွင် ၂ ဒသမ ၆၀ လက်မ၊ မကွေးမြို့တွင် ၂ ဒသမ ၂၈ လက်မ၊ မင်းဘူးမြို့နှင့် မော်ဘီ (စိုက်ပျိုးရေးမိုးလေဝသ) တို့တွင် ၂ ဒသမ ၂၄ လက်မစီ၊ ဥက္ကံမြို့တွင် ၂ ဒသမ ၂၀ လက်မ၊ မာန်အောင်မြို့တွင် ၂ ဒသမ ၁၃ လက်မနှင့် စစ်တွေမြို့တွင် ၂ ဒသမ ၀၁ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# သက်သာသော ဈေးနှုန်းဖြင့် စားအုန်းဆီဖြန့်ဖြူးရောင်းချလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် စားသုံးသူပြည်သူများ သက်သာသော ဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် မှာယူတင်သွင်းခဲ့သည့် စားအုန်းဆီများကို တစ်ပိဿာလျှင် လက်ကားဈေး ငွေကျပ် ၃၇၀၀ နှုန်းဖြင့် စက်တင်ဘာ ၂၀ ရက်မှ စတင်ရောင်းချလျက်ရှိရာ ယနေ့ထိ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသ ကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ နေပြည်တော်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့အတွက် စားအုန်းဆီ ၇၉၁၆၇၅၅ ပိဿာ၊ တန်ချိန် ၁၂၉၃၅ ဒသမ ၈၈ တန် ရောင်းချခဲ့ပြီးဖြစ်သည်။

ရန်ကုန်မြို့အတွင်းရှိ စားသုံးသူများအတွက်အသင်း၏ အစီအစဉ်ဖြင့် ရပ်ကွက်များသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိပြီး ကျန်တိုင်းဒေသကြီး/ ပြည်နယ်များသို့လည်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ စားအုန်းဆီများကို လက်ကားဝယ်ယူရောင်းချသူများအနေဖြင့် လက်လီအရောင်းဆိုင်များတွင် အသားတင် အကျိုးအမြတ် ၂ ရာခိုင်နှုန်းထက် မပိုသည့်ဈေးနှုန်းဖြင့် စားသုံးသူ ပြည်သူများသို့ ပြန်လည်ဖြန့်ဖြူးရောင်းချသွားရမည်ဖြစ်ကြောင်းနှင့် စားသုံးသူပြည်သူများသို့ လက်လီ/ လက်ကား ဖြန့်ဖြူးရောင်းချပေးမည့် လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း အမှတ် (၁၀၄/၁၀၈) ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် (ဆင်မင်းအိမ်ရာဓမ္မာရုံရှေ့)အလုံမြို့နယ် ဖုန်းအမှတ်- ၀၉-၄၄၄၄၃၇၂၉၅၊ ၀၉-၄၀၁၅၂၇၀၄၉ နှင့် ရန်ကုန်တိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန ၀၁-၂၅၀၂၇၀၊ ၀၉-၄၃၆၆၆-၆၆၈ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# နေရပ်စွန့်ခွာဒေသခံပြည်သူများအား ငွေနှင့်အခြေခံစားသောက်ကုန်များ ပံ့ပိုးကူညီ

**သီပေါ အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းကိုင်မြို့နယ် ပန်ကေတုကျေးရွာသို့ တိမ်းရှောင်လာသော နေရပ်စွန့်ခွာသူများအား လူသားချင်းစာနာထောက်ထားသောအားဖြင့် သီပေါမြို့နယ်စည်းမခြားပရဟိတနှင့် သီပေါလူငယ် နမ့်လန် ဖြူစင်နှလုံးသားလူမှုကူညီရေး ပရဟိတနှင့် ရန်ကုန်၊ သီပေါမြို့တို့မှ အလှူရှင်များစုပေါင်း၍ ယနေ့နံနက်ပိုင်းက အလှူငွေနှင့် အခြေခံစားသောက်ကုန်များ သွားရောက်လှူဒါန်းသည်။

**လှူဒါန်းနိုင်**

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းကိုင်မြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာသူ ၄၄၈ ဦး တို့အား အလှူငွေကျပ် ၁၂ သိန်းနှင့် အခြေခံစားသောက်ကုန်များကို နယ်စည်းမခြားပရဟိတအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်လွင်နှင့်အဖွဲ့က ပေးအပ်လှူဒါန်းပြီး ကျန်ရှိသည့် အုပ်စုများကိုလည်း ဆက်လက် ပံ့ပိုးကူညီမည်ဖြစ်သည်။ လှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နယ်စည်းမခြား ပရဟိတ (သီပေါ) ဦးမျိုးမြင့်လွင် ဖုန်း ၀၉-၂၅၉၁၃၆၁၆၄ နှင့် နမ့်လန်ဖြူစင်နှလုံးသားပရဟိတ ဦးရန်နိုင်စိုး ၀၉-၄၀၃၇၆၄၆၆၃ တို့သို့ ဆက်လက် လှူဒါန်းနိုင်ကြောင်း သိရသည်။

**စိုင်း (သီပေါ)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၈ - ၁၀ - ၂၀၂၁

### ရွှေ

| | | | |
|---|---|---|---|
| ရန်ကုန် ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၅၅၀၀၀ |
| ရန်ကုန် ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၄၅၉၀၀ |
| မန္တလေး ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၅၅၀၀၀ |
| မန္တလေး ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၄၅၉၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၄၄၅/၁၄၈၀ ကျပ် | ၁၄၇၅/၁၅၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၄၅၅/၁၄၈၅ ကျပ် | ၁၄၉၀/၁၅၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၄၄၀/၁၄၇၀ ကျပ် | ၁၄၉၀/၁၅၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၄၇၀/၁၅၁၅ ကျပ် | ၁၆၀၀/၁၆၃၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၂၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၁၀၇ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၄၇ . ၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၄ . ၃၅၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၉၁ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၃၆ . ၇၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၂ . ၈၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၄ . ၁၆၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၀၀၀ | ၈၀၀၀ | ၁၀၈ | ၈၆၄၀၀၀ |
| MTSH | ၃၂၅၀ | ၃၂၅၀ | ၁၇၁၈ | ၅၅၈၃၅၀၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၅ | ၃၈၅၀၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၁၁ | ၂၁၄၅၀၀ |
| TMH | ၂၆၅၀ | ၂၆၅၀ | ၁၀၅ | ၂၇၈၂၅၀ |
| EFR | ၂၉၀၀ | ၂၉၅၀ | ၃၉၂ | ၁၁၃၈၆၅၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၁၀ | ၅၀၀၀၀ |

ညီညီ - စုစည်းသည်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၉-၁၀-၂၀၂၁ အင်္ဂါနေ့

**MRTV HD**

၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ မောရ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ နွှဲစို့တူပျော်မီးမြင်းမိုရ်ပွဲတော်
၀၉:၁၀ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၁၀:၀၀ သတင်းထဲကသတင်း
၁၁:၄၀ ရုပ်မြင်သံကြားဇာတ်လမ်း 'စည်းကမ်းလိုက်နာဘေးကင်းကွာ'
၁၃:၃၀ MRTV National News
၁၅:၀၀ Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'မြန်မာစာဘာသာရပ်'
၁၆:၃၅ မျှဝေအသိပေးကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး
၁၇:၁၀ ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
၁၇:၂၅ လူငယ်မျိုးဆက်သစ်အစီအစဉ်
၁၇:၄၅ လမြတ်ရာသီ သီတင်းကျွတ်ချိန်ခါမီ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သံစဉ်ချိုမြ မြန်မာတေးအလှ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြောင်းလဲနိုင်သော အချိန်စက်ဝန်း' (အပိုင်း-၂၁)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ ရုပ်မြင်သံကြားဇာတ်လမ်း 'သူရာ....ပါန'
၂၁:၁၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'မတူညီသောမေတ္တာများ' (အပိုင်း-၁၃)

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal SCAN ME

**mitv**

07:01 News
07:27 Te Ja Su Ne Ma (Tekkatho Lei Lei)
07:35 Yoga & Health
07:54 Scented Buddha Images
08:01 Thadingyut .. Beautiful Night With Colourful Lights
08:19 Myanmar Weaving
08:31 19 Hours
08:56 Inn-Waing Waterfall
09:01 Dances of Myanmar: Enn Traditional Dance
09:05 Myanmar Traditional Thached Roofs: IN-LEAF
09:22 Kyauk Se Elephant Dance
09:45 Ecotourism: Tamu And Hand Washing Lake
10:13 Myanmar Childhood Games (Episode-3)
11:01 Myanmar's Beauty and Nature "Beach"

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)** နွှဲစို့တူပျော်မီးမြင့်မိုရ်ပွဲတော်
**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)** ကရင်တိုင်းရင်းသားတို့ရဲ့ ရိုးရာအိမ်ကလေး
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)** ရောဝတီရဲ့ အရိုင်းဆန်တဲ့အလှ ဂေါ်ရန်ဂျီ (အပိုင်း-၃)
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)** ရေကညွတ်ဟင်း
**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)** သင်မယ်၊ ရေးမယ် တို့ချင်းစာ(အပိုင်း-၂၄)
**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)** ရှေးခေတ်ချင်း(ချိုး)တို့၏မေတ္တာမျှတေး
**မွန် (၁၃:၀၀ မှ ၁၅:၀၀)** ခေါင်လန်ဖူးသို့ အလည်တစ်ခေါက်(အပိုင်း-၁)
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)** ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၁)
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၀)
**ဝ (၁၉:၀၀ မှ ၂၁:၀၀)** ကြက်သားသခွားသီး ချက်စားရအောင်
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)** အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ထဲက ချစ်စရာရိုးရာအိမ်ကလေး

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၅)
၁၁:၀၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အပေါင်းအသင်း'
၁၁:၃၀ အတွေးအမြင် (အပိုင်း-၅)

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS' ကို နေ့စဉ်နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ညနေ (၆:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့

စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm



## ကလေးမြို့နယ်နှင့် ဂန့်ဂေါမြို့နယ်အတွင်း PDF အကြမ်းဖက်သမားများ၏ အကြမ်းဖက် သတ်ဖြတ်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် ထွက်ပြေးတိမ်းရှောင်လာသည့် ပြည်သူများအား ဆန်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ဂန့်ဂေါ မြို့နယ်အတွင်းရှိ ကျေးရွာများ၌ NLD ပါတီ ထောက်ခံသူအစွန်းရောက်အကြမ်းဖက်အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့များ၏ ဥပဒေမဲ့ ခြိမ်းခြောက်၊ လူသတ်၊ မီးရှို့မှုများကြောင့် ကျေးရွာများရှိ ဒေသခံပြည်သူများသည် ၎င်းတို့၏ နေအိမ်များတွင် နေထိုင်နိုင်ခြင်းမရှိဘဲ လုံခြုံစိတ်ချရသည့် နယ်မြေခံတပ်ရင်းများတွင် ခေတ္တတိမ်းရှောင် နေထိုင်လျက်ရှိသည်။

အဆိုပါ တိမ်းရှောင်လာသည့် ပြည်သူများ နေထိုင်စားသောက်မှု အဆင်ပြေစေရန်အတွက် ယနေ့တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ကလေးတပ်နယ်မှ တာဝန်ရှိသူများက ကလေးမြို့နယ်မြေခံတပ်၌ ကလေးမြို့နယ်နှင့် ဂန့်ဂေါမြို့နယ် အတွင်းတို့မှ အိမ်ထောင်စု ၄၄ စု၊ လူဦးရေ ၁၆၅ ဦးတို့အတွက် ဆန် ၂၅ အိတ်၊ ကုလားပဲ တစ်အိတ်၊ နို့ဆီဘူးများနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (ဝဲပုံ)

**သတင်းစဉ်**

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ပြည်သူများက မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ အောက်ဆီဂျင်အရည် ၂၅ တန် လှူဒါန်း

**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၏ကြီးကြပ်မှု၊ ပြည်သူ့ကျန်းမာရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ရန်ပုံငွေရှာဖွေရေးကော်မတီအစီအစဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ပြည်သူများက မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ အောက်ဆီဂျင်အရည် ၂၅ တန် လှူဒါန်းခြင်းကို ယနေ့နံနက် ၁၁ နာရီတွင် အဆိုပါဆေးရုံကြီး၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးများ၊ မန္တလေးအထွေထွေရောဂါကုဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယူနန်ပြည်နယ်ပြည်သူများ လှူဒါန်းသည့် အောက်ဆီဂျင်အရည် ၂၅ တန်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပြည်သူ့ကျန်းမာရေးနှင့်မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ရန်ပုံငွေရှာဖွေရေးကော်မတီအတွင်းရေးမှူးနှင့် တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ရာ တိုင်းဒေသကြီး ဝန်ကြီးများဖြစ်ကြသည့် ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ ဦးကျော်ဆန်း၊ ဦးမျိုးအောင်နှင့် ဦးယဉ်ထွေးနှင့် ဆေးရုံအုပ်ကြီး ဒေါက်တာသက်အောင်တို့က လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



အောက်ဆီဂျင်အရည် သယ်ဆောင်လာသော ယာဉ်အား တွေ့ရစဉ်။



ဂျူဗင်တပ်စ်တိုက်စစ်ကစားသမား မွိုက်စ်ကိန်း ရိုးမားအသင်းဘက်သို့ ဂိုးသွင်းယူရန် ကြိုးပမ်းစဉ်။

*❍ ကျောဖုံးမှ*

ပြိုင်ဘက် ရိုးမားအသင်းက စီးရီးအေ၌ ယခုနှစ်ရာသီ သုံးပွဲမြောက်ရှုံးပွဲနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

ရာသီအစပွဲစဉ်များတွင် ပုံမှန်ခြေစွမ်းရရှိရန် ရုန်းကန်ခဲ့ရသည့် ဂျူဗင်တပ်စ်အသင်းသည် နောက်ပိုင်း ပွဲစဉ်များတွင် ငါးပွဲဆက်နိုင်ပွဲရရှိသည်အထိ ခြေစွမ်းပြသလာနိုင်ခဲ့သည်။ ဂျူဗင်တပ်စ်အသင်းသည် အောက်တိုဘာ ၂၁ ရက်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲအဖြစ် ဇင်းနစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရန်ရှိသော်လည်း ယနေ့ပွဲစဉ်ကို အဓိက ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့သည်။ ပြိုင်ဘက် ရိုးမားအသင်းကလည်း အောက်တိုဘာ ၂၁ ရက်တွင် ယူရိုပါလိဂ်ပြိုင်ပွဲယှဉ်ပြိုင်ကစားရန်ရှိသော်လည်း အဓိက ကစားသမားအများစုဖြင့် ဂျူဗင်တပ်စ်အသင်းကိုရင်ဆိုင်လာခဲ့သည်။

နှစ်သင်းစလုံး နိုင်ပွဲရရှိရေးကို ဦးတည်လာသည့်အတွက် ပွဲမှာ အကြိတ်အနယ်ရှိပြီး ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ ဂျူဗင်တပ်စ်အသင်းအတွက်တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲချိန် ၁၆ မိနစ်တွင် ရရှိခဲ့ပြီး မွိုက်စ်ကိန်းက သွင်းယူပေးခဲ့သည်။ ရိုးမားအသင်းသည် သွင်းဂိုးတစ်ဂိုး ခွင့်ပြုပေးလိုက်ရပြီး နောက် ချေပဂိုးရရှိရေးကြိုးစားလာခဲ့ရာ ပွဲချိန် ၄၄ မိနစ်တွင် ပယ်နယ်တီ ကန်ခွင့်ရရှိခဲ့သည်။ သို့သော်လည်း ရိုးမားကွင်းလယ်ကစားသမား ဗီရီတောက် ကန်သွင်းရာ ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်းမရှိသောကြောင့် ရိုးမားအသင်း နစ်နာခဲ့ရသည်။ ထို့နောက်တွင် ဂျူဗင်တပ်စ်အသင်းရော ရိုးမားအသင်းပါ အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်မှုပြုလုပ်ကာ ဂိုးသွင်းယူရန် ကြိုးပမ်းလာခဲ့သော်လည်း သွင်းဂိုးရယူနိုင်ခြင်းမရှိသောကြောင့် ဂျူဗင်တပ်စ်အသင်းက တစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ဂျူဗင်တပ်စ် အသင်းသည် ယခုပွဲစဉ်ကို အနိုင်ရရှိခဲ့သောကြောင့် စီးရီးအေတွင် ရှစ်ပွဲကစားလေးပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးဖြင့် ၁၄ မှတ်ရရှိထားသည်။ ပြိုင်ဘက် ရိုးမားအသင်းက ရှစ်ပွဲကစား ငါးပွဲနိုင်၊ သုံးပွဲရှုံးဖြင့် ရမှတ် ၁၅ မှတ်ရရှိထားသည်။

အီတလီစီးရီးအေ၏ အမှတ်ပေးဇယားကို နာပိုလီအသင်းက ရှစ်ပွဲကစားပြီး ရာနှုန်းပြည့်နိုင်ပွဲနှင့်အတူ ရမှတ် ၂၄ မှတ်ဖြင့် ဦးဆောင်လျက်ရှိသည်။

**အောင်ဇော်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ၊ မူဆယ်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း နှစ်ခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီနှစ်ခုမှ ယာဉ်စီးရေ သုံးစီးဖြင့် အောက်ဆီဂျင်(အိုးခွံ) ၃၂၀၊ Oxygen Plant တစ်ခု၊ PPE ဝတ်စုံ ၃၀၀ နှင့် နှာခေါင်းစည်း (Mask) ၁၈ တန်တင်သွင်းခဲ့သည်။ Oxygen Plant တစ်ခုမှာ ဆိပ်ကမ်းမှ ရန်ကုန်မြို့သို့ဖြစ်ကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို ပြည်ပမှ တင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် သက်ဆိုင်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce. gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**



# အာရှဖလား အမျိုးသမီးခြေစစ်ပွဲ အုပ်စုပထမပွဲတွင် မြန်မာအသင်း လက်ဘနွန်ကို ဂိုးပြတ်အနိုင်ရ



မြန်မာနှင့် လက်ဘနွန်အသင်း ယှဉ်ပြိုင်နေစဉ်။

**ရန်ကုန် အောက်တိုဘာ ၁၈**

၂၀၂၂ အာရှဖလား အမျိုးသမီးခြေစစ်ပွဲ အုပ်စု (D) ပထမနေ့ပွဲစဉ်ကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲက ကာဂျစ္စတန်နိုင်ငံ၌ ကျင်းပရာ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းက လက်ဘနွန်လက်ရွေးစင် အမျိုးသမီးအသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် အုပ်စုအဖွင့်ပွဲတွင် ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့သဖြင့် ခြေစစ်ပွဲ အောင်မြင်ရန် အခွင့်အရေးပိုကောင်းသွားခဲ့သည်။ ခြေစွမ်းအရ ကွာခြားမှုရှိသော်လည်း မြန်မာ အမျိုးသမီးအသင်းအနေဖြင့် တစ်နှစ်ခွဲဝန်းကျင် နိုင်ငံတကာပြိုင်ပွဲများနှင့် အဆက်ပြတ်နေ၍ ပထမဆုံး ယှဉ်ပြိုင်ရသည့်ပွဲဖြစ်သောကြောင့် ရုန်းကန်ခဲ့ရပြီး မိနစ် ၆၀ နောက်ပိုင်းမှ အနိုင်ဂိုးများ ဆက်တိုက်ရရှိကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်း၏ ပွဲထွက်လူစာရင်းတွင် မေဇင်နွယ် (ဂိုး)၊ အေးအေးမိုး၊ ချစ်ချစ်၊ ခင်မျိုးဝင်း၊ ဖြူဖြူဝင်း၊ သင်းသင်းယု၊ စန်းသော်သော်၊ ခင်မိုမိုထွန်း၊ ဝင်းသိင်္ဂီထွန်း၊ ခင်မာလာထွန်း၊ ခင်မိုးဝေ တို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ပွဲစကတည်းက ဖိကစားနိုင်သော်လည်း ပထမပိုင်းတွင် တစ်ဂိုးသာရခဲ့ပြီး ၂၄ မိနစ်တွင်ရရှိသည့် ပယ်နယ်တီကို ဝင်းသိင်္ဂီထွန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်း ၅၉ မိနစ်တွင် မြန်မာအသင်းသည် ကစားအား အပြောင်းအလဲပြုလုပ်ရန်အတွက် လူစားလဲမှုနှစ်ဦး တစ်ပြိုင်နက်ပြုလုပ်ခဲ့ကာ သင်းသင်းယုနေရာတွင် နော်ထက်ထက်ဝေ၊ ခင်မိုးဝေနေရာတွင် မြတ်နိုးခင်တို့ကို လဲလှယ်အသုံးပြုခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်း ကစားအား ပိုကောင်းလာပြီး ၆၄ မိနစ်တွင် လူစားဝင်ကစားသမား မြတ်နိုးခင်က ဒုတိယဂိုး သွင်းယူခဲ့သည်။ မြန်မာအသင်းအတွက် နောက်ထပ်အနိုင်ဂိုးများကို ၈၆ မိနစ်တွင် စန်းသော်သော်နှင့် ၉၀+၃ မိနစ်တွင် ဂျူလိုင်ကျော်တို့က သွင်းယူခဲ့သည်။

မြန်မာအသင်းသည် ယင်းခြေစစ်ပွဲတွင် အုပ်စု (D) ၌ ယူအေအီး၊ ဂူအမ်၊ လက်ဘနွန်တို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် အောက်တိုဘာ ၂၁ ရက်တွင် ဂူအမ်အသင်းနှင့် ကစားရမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-AFC**

# ဝါးခယ်မမြို့နယ်၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးပထမအကြိမ် ထိုးနှံပေး

**ဝါးခယ်မ အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်တွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းမှစတင်၍ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဒေါ်ပိုက်မိခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် စတင်ထိုးနှံပေးသည်။

အဆိုပါဆေးထိုးနှံရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးမင်းထွဋ်နှင့် အဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းလွင်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဝင်းထက်နှင့် ကျန်းမာရေးဝန်ထမ်းများတက်ရောက်ပြီး အသက် ၁၂ နှစ်နှင့်အထက် အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူ ၂၀၀ ကို မြို့နယ် ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးကြောင်း သိရသည်။

ဝါးခယ်မမြို့နယ်အတွင်း အသက် ၁၂ နှစ်နှင့် အထက် ကျောင်းသား ကျောင်းသူများ၏ ဆေးထိုးစုရပ်ကို ၁၀ နေရာ သတ်မှတ်ထားရာ အခြေခံပညာ အထက်တန်းကျောင်းများဖြစ်ကြသည့် ဝါးခယ်မ(၁) တွင် ၂၉၇၅ ဦး၊ ကျွန်းကုန်းတွင် ၁၁၂၅ ဦး၊ ကျုံတိုင်တွင် ၉၀၇ ဦး၊ ကျုံမငေးတွင် ၂၁၁၀၊ ကြီးနီစုတွင် ၁၃၁၁ ဦး၊ လမ်းသမိုင်ရွာလေးတွင် ၉၄၉ ဦး၊ ငှက်ပျောချောင်းတွင် ၈၆၁ ဦး၊ ပိတ္တာလေးတွင် ၉၆၉ ဦး၊ ရွှေလောင်းတွင် ၂၃၈၇ ဦး၊ အထက်ပေကုန်းတွင် ၇၅၂ ဦး စုစုပေါင်း ၁၄၃၄၆ ဦးဖြစ်ကြောင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်းစုရပ် ၁ တွင် စတင်ထိုးနှံပေးခြင်းဖြစ်ပြီး ကျန်စုရပ်များကို ညွှန်ကြားချက်နှင့်အညီ ဆက်လက်ထိုးနှံမည်ဖြစ်ကြောင်း သိရသည်။

**စောသန္တာဦး (ပြန်/ဆက်)**






ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန

**ဆရာ၊ ဆရာမများ ကြိုတင်ဆောင်ရွက်ရမည့်**
**ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေးနှင့် ပတ်သက်၍ အသိပေးနှိုးဆော်ချက်**

၁။ အသက်(၁၂)နှစ်နှင့်အထက် ကျောင်းသားများအား ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနိုင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန်၊

၂။ ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို အမြဲတပ်ဆင်ရန်၊

၃။ ကျောင်းသို့လာချိန်တွင် ကြိုပို့ယာဉ်များ အသုံးပြုပါက (Mask) တပ်ဆင်ရန်၊ Air-con အသုံးပြုသောယာဉ်ဖြစ်ပါက ပြတင်းတံခါးများ ဖွင့်၍စီးနင်းရန်၊

၄။ ကျောင်းဝင်းအတွင်းသို့ဝင်လျှင် ကျောင်းအစီအစဉ်အရ အပူချိန်တိုင်းတာခြင်း ဆောင်ရွက်ရန်၊ တစ်စုံတစ်ခု ကိုင်တွယ်ပြီးတိုင်း လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့်(၂၀) ကြာအောင် စနစ်တကျ မကြာခဏ ဆေးကြောရန်၊

၅။ ကျောင်းသို့လာသည့် ကျောင်းသားများကို စာသင်ကျောင်းဂိတ်ဝတွင် အပူချိန်တိုင်းကိရိယာဖြင့် တိုင်းတာနိုင်ရေး၊ သတ်မှတ်အပူချိန် (၃၈ ဒီဂရီစင်တီဂရိတ်နှင့် ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်) အထက်ရှိခြင်း၊ ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူခက်ခဲခြင်းနှင့် အားအင်ကုန်ခမ်းခြင်းစသည့် လက္ခဏာများတွေ့ရှိပါက တာဝန်ရှိသူ(သို့) နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့နိုင်ရေး ကြိုတင်ပြင်ဆင်ထားရန်၊

၆။ ကိုဗစ်- ၁၉ ရောဂါကာကွယ်၊ တားဆီးရေး စီစဉ်ဆောင်ရွက်မှုအခြေအနေ ဆန်းစစ်ပုံစံ (Readiness Assessment Checklist Version-4) နှင့်အညီ ကျောင်းနှင့်စာသင်ခန်းများ ကြိုတင်ပြင်ဆင်နိုင်ရေး၊ ကျောင်းအုပ်ကြီး၏ လမ်းညွှန်ချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်ရန်၊

၇။ တစ်ဦးနှင့်တစ်ဦး အနည်းဆုံး(၆)ပေအကွာမှသာ ပြောဆိုဆက်ဆံ၍ ကျောင်းလုပ်ငန်းများနှင့် သင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

၈။ အတန်းတွင်းသင်ကြားသင်ယူခြင်းနှင့် လူစုလူဝေးဖြစ်စေမည့် အစည်းအဝေးများ၊ ကျောင်းတွင်း လှုပ်ရှားမှုများ ဆောင်ရွက်ခြင်းကို ခပ်ခွာခွာနေခြင်း(Social Distancing)မှုနှင့်အညီ ဆောင်ရွက်ရန်၊

၉။ အသုံးပြုပြီးသော တစ်ရှူးများ၊ တစ်ခါသုံးနှာခေါင်းစည်းများကို အဖုံးပါသော အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ရန်၊

၁၀။ ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များရှိပါက အချိန်နှင့်တစ်ပြေးညီ ကျောင်းအုပ်ကြီးသို့ တင်ပြရန်၊

# နမ့်စန်- မိုးနဲ- တာဆန်း- မိုင်းတုံ- မိုင်းဆတ် ပြည်ထောင်စုလမ်းမကြီး လမ်းအဆင့်မြှင့်တင်

**ကျိုင်းတုံ အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်ရှိ နမ့်စန်- မိုးနဲ- တာဆန်း- မိုင်းတုံ- မိုင်းဆတ် ပြည်ထောင်စုလမ်းမကြီး (NH.23) သည် မိုင်အားဖြင့် စုစုပေါင်း အရှည်မှာ ၇၃/၆ ဒသမ ၉၅ မိုင်ရှိသည်။ စက်တင်ဘာ ၃၀ ရက်ထိ လက်ရှိလမ်းအခြေအနေမှာ ၁၈ ပေအကျယ် ကွန်ကရစ်လမ်း ၃/၃ မိုင်၊ ၂၃ ပေ အကျယ် ကတ္တရာလမ်း ၇/၁ ဒသမ ၇၅ မိုင်၊ ၁၂ ပေအကျယ် ကတ္တရာလမ်း ၆၂/၅ ဒသမ ၉ မိုင်၊ အမာခံလမ်း ၀/၄ ဒသမ ၃ မိုင် ဖြစ်သည်။



နမ့်စန်-မိုးနဲ-တာဆန်း-မိုင်းတုံ-မိုင်းဆတ် ပြည်ထောင်စုလမ်းမကြီး။

ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်း လမ်းဦးစီးဌာန၏ ဦးဆောင်မှုဖြင့် လမ်းအထူးအဖွဲ့ (၃) နှင့် မိုင်းဆတ်ခရိုင်လမ်းအထူးအဖွဲ့ (၁၂) တို့မှ ယခုဘဏ္ဍာနှစ်တွင် ၁၈ ပေ ကွန်ကရစ်လမ်းခင်းခြင်း ၁/၄ ဒသမ ၄ မိုင်၊ ၁၈ ပေ ကတ္တရာလမ်း ချဲ့ခင်းခြင်း ၃/၁ ဒသမ ၃ မိုင်၊ ၁၂ ပေ ကတ္တရာလမ်းသစ်ခင်းခြင်း ၀/၄ မိုင် သတ်မှတ်လမ်း တာပေါင်အကျယ် ပြည့်မီစေရန် ကျောက်တောင်၊ ကျောက်ဆွေးတောင်၊ မြေတောင်များ ချဲ့ခြင်း ၂/၅ ဒသမ ၈ မိုင်၊ ပေ ၆၀ သံကူကွန်ကရစ် တံတားတစ်စင်း၊ ပေ ၁၀၀ သံကူကွန်ကရစ် တံတားတစ်စင်း အပါအဝင် လုပ်ငန်းရပ်အမျိုးအစား ၁၃ ခုကို ရန်ပုံငွေကျပ် ၄ ဒသမ ၇၇ ဘီလီယံအသုံးပြုရန် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီး ဖြစ်သည်။ လမ်းဦးစီးဌာနက ရေးဆွဲထားသော နှစ်ရှည်စီမံကိန်း အရ ၁၈ ပေအကျယ် ကွန်ကရစ်/ကတ္တရာလမ်းအဆင့် ရောက်ရှိအောင် ဆောင်ရွက်ရန် ရည်မှန်းထားကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**



အပြင်ထွက်တိုင်း

ပါးစပ်နှင့်

နှာခေါင်းစည်း

(mask) ကို

စနစ်တကျ

မပျက်မကွက်

တပ်ဆင်ပါ

# ကွတ်ခိုင်မြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

**နေပြည်တော် အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးဇော်မိုးအောင်နှင့် ဝန်ထမ်းများက အောက်တိုဘာ ၁၆ ရက်က အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပန်းခင်းစီမံချက်ဖြင့် ဟိုမောမန်နိမ်းကျေးရွာအုပ်စုရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ကွင်းဆင်းဆောင်ရွက်ပေးရာ **(ယာပုံ)**အသက် ၁၀ နှစ်ပြည့် ၂၈ ဦး၊ အသက် ၁၈ နှစ်ပြည့် ၂၇ ဦး စုစုပေါင်း ၅၅ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးပြီး အောက်တိုဘာ ၁၇ ရက်အထိ ကွတ်ခိုင်မြို့နယ်အတွင်း ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း ၁၂၄ ခုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၈၀၃ ခုကို ဆောင်ရွက်ပေးသည်။

ကျန်ရှိနေသော ရပ်ကွက်/ကျေးရွာများတွင်လည်း ပြည်သူများ သိရှိနိုင်စေရန် ဗီနိုင်းများ စိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ဖြင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ကျန်ရပ်ကွက်/ကျေးရွာများရှိ ပြည်သူများကိုလည်း ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**






# တန့်ယန်းမြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်

**တန့်ယန်း အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာကို ၂၀၂၁-၂၀၂၂ ခု ခြောက်လ မီနီဘတ်ဂျက်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၂၀၀၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးမှူး ဦးခိုင်မင်းထွန်းထံမှ သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ရွာသူ ရွာသားများကိုယ်တိုင် မိမိတို့ကျေးရွာ၏ ပကတိလိုအပ်ချက်များ ပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များကို မိမိတို့ ကိုယ်တိုင်ရေးဆွဲပြီး အဆိုပါ စီမံချက်များကို မြို့နယ်စီမံကိန်းရေးဆွဲရေးလုပ်ငန်းစဉ်များတွင် ထည့်သွင်းရေးဆွဲနိုင်ရေးအတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

"ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းက ရွာသူ ရွာသားတွေ အားလုံးပါဝင်ပြီး ကျေးရွာရဲ့ အဓိက ပကတိ လိုအပ်ချက်တွေ ပါဝင်တဲ့ ဦးစားပေးအလိုက် စီမံချက်လုပ်ငန်းတွေ ဖော်ထုတ်ပါတယ်။ အဲဒီ စီမံချက်လုပ်ငန်းတွေထဲက ပထမဦးစားပေး လုပ်ငန်းကို ကျွန်တော်တို့ ဦးစီးဌာနက ငွေကျပ်သိန်း ၁၀၀ ထောက်ပံ့ပေးပြီး ကျေးရွာရဲ့ ငွေထည့်ဝင်မှု၊ လုပ်အားထည့်ဝင်မှုတွေနဲ့ စတင်ဆောင်ရွက်ပေးပါတယ်။ ကျန်တဲ့လုပ်ငန်းတွေကို သက်ဆိုင်ရာ မြို့နယ်အဆင့် ဦးစီးဌာနတွေနဲ့ ချိတ်ဆက်ဆောင်ရွက်နိုင်ဖို့ ရေးဆွဲပေးတဲ့ စီမံကိန်းတစ်ခုဖြစ်ပါတယ်" ဟု မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက ပြောသည်။

တန့်ယန်းမြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို ယခုဘဏ္ဍာနှစ်တွင် နားဟင်ကျေးရွာနှင့် ပန်းပွဲကျေးရွာတို့အား စီမံကိန်းထောက်ပံ့ရန်ပုံငွေကျပ်သန်း ၂၀၀၊ ကျေးရွာပြည်သူများ၏ ထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာများပံ့ပိုးကာ အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်**
**(မကွေး)**

## သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ




## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3Q/6914 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများ သိစေရန်ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်2A/4692 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံ ပါတ်ပြားပျက်ပြယ်ကြောင်း အများ သိစေရန်ကြေညာအပ်ပါသည်။

ကညန၊
ပြည်နယ်ရုံး(မော်လမြိုင်မြို့)

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ထိန်းသိမ်းရေး)(ဆည်မြောင်း)၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့မှ (၂၀၂၁-၂၀၂၂)(Mini)ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု/တိုင်းဒေသကြီး ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းသုံးပစ္စည်းများ (ဘိလပ်မြေ၊ သံချောင်းလုံး)ကို မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| တင်ဒါပုံစံ ရောင်းချမည့်ရက် | - | ၂-၁၁-၂၀၂၁ရက်မှ ၈-၁၁-၂၀၂၁ရက်အထိ |
| တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန် | - | ၉-၁၁-၂၀၂၁ရက် ညနေ ၄:၃၀နာရီထိ |
| တင်ဒါဖွင့်လှစ် မည့်ရက် | - | ၁၁-၁၁-၂၀၂၁ရက် နံနက် ၁၀နာရီ<br>၁၂-၁၁-၂၀၂၁ရက် နံနက် ၁၀နာရီ |
| တင်ဒါရောင်းချမည့် နေရာ/တင်ဒါတင်သွင်း ရမည့်နေရာ | - | (၁) လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊(ထိန်းသိမ်းရေး)၊ မကွေးမြို့<br>(၂) လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ထိန်းသိမ်းရေး)၊ မင်းဘူးမြို့<br>(၃) လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ထိန်းသိမ်းရေး)၊ ပခုက္ကူမြို့ |
| တင်ဒါဖွင့်လှစ် မည့်နေရာ | - | ဧည့်ရိပ်သာ(၁)၊ မကွေးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ထိန်းသိမ်းရေး)ရုံး၊ တောင်တွင်းလမ်းနှင့်မြို့ပတ်လမ်းထောင့်၊ အောင်မင်္ဂလာရပ်ကွက်၊ မကွေးမြို့။ |

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်-

ညွှန်ကြားရေးမှူးရုံး၊ မကွေးမြို့ ဖုန်း-၀၆၃-၂၀၂၈၆၂၄
လက်ထောက်ညွှန်ကြားရေးမှူး၊ မကွေးမြို့
ဖုန်း-၀၆၃-၂၀၂၈၆၂၅
လက်ထောက်ညွှန်ကြားရေးမှူး၊ မင်းဘူးမြို့
ဖုန်း-၀၆၅-၂၁၀၁၄၊ ၀၆၅-၂၁၀၉၃
လက်ထောက်ညွှန်ကြားရေးမှူး၊ ပခုက္ကူမြို့
ဖုန်း-၀၆၂-၂၁၅၇၃

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ဖမ်းဆီးရမိသော သစ်/ခွဲသား၊ စက်လှေ၊ သစ်စက်အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းများ ရောင်းချရန်လေလံကြော်ငြာ

၁။ ကသာခရိုင်၊ သစ်တောဦးစီးဌာနသည် ကသာ၊ ထီးချိုင့်၊ ဗန်းမောက်မြို့နယ်များရှိ အောက်ဖော်ပြပါ ဖမ်းဆီးရမိသစ်/ခွဲသား၊ စက်လှေ၊ သစ်စက်အင်ဂျင်နှင့်ဆက်စပ်ပစ္စည်းများကို "တိုင်းကျော်သယ်ယူခွင့်မပြုကြောင်း" ကန့်သတ်ချက်ဖြင့် လက်ရှိမျက်မြင်အခြေအနေအတိုင်းဈေးပြိုင် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် "စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သစ်တောဦးစီးဌာနမှ တရားဝင်လိုင်စင်ဖြင့် ခွင့်ပြုထားသော သစ်စက်သေး၊ စက်ကြီး၊ အချောထည်စက်၊ လျှာထိုးစက်လုပ်ငန်းရှင်များ၊ သစ်အရောင်းဆိုင်လုပ်ငန်းရှင်များ၊ သစ်အခြေခံအိမ်တွင်း စက်မှုလက်မှုလုပ်ငန်းရှင်များ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းဒေသခံပြည်သူများနှင့် နေအိမ်ဆောက်လုပ်ရန် သတ်မှတ်စည်းကမ်းချက်နှင့်ညီညွတ်ပါက ဈေးပြိုင်လေလံဆွဲဝယ်ခွင့်ပြုမည်ဖြစ်ကြောင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID 19)ရောဂါကာကွယ်တားဆီး၊ ထိန်းချုပ်ရေးဆိုင်ရာ သတိပေး ညွှန်ကြားချက်များအတိုင်း လေလံတင် ရောင်းချသွားမည်ဖြစ်ကြောင်း ကြေညာပါသည်-

(က) လေလံအစီအစဉ်
နေ့ရက် - ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ (၁)ရက်
အချိန် - နံနက် ၉:၃၀နာရီ
နေရာ - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ခရိုင်သစ်တောဦးစီးဌာန၊ ကသာမြို့

(ခ) လေလံတင်ရောင်းချမည့်ပစ္စည်းများ

| စဉ် | သစ်မျိုး/အမျိုးအမည် | ကသာ | ထီးချိုင့် | ဗန်းမောက် |
|---|---|---|---|---|
| ၁ | ကျွန်းသစ် | - | ၇၄.၆၉၉တန် | - |
| ၂ | ကျွန်းခွဲသား | - | ၁၄.၅၈၄၇ တန် | - |
| ၃ | စက်လှေ/မော်တော်/ဘေးတွဲစက်လှေ | - | ၁၀စီး | - |
| ၄ | ကျွန်းလှေ | - | ၂၀စီး | - |
| ၅ | ကျွန်းတံခါးရွက်/တံခါးခွေ/ပြတင်းဆံ | ၃.၁၀၈၂တန် | ၇.၄၉၆တန် | - |
| ၆ | ကျွန်း/တမလန်း/ပိတောက်(၃'အောက်တိုင်) | ၁၅၂.၁၅၇၄တန် | - | - |
| ၇ | သစ်မာမျှော | ၀.၄၃၀တန် | - | - |
| ၈ | ပိတောက်/တမလန်းသစ် | - | ၂၄.၅၅၈ တန် | ၁၂.၉၂၄တန် |
| ၉ | ပိတောက်/တမလန်း ခွဲသား | - | ၅.၂၈၂၅တန် | ၁၂၆.၅၁၁၆တန် |
| ၁၀ | ပိတောက်ပွတ်လုံး/ဆက်တီပုံကြမ်း | - | ၀.၀၈၂၆တန် | - |
| ၁၁ | တမလန်းတယောပုံ | ၁.၂၉၄တန် | - | - |
| ၁၂ | ကျန်အုပ်စု(၁)သစ် | - | ၂၇.၃၀၅တန် | - |
| ၁၃ | ကျန်အုပ်စု(၁)ခွဲသား | - | ၉.၄၀၄၇တန် | - |
| ၁၄ | အုပ်စု(၂)/အခြားသစ် | ၇၈.၉၁၄တန် | ၁၀၉.၂၀၉တန် | - |
| ၁၅ | အုပ်စု(၂)/အခြားခွဲသား | ၁၂.၉၈၁၈တန် | ၄၆.၄၄၂၈တန် | - |
| ၁၆ | အခြားတိုင်/မျှော | ၅၃.၅၁၆တန် | - | - |
| ၁၇ | ကျွန်းပကာ | - | ၁၅.၄၀၄၄တန် | - |
| ၁၈ | ထင်း/ပကာ | - | ၁၉၆.၄၂၉တန် | - |
| ၁၉ | မီးသွေး | ၅၃.၈၃တန် | ၈၄.၉၉တန် | - |
| ၂၀ | သစ်စက်/ရွှေတွင်းသုံး/ဖောင်တွန်းအင်ဂျင် | - | ၇၃လုံး | - |
| ၂၁ | လွှဝိုင်း | - | ၇၀ချပ် | - |
| ၂၂ | ဒိုင်နမို | - | ၂လုံး | - |
| ၂၃ | ပူလီ-ရှပ်တန်း | - | ၇၂ ချောင်း | - |
| ၂၄ | ပုံဖော်စက် | - | ၁ လုံး | - |
| ၂၅ | ပတ္တားကြိုး/ဒလိမ့်/ထော်လီဘီးနှင့်အခြား | - | ၂၅၂ ခု | - |
| ၂၆ | နွားစားခွက် | - | ၂ ခု | - |

၂။ လေလံဆွဲဝယ်ယူခွင့်လျှောက်လွှာပုံစံနှင့်စည်းကမ်းချက်တစ်စုံလျှင် ငွေကျပ်(၁၀၀၀၀/-)(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ ကသာမြို့တွင် ၂၅-၁၀-၂၀၂၁ရက်မှ ၂၉-၁၀-၂၀၂၁ရက်အတွင်း ဝယ်ယူနိုင်ကြောင်း ကြေညာအပ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ကသာခရိုင်သစ်တောဦးစီးဌာန၊ ဖုန်း-၀၇၅-၂၀၂၅၀၈၆၊ ၀၉-၇၇၃၄၀၈၆၄၉၊ ၀၉-၂၅၆၃၀၂၄၄၉၊ ၀၉-၉၅၂၀၃၅၀၆၇၊ ၀၉-၇၉၂၄၅၂၆၁၆တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဥက္ကဋ္ဌ
လေလံတင်ရောင်းချရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်မှ မြေရိယာ(၀ဒသမ၁၁၆)ကေရှိ မြေကွက်အမှတ်(ပ-၂၂၅၁၃)၊ ဦးရန်မျိုးအောင်သိန်း ၁၂/ဒဂန(နိုင်)၀၀၇၄၆၆(ဘ)ဦးသိန်းငွေ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်ခိုင်သဇင် ၇/ဒဥန(နိုင်)၁၂၁၀၈၆(ဘ)ဦးတင်မြ မှနေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏အထူးကိုယ်စားလှယ်လွှဲစာ အမှတ်(၉၆၈/၂၁-၆-၂၀၂၁)တင်ပြ၍ ဒေါ်စန်းစန်းမြင့် ၁၂/တမန(နိုင်)၀၃၁၃၀၄နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံ ခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲအတွက် အနောက်တိုင်း လှေလှော်ကစားသမားများ စခန်းဝင်လေ့ကျင့်နေ

**ရန်ကုန် အောက်တိုဘာ ၁၈**

မြန်မာ့လက်ရွေးစင် အနောက်တိုင်းလှေလှော် (Rowing) အားကစားသမားများသည် လာမည့် ၂၀၂၂ ခုနှစ် ဧပြီနှင့် မေလတွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ ဆီးဂိမ်းပြိုင်ပွဲအတွက် အင်းလျားကန်တွင် စခန်းဝင်လေ့ကျင့်လျက်ရှိကြောင်း မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ မတ် ၁ ရက်က စတင်ပြီး စခန်းဝင်လေ့ကျင့်နေတာပါ။ ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲမှာ အမျိုးသား သုံးပွဲ၊ အမျိုးသမီး သုံးပွဲ ဝင်ပြိုင်ဖို့ စာရင်းပေးသွင်းထားပါတယ်။ ဒါပေမယ့်ရရှိတဲ့ လူအင်အား အခြေအနေအရ အပြောင်းအလဲတချို့ ရှိကောင်းရှိနိုင်ပါတယ်။ အမျိုးသား၊ အမျိုးသမီးကစားသမားများ နံနက်တစ်ချိန်၊ ညနေတစ်ချိန် အင်အားအပြည့်ဖြင့် လေ့ကျင့်နေပါတယ်" ဟု အနောက်တိုင်း လှေလှော်အဖွဲ့နည်းပြချုပ် ဦးကျော်ဝင်းက ပြောသည်။

မြန်မာ့လက်ရွေးစင် အနောက်တိုင်း လှေလှော်အသင်းသည် မီတာ ၂၀၀၀ ပြိုင်ပွဲ၌ အမျိုးသား တစ်ယောက်လှော်၊ နှစ်တက်လှော်၊ လေးတက်လှော် ပွဲစဉ်များနှင့် အမျိုးသမီး တစ်ယောက်လှော်၊ နှစ်ယောက်လှော်၊ နှစ်တက်လှော် ပွဲစဉ်များ၌ ပါဝင်ယှဉ်ပြိုင်ရန် နည်းပြ သုံးဦး၊ အမျိုးသား/အမျိုးသမီး ခုနစ်ဦးစီ အင်အားဖြည့် လေ့ကျင့်နေခြင်း ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အနောက်တိုင်းလှေလှော်အဖွဲ့သည် ၂၀၁၉ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံ၌ ပြုလုပ်ခဲ့သော အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အမျိုးသမီး နှစ်ယောက်လှော်နှင့် နှစ်တက်လှော်ပွဲစဉ်များ၌ ကြေးတံဆိပ်တစ်ခုစီ ဆွတ်ခူးရရှိခဲ့သည်။ (၃၁) ကြိမ်မြောက် ပြုလုပ်မည့် ဗီယက်နမ် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာလှေလှော်အသင်း အားသာသော ရိုးရာလှေလှော်ပြိုင်ပွဲ ထည့်သွင်းကျင်းပခြင်း မရှိသဖြင့် အနောက်တိုင်းလှေ (Rowing) နှင့် ကနူး/ကယက်လှေပြိုင်ပွဲများ၌သာ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အာကာစိုး



အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း
(mask) ကို
စနစ်တကျ မပျက်မကွက်
တပ်ဆင်ပါ

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 7M/4762ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင်စံမင်း ၁၄/ပသန(နိုင်) ၀၀၀၅၁၁ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊တိုင်းရုံး(ပဲခူး)

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀) ၊မြေကွက်အမှတ်(၁၆၉)၊ အကျယ်အဝန်း(၄၀ပေX၆၀ပေ)ရှိ ဦးတင်ခိုင် (ISN-258869) (၁၂/လကန(နိုင်)၀၃၃၀၅၆) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သန်းသန်းဌေး (၁၂/လမတ(နိုင်)၀၁၆၆၇၈) ထံမှ ကျွန်ုပ်၏ မိတ်ဆွေကဝယ်ယူရန်အတွက် စရံငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်ကျော်လှိုင် LL.B,
အထက်တန်းရှေ့နေ (စဉ်-၄၃၆၈၈)
Ph,09421746974 အမှတ်(၅၁၅)၊ဗိုလ်သုန်လမ်း၊(၄၉)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။

# မြို့နယ်အချို့တွင် သဘာဝဘေးအန္တရာယ်ဖြစ်ပွား၍ ပျက်စီးဆုံးရှုံးမှုများဖြစ်ပွား

**နေပြည်တော် အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်အတွင်း အောက်တိုဘာ ၁၆ ရက် ညနေ ၆ နာရီက မိုးရွာသွန်းမှုကြောင့် ကျောက်အိုးလေးကျေးရွာ ဘုန်းကြီးကျောင်းဝင်းအတွင်း၌ မြေသားနိမ့်ကျမှုဖြစ်ပွား၍ ဓမ္မာရုံ တစ်လုံး၊ ကျောင်းဆောင် တစ်ဆောင်နှင့် အုတ်ကန် တစ်လုံး ပြိုကျပျက်စီးခဲ့သည်။

အလားတူ ည ၉ နာရီက မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်း မိုးရွာသွန်းမှုကြောင့် အလယ်ချောင်းကျေးရွာပါ ငါးရွာတို့၌ ဘုရားဝင်းအုတ်တံတိုင်း ပေ ၁၅၀ ခန့်၊ စာသင်ကျောင်း ခြံစည်းရိုးအုတ်တံတိုင်း ပေ ၃၀ ခန့်၊ နေအိမ် ၃၆ လုံး ပြိုလဲပျက်စီးခဲ့ကြောင်း၊ အောက်တိုဘာ ၁၇ ရက် နံနက် ၇ နာရီ ၄၅ မိနစ်က မိုးရွာသွန်းမှုကြောင့် မကွေးမြို့ အောင်ရတနာရပ်ကွက် သုခိတာလမ်းအပါအဝင် ရပ်ကွက်/လမ်းများ၌ သစ်ပင်များလဲကျ၍ လမ်းပိတ်ဆို့မှုများဖြစ်ပွားခဲ့ပြီး မြို့မအိုးဘိုရပ်ကွက်ရှိ ဘုန်းကြီးကျောင်းဝင်း အုတ်တံတိုင်း ၁၀ ပေခန့် ပျက်စီးခဲ့ကြောင်း၊ နံနက် ၈ နာရီခွဲတွင် စေတုတ္တရာမြို့နယ်အတွင်း မိုးရွာသွန်းမှုကြောင့် စေတုတ္တရာ-ဆောကားလမ်း မိုင်တိုင် (၄၀/၄၁) ကြားရှိ ရိုးချောင်းတံတားကို ချောင်းရေတိုက်စား၍ တံတားချဉ်းကပ်လမ်း၏ ရေကာ အလျားပေ ၃၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်က ပွင့်ဖြူမြို့နယ်အတွင်း မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ကုန်းဇောင်းကျေးရွာပါ ၂၆ ရွာတို့၌ ဘုန်းကြီးကျောင်း နှစ်ကျောင်း၊ စာသင် ကျောင်း လေးကျောင်း၊ နေအိမ် ၁၀၈ လုံးတို့ အမိုးလန်ပျက်စီးခဲ့ကြောင်း၊ မွန်းလွဲ ၃ နာရီခွဲတွင် မင်းဘူးမြို့နယ်အတွင်း မိုးရွာသွန်းပြီး မန်းချောင်း ရေမြင့်တက်မှုကြောင့် စကုမြို့ ၁ ရပ်ကွက်ပါ ရပ်ကွက် သုံးခုတို့မှ အိမ်ထောင်စု ၁၀၆ စု၊ လူဦးရေ ၄၂၀ တို့သည် ဘုရားဝင်း/ဓမ္မာရုံများသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

အလားတူ နံနက် ၁၀ နာရီ မိနစ် ၄၀က ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်အတွင်း မိုးရွာသွန်းမှုကြောင့် (၉) ရပ်ကွက် ပြည်လမ်းရှိ ရန်ကုန်ပညာရေးတက္ကသိုလ်ဝင်ပေါက်အနီး သစ်ပင်လဲကျပိမိ၍ 6.6 KV NEC ဗီဒါ Ring Main Unit မှာ လဲပြိုသွားကြောင်း။

အလားတူ ညနေ ၅ နာရီ မိနစ် ၄၀ တွင် ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ကညင်တပင်ကျေးရွာအနီး အင်္ဂပူ-ညောင်ကျိုး ကားလမ်း မိုင်တိုင်အမှတ်(၇/၅-၆)ကြား၌ ဝေန်မြစ်ရေ တိုက်စားမှုကြောင့် အလျားပေ ၁၅၀ ခန့် မြစ်ကမ်းပါးပြိုကျခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ပုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၂၉ တိုင် | ၁၅၁ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၅၁ ခု | ၆၀၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား တစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၆ ကျင်း | ၂၁၁၃. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၀ ကျင်း | ၂၀၈. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၉ ကျင်း | ၅၉၀၁. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၃၅ ကျင်း | ၁၇၀၁. ၀၈ ကျင်း |
| ၁၄။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၂၆ တိုင် | ၆၄ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၅။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဂ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဃ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (င) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (စ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ပျောက်ဆုံးကြောင်း

ကျွန်မဒေါ်ဇာခြည်စိုး ၁၂/ဗဟန(နိုင်)၀၉၁၉၁၉ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) ပျောက်ဆုံးသွားသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၉၉၃၄၄၉

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ အမှတ်(၁၂)ရပ်ကွက်၊ အကွက်အမှတ်(၅၁/ခိုလေ‌ောင်းရပ်)၊ ဦးပိုင်အမှတ်(၂၅/က)၊ မြေချိန်ဧရိယာ ၀ ဒသမ ၁၅၄ ဧကရှိ ဒေါ်ချိန်ကြူရှင်းအမည်ဖြင့် နှစ်စဉ်မြို့မြေခွန်ပေးဆောင်ထားသော မြေကွက်အား ဦးချိန်ဆင်းဖူ(LS0-၁၈၅၇၄၃)မှ ဝယ်ယူ၍ ၎င်းအမည်ဖြင့်မြေစာရင်းပုံစံ(၁၀၅/၁၀၆)ရေးဆွဲ၍ မြေငှားလိုင်စင်အသစ် လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုပါက ရက်ပေါင်း ၂၀ အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့နယ်၊ မယ်ဟန်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၀၁၊ ပန်ရောင်းကွင်း)၊ ဦးပိုင်အမှတ် (၂၃)၊ မြေဧရိယာ ၄ ဒသမ ၉၂ ဧက ဦးစိုင်းယုဝေ ၁၃/မဆတ(နိုင်)၀၂၈၅၈၄ အား ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အမိန့်အမှတ်(၃၅/၂၀၁၅)ဖြင့် ဦးစိုင်းယုဝေအား အုတ်ထုတ်လုပ်ရေးလုပ်ငန်းလုပ်ကိုင်ရန် အခြားနည်းဖြင့် အသုံးပြုခွင့် ခွင့်ပြုပြီးဖြစ်သဖြင့် စက်မှု/စီးပွားမြေငှားဂရန်ရရှိရေး သတ်မှတ်စာရွက်စာတမ်းများဖြင့် လျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း ၂၀ အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါ သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ် ထခွဲတောင်ပို့တရာ၊ တက္ကသိုလ်ဝင်တန်းမှ မသူသူဇင်၏ ဖခင်အမည် ဦးပက်ကားနှင့် ဦးဝင်းခိုင် ၁၄/ဇလန(နိုင်)၀၇၄၆၇၂ မှာ တစ်ဦးတည်းဖြစ်ပါသည်။

## ပျောက်ဆုံးကြောင်း

အင်းစိန်မြို့နယ်၊ ကြို့ကုန်း အနောက်ရပ်၊ ဆေးဝါးစက်ရုံလမ်း၊ အမှတ်(၂၇၇)နေ ဦးနန်ဆွန်းခိုင် ၅/ကလထ(နိုင်)၂၁၇၄၀၀ ပိုင်ကားနံပါတ် 9J/2352 ၏ အခွန်ကိစ္စ စိစစ်ဆောင်ရွက်ခြင်း ပုံစံ(၁) ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ပြန်လည် လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကြော်ငြာပါသည့်ရက်မှ(၁၄)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**နန်ဆွန်းခိုင်**
**၅/ကလထ(နိုင်)၂၁၇၄၀၀**
**ဖုန်း-၀၉-၅၀၁၄၅၂၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၅၁၆/ခ)နှင့် (၅၁၃/က)၊ သုဓမ္မလမ်းမပေါ်ရှိ ဧရိယာ (၁၀၀၀စတုရန်းပေ) အလျား ၂၀ပေ၊ အနံ ၅၀ ပေ အမည်ပေါက် ဒေါ်အေးမြတ်မွန် ၁၂/ရကန(နိုင်)၀၆၂၃၇၁ ပိုင် နှစ်(၆၀)ဂရန်မြေကွက်နှင့် ၎င်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ထံမှ ဦးဝင်းသန်းဌေး ၁၀/မလမ(နိုင်)၁၄၉၂၁၃ မှ အပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၂)ပတ်အတွင်း တရားဝင် ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးဝင်းသန်းဌေး**
**၁၀/မလမ(နိုင်)၁၄၉၂၁၃**
**ဖုန်း-၀၉-၇၆၁၆၀၀၀၀၄**

**သွေးသည် အသက်**

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၁-၂၀၂၂(၆)လဘဏ္ဍာရေးနှစ်၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန၊ ရေအားလျှပ်စစ်စီမံကိန်းများတွင် အသုံးပြုရန်လိုအပ်သော ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | D.D.P |
|---|---|---|
| (က) | 008/DHPI/Daminstrumentation/2021-2022 | at Site |
| (ခ) | 009/DHPI/PozzolanSpare/2021-2022 | Paung Laung |
| (ဂ) | 010/DHPI/TyreBatteryLubricant/2021-2022 | Paung Laung |
| (ဃ) | 011/DHPI/Electrical Equipment/2021-2022 | Paung Laung |

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၅-၁၀-၂၀၂၁ရက်၊ သောကြာနေ့
၃။ **တင်ဒါရောင်းချမည့်အချိန်** - ရုံးချိန်အတွင်း
၄။ **တင်ဒါတင်သွင်းရမည့်ရက်နှင့်အချိန်** - ၁၅-၁၁-၂၀၂၁ရက်၊ တနင်္လာနေ့ မွန်းတည့် ၁၂:၀၀နာရီမတိုင်မီ တင်သွင်းရမည်။
၅။ **တင်ဒါရောင်းချ/တင်သွင်းရမည့်နေရာ** - ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ (၃)ထပ်ဆောင်၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်
၆။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၉၁၊ ၀၆၇-၈၁၀၄၁၉၀**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## ပစ္စည်းတင်ဒါအမှတ်စဉ်(၂/၂၀၂၁-၂၀၂၂)

လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၉)၊ မိတ္ထီလာမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်၊ ကြားကာလပထမ(၆)လ၊ (၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ) အတွင်း ပြည်ထောင်စုငွေလုံးငွေရင်း(မူလ)ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် မန္တလေး(သပိတ်ကျင်း)-တကောင်း-ဗန်းမော်(ဆဝမ်ကထောင်)လမ်းနှင့် တွင်းငယ်-ညောင်ပင်စောက်(မိုးမိတ်)လမ်းတို့တွင် လမ်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အသုံးပြုရန်လိုအပ်သော ကတ္တရာ၊ ဒီဇယ်ဆီ၊ ကျောက်ရှယ်စုံ၊ သဲနှင့် ကျောက်ရောမြေတို့ အားလုပ်ငန်းခွင်အရောက် လမ်းအလိုက်၊ Lot အလိုက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်-

တင်ဒါလျှောက်လွှာပုံစံစတင်ရောင်းချမည့်ရက်/အချိန် - ၄-၁၁-၂၀၂၁ရက်(ကြာသပတေးနေ့) (ရုံးချိန်အတွင်း)
တင်ဒါလျှောက်လွှာအရောင်းပိတ်ရက်/အချိန် - ၂၅-၁၁-၂၀၂၁ရက်(ကြာသပတေးနေ့) (၁၅:၀၀နာရီ)
တင်ဒါဖွင့်မည့်ရက်/အချိန် - ၂၆-၁၁-၂၀၂၁ရက်(သောကြာနေ့) နံနက် ၁၀ နာရီ
တင်ဒါလျှောက်လွှာပုံစံရောင်းချတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ - ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၉)၊ မိတ္ထီလာမြို့

တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၉)၊ မိတ္ထီလာမြို့တွင် ၁၈-၁၀-၂၀၂၁ ရက်မှစတင်၍ ရုံးချိန်အတွင်း ဖုန်း-၀၆၄-၂၃၁၁၈သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်(အောက်တိုဘာလမှ မတ်လအထိ) အတွင်း ပြည်ထောင်စု/နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ပစ္စည်း/လုပ်ငန်းတင်ဒါအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက်** - ၁၈-၁၀-၂၀၂၁ရက်မှ၁၇-၁၁-၂၀၂၁ရက်ထိ (ရုံးချိန်အတွင်း)
(ခ) **တင်ဒါလျှောက်လွှာပုံစံနောက်ဆုံးတင်သွင်းရမည့် ရက်/အချိန်** - ၁၉-၁၁-၂၀၂၁ ရက်(ရုံးချိန်အတွင်း)
(ဂ) **တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဥတ္တရခရိုင်/ဒက္ခိဏခရိုင်၊ နေပြည်တော်

၂။ တင်ဒါတင်သွင်းဖွင့်ဖောက်မည့်ရက်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အသေးစိတ် အချက်အလက်များကိုသိရှိလိုပါက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဥတ္တရခရိုင်(ဖုန်း-၀၉-၄၅၅၆၆၃၅၁၄)နှင့် ဒက္ခိဏခရိုင် (၀၉-၇၈၉၂၅၃၇၉၂) တို့တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

## တင်ဒါရက်စွဲပြင်ဆင်သတ်မှတ်ခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နေပြည်တော်ဦးစီးဌာန(ဒက္ခိဏခရိုင်/ဥတ္တရခရိုင်)မှ ၂၁-၉-၂၀၂၁ရက် မြန်မာ့အလင်းသတင်းစာတွင် ထည့်သွင်းကြော်ငြာခဲ့သည့် အိတ်ဖွင့်တင်ဒါ အမှတ်စဉ် (၁/၂၀၂၁-၂၀၂၂) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်မှာ ၁၈-၁၀-၂၀၂၁ရက်နှင့် တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်မှာ ၂၉-၁၀-၂၀၂၁ရက် မွန်းတည့် ၁၂နာရီဟု ပြင်ဆင်သတ်မှတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ အမှတ်(၁၂)ရပ်ကွက်၊ အကွက်အမှတ်(၃၅/ရှမ်းဈေးတန်းရပ်)၊ ဦးပိုင်အမှတ် (၂၉)၊ မြေချိန်ဧရိယာ ၀ ဒသမ ၁၀၃ ဧကရှိ အမှုတွဲအမှတ် ၃၉၃-၅/၁၉၉၉-၂၀၀၀(အေ)ဖြင့် ဦးကြည်မြင့် ၁၃/တယန(နိုင်)၀၀၃၇၅၉ အမည်ပေါက်ပိုင်ဆိုင်သည့် မြေကွက်အား ၎င်းကွယ်လွန်သွားပြီးနောက် ၎င်းဇနီးဖြစ်သူ ဒေါ်မြင့်မြင့် ၁၃/တယန(နိုင်)၀၀၃၇၅၇ မှ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး ဒေါ်မြင့်မြင့်မှ ဒေါ်မညွန့် ၁၃/တယန(နိုင်)၀၁၈၃၂၁ အား ကိုယ်စားလှယ်လွှဲအပ်၍ ဒေါ်ချိုချိုလွင် ၁၃/တယန(နိုင်)၀၁၈၄၇၂ ထံသို့ ရောင်းချခဲ့ပြီးဖြစ်သဖြင့် ဒေါ်ချိုချိုလွင်မှ အမည်ပြောင်းထပ်မံအသစ်လျှောက်မည်ဖြစ်ရာ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း ၂၀ အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါ သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၀)ရပ်ကွက်၊ မင်းနန္ဒာ(၃)လမ်း၊ အမှတ်(၁၃၃၀/ခ) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၇၀)၊ မြေကွက်အမှတ်(၁၃၃၀/ခ)၊ အကျယ်အဝန်း (၂၀'x၆၀') ရှိပါမစ်မြေကွက်သည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန မြေနှင့်အခွန်ဌာနခွဲ၏မြေချပါမစ်တွင် ဦးသိန်းထွန်း ၁၂/ဒပန(နိုင်)၀၁၈၈၈၆ အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဦးသိန်းထွန်းထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့်ဝယ်ယူပိုင်ဆိုင်ထားသော ဦးတင်ဦး ၁၂/သကတ(နိုင်)၁၁၁၁၇၀ ထံမှမြေကွက်နှင့် အဆောက်အဦအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ် ဦးအောင်မိုးမြင့် ၁၂/ဥကမ(နိုင်)၀၉၁၃၈၃ မှ ပြန်လည်ဝယ်ယူရန်စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်မိုးမြင့်**
**၁၂/ဥကမ(နိုင်)၀၉၁၃၈၃**
**အမှတ်(၂၁၃)၊ လှိုင်ကော်လမ်း ၊ (၅၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၂၆၁၈၄၇၅၅၃**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်၊ ဗိုလ်မှူးဗထူးအိမ်ရာ(အပိုင်း-၂)၊ တိုက်အမှတ်(AA-8)၊ အခန်းအမှတ်(၄၀၂)၊ (U-600)၊ တိုက်ခန်းနှင့်ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အားလုံးကိုပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမျိုးအောင်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းဝင်းထွန်း(ခ)စည်သူ ၁၂/မရက(နိုင်)၁၂၈၉၁၁ က အပြီးအပိုင်ဝယ်ယူ၍ လက်ရောက်ရယူပိုင်ဆိုင်ထားပြီးသော တိုက်ခန်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါတိုက်ခန်းသည် ကျွန်ုပ်၏မိတ်ဆွေ လက်ဝယ် ဝယ်ယူပိုင်ဆိုင်သော တိုက်ခန်းဖြစ်၍ မည်သူမှ ကျွန်ုပ်၏မိတ်ဆွေသိရှိခြင်းမရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ ကျူးကျော်ခြင်း၊ အမည်ပြောင်းလဲခြင်းများမပြုလုပ်ကြရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မိုး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၆၆၁၈/၀၇)**
**ရှေ့နေများအသင်း နားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်**
**ဖုန်း-၀၉-၈၉၂၀၉၀၁၇၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈)ရပ်ကွက်၊ ကျွန်းရွှေမြိုင်(၄)လမ်း၊ မြေကွက်အမှတ်(၁၇၀၉/က)၊ ဧရိယာပေ (၂၀x၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်လှမြင့် ၃/ကကရ(နိုင်)၀၃၃၃၈၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီတာဝင်း ၁၂/ဒဂတ(နိုင်)၀၀၅၅၃၄က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေး၊ ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မိုး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၆၆၁၈/၀၇)**
**ဖုန်း-၀၉-၈၉၂၀၉၀၁၇၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ပီမိုးနင်း(၄)လမ်း၊ အမှတ်(၇၇၀)၊ (အလျား ပေ၄၀ x အနံ ပေ၆၀)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက၊ စတုရန်းပေ ၂၄၀၀အကျယ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးအောင်ကြီး AC-032295 အမည်ပေါက်နှစ် (၆၀) ဂရန်မြေကွက်၏ ယင်းမြေကွက်ပေါ်ရှိ (အလျား ပေ၂၀ x အနံ ပေ ၆၀)၊ ဧရိယာ ၀ ဒသမ ၂၇၅ဧက၊ စတုရန်းပေ ၁၂၀၀အကျယ်နှင့် (ခေါင်းရင်းဘက်အခြမ်း)၊ (အမှတ်-၇၇၁နှင့်ကပ်လျက်) မီတာအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟုဆိုလာသူ ဦးမြင့်ဆွေ ၁၂/ဥကတ(နိုင်)၁၅၃၂၈၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမန်းကျော်နိုင်ထွေး ၁၂/မရက(နိုင်)၁၅၁၅၁၁မှ အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်ထားသည့် တန်ဖိုးငွေများ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော မူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်အောင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၂၅၅၅)**
**အမှတ်(၁၆၄၃)၊ သိပ္ပံမောင်ဝလမ်း၊ (၄၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၂၅၀၅၀၆၀၄၃**

## တိုက်ခန်းအရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဒဂုံသီရိလမ်း၊ အမှတ်(၅၇)၊ ပထမထပ်(ယာ) အကျယ်အဝန်း (၁၆ပေx၇၀ပေ)၊ တိုက်ခန်းနှင့် ကိုယ်ပိုင်မီတာ ၊ ကိုယ်ပိုင်ရေစက်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမျိုးအောင် ၉/မရမ(နိုင်)၀၆၀၇၈၉ က တရားဝင်ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူတာဝန်ခံရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေ ဦးလင်းကျော်ထွန်း ၁၂/ဆကခ(နိုင်)၀၁၅၄၇၅ မှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထား ပြီးဖြစ်ပါသည်။အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်ပြီး အကျိုးသက်ဆိုင်သူမည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား၊ စာရွက်စာတမ်းမူရင်းများ စုံလင်စွာဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ခဲ့ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးလှမြင့်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၂၂)**
**အမှတ်(၁၆၁/A3) ၊ မြေညီထပ်၊**
**ကျိုက္ကဆံလမ်း၊ နတ်မောက်ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၆၅၀၆၅**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ဧရာဝတီတိုင်းဒေသကြီး
## လမ်းဦးစီးဌာန၊ မြောင်းမြခရိုင်မှ
## (၂၀၂၁-၂၀၂၂)(Mini)ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းခွင်သုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ်(၂/၂၀၂၁-၂၀၂၂)

မြောင်းမြခရိုင်၊ လမ်းဦးစီးဌာနမှ (၂၀၂၁-၂၀၂၂)(Mini)ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့်လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား လုပ်ငန်းခွင်အရောက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

လိုအပ်သည့်လုပ်ငန်းသုံးပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့်အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို မြောင်းမြခရိုင်၊ လမ်းဦးစီးဌာန၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၏ ကြော်ငြာသင်ပုန်းတွင် ၂၉-၁၀-၂၀၂၁ ရက်မှ စတင်၍ ဖော်ပြထားမည်ဖြစ်ပြီး ဖုန်း-၀၄၂-၇၀၁၅၃ နှင့် ၀၉-၄၂၉၅၉၅၇၉၆ သို့လည်း မေးမြန်းစုံစမ်းနိုင်ပါသည်-

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁-၁၁-၂၀၂၁ ရက်
**တင်ဒါပုံစံစတင်အရောင်းပိတ်မည့်ရက်/အချိန်** - ၂၂-၁၁-၂၀၂၁ ရက်၊ ၁၁:၃၀ နာရီ
**တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၂၃-၁၁-၂၀၂၁ ရက်၊ ၁၀:၀၀ နာရီ
**တင်ဒါတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ** - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး (ဋ္ဌေ့ရိပ်သာ)၊ လမ်းဦးစီးဌာန၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့

တင်ဒါလျှောက်လွှာပုံစံများကို မြောင်းမြခရိုင်၊ လမ်းဦးစီးဌာန၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ၁-၁၁-၂၀၂၁ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြောင်းမြခရိုင်၊ လမ်းဦးစီးဌာန**
**ဖုန်း-၀၄၂-၇၀၁၅၃၊ ၀၉-၄၂၉၅၉၅၇၉၆**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ ညောင်တုန်းလမ်း၊ တိုက်အမှတ် ၃၀၊ (၆လွှာ)(ခြေရင်းခန်း)၊ အကျယ်အဝန်းအားဖြင့် (၁၄'x၅၅')ရှိ ရေမီးစုံပါဝင်သော တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိထားပိုင်ဆိုင်၍ လွှတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးဝေယံပိုင် ၁၂/လသန(နိုင်)၀၂၀၀၇၀ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ တရားဝင် နည်းလမ်းတကျ စာချုပ်စာတမ်းများချုပ်ဆို၍ ဝယ်ယူရန်အတွက် သဘောတူညီပြီး အရောင်းအဝယ်ပြုလုပ်သောတိုက်ခန်း၏ တန်ဖိုးငွေများအနက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်မာသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထား(မူရင်း)များအား ယူဆောင်၍ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ချက်မရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသီတာမော်(LL.B, D.B.L)**
**(တရားလွှတ်တော်ရှေ့နေ)(စဉ်-၈၄၂၉/၁၂)**
**အမှတ်(၉၉/၁၀၁)၊ ကျောက်မြောင်းလမ်းနှင့် မလွှကုန်းလမ်းထောင့်၊**
**ကျားကွက်သစ်(စံပြ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၀၄၈၂၂၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၇/သမိုင်း)၊ မြေကွက်အမှတ်(၉/က၁၅-A)၊ အကျယ် အဝန်း(၀ဒသမ ၀၂၈၃)ဧကရှိ မြေကွက်နှင့်မြေကွက်လိပ်စာ၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ပိတောက်ရိပ်ငြိမ်လမ်း၊ အမှတ်(၁/၁၀) ဟုခေါ်တွင်သော ဒေါ်မိုးမိုးဆွေ ၁၄/ဘကလ(နိုင်)၁၄၆၉၈၃အမည်ပေါက် မြေပိုင်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ဖြစ်သူ ဒေါ်မိုးမိုးဆွေ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေး ချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဦးအောင်ကျော်လှိုင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈)**
**အမှတ်(၅၁၅)၊ ဗိုလ်သုန်လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၇၄၆၉၇၄**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မေတ္တာလမ်းနေ ဦးဇော်မော်ဟိန်း ၁၂/ဥကမ(နိုင်)၀၈၉၇၆၀ ၏ သား မောင်ပိုင်သုခသည် မိဘဖြစ်သူများကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်သဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံး၀(လုံး၀)တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်မော်ဟိန်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်9L/8080, Toyota Mark X S/L (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမိုးသန်းချစ် ၁၂/သဃက(နိုင်)၀၂၄၈၄၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## သားအဖြစ်မှအမွေပြတ် စွန့်လွှတ်ကြောင်း

မြဝတီမြို့၊ အမှတ်(၃) ရပ်ကွက်၊ ဗလမင်းထင်လမ်းနေ ဦးအုန်းဝေ-ဒေါ်မြမြတို့၏ သားဖြစ်သူ မောင်အာကာ ၃/မဝတ(နိုင်)၀၂၆၆၆၄ သည် မိဘနှစ်ပါးတို့၏ ဆိုဆုံးမမှုတို့ကို နာခံမှုမရှိဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစပြီး သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ပါကြောင်း။

**ဦးအုန်းဝေ-ဒေါ်မြမြ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဥတ္တရခရိုင်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ်-၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၃၀၁၀၊၃၀၅၁)၊ ဧရိယာ (၀ ဒသမ ၂၂၀)ဧကရှိ ဦးစည်သူထွန်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် (၁၆၅/၂၀၂၁) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဟိန်းစည်သူ (ဘ)ဦးထွန်းထွန်းဦး ၁၂/မရက (နိုင်)၁၅၆၄၄၃ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများ တင်ပြပြီး ဒေါ်မိမိမွန်ထွေး ၇/ပခန (နိုင်)၁၆၉၆၈၂နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
### ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
### ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် - ၂၄

ဦးဝမ်ဖာယုံ(ခ)ဦးကျော်လှ — နှင့် — တကကက မန်ဂိုခုတ်
တရားလို — တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၈)၊ ဦးပိုင်အမှတ်(၅၇)နေ တကကက မန်ဂိုခုတ်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဝမ်ဖာယုံ(ခ)ဦးကျော်လှက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂)၊ ဦးပိုင်အမှတ် (၅၅)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧကရှိ တကကက မန်ဂိုခုတ်အမည်ဖြင့် နေထိုင်ပိုင်ဆိုင်အသုံးပြုခွင့်ရရှိထားသော ဂရန်မြေကွက်ဖြစ်ပြီး တကကကမန်ဂိုခုတ်ထံမှ ၁၅-၁၂-၂၀၁၄ ရက်စွဲဖြင့် ဝယ်ယူ၍ တရားလိုမှ လက်ရှိပိုင်ဆိုင်နေထိုင်လျက်ရှိပြီး တရားလိုနှင့် တရားပြိုင်တို့ အရောင်းအဝယ်စာချုပ် ချုပ်ဆိုခဲ့ကြခြင်းနှင့်ပတ်သက်၍ အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသော စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၇ ရက် (၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ချမ်းမြေ့နိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## ရမည်းသင်းခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ရမည်းသင်းခရိုင်မှ ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁ရက်မှ မတ်လ (၃၁)ရက် အထိ (၆) လအတွင်း တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော လုပ်ငန်းခွင်သုံးပစ္စည်းများအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာငွေကျပ်ဖြင့် (လုပ်ငန်းခွင်အရောက်) ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ ကတ္တရာပုံးခွံများကိုလည်း လေလံတင်ရောင်းချလိုပါသည်။

၂။ (က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်/အချိန်** - ၂၇-၁၀-၂၀၂၁ရက်၊နံနက်၉:၃၀နာရီ
(ခ) **တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက်/အချိန်** - ၁၂-၁၁-၂၀၂၁ရက်၊ညနေ၄:၃၀နာရီ
(ဂ) **တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရမည်းသင်းခရိုင်
(ဃ) **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်** - ၁၉-၁၁-၂၀၂၁ရက်၊ နံနက်(၉:၃၀)နာရီ
(င) **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရမည်းသင်းခရိုင်

၃။ တင်ဒါလျှောက်လွှာပုံစံ၊စည်းကမ်းချက်များနှင့်အသေးစိတ်အချက်အလက်များကို ရမည်းသင်းခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ဖုန်း-၀၉-၄၀၂၇၄၃၇၉၇ သို့ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3C/1407 Mitsubishi Pajero LO 47 Station Wagon (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးချမ်းငြိမ်း ၁၂/ဥကမ(နိုင်)၂၁၄၆၅၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်းအောက်ဖော်ပြပါ ရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးမြင့်ထွေး ၆/ကစန(နိုင်)၀၂၉၄၀၃ နှင့် ဒေါ်ကြည်အောင် ၆/ထဝန(နိုင်)၀၅၉၀၉၂ တို့သည် ဦးမောင်သန်း ၆/မအရ(နိုင်)၀၄၁၂၃၁ နှင့် ဒေါ်ရီ ၆/ မအရ(နိုင်)၀၄၀၅၂၄ တို့ တရားဝင်လက်ရှိထားပိုင်ဆိုင်သည့် တနင်္သာရီ တိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ သာကေတ ၃လမ်းရှိ အကွက်အမှတ် ၁/က၊ ဦးပိုင်အမှတ် ၁၁/၁၀၇၊ ဧရိယာအားဖြင့် ပေ (၂၀X ၆၀) ပေါ်ရှိ အိမ်အမှတ် ၅၉၈ ဟုခေါ်တွင်သော မြေနှင့် ထိုမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏ မိတ်ဆွေများမှ ၁၂-၇-၂၀၂၀ ရက်တွင် နှစ်ဦးသဘောတူ နေအိမ်နှင့်မြေအရောင်းအဝယ်ကတိစာချုပ်အား တရားဝင် ပြုလုပ်ချုပ်ဆို ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါနေအိမ်နှင့်မြေကွက်၏ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက် မှ စ၍ ၁၀ရက်အတွင်း ခိုင်လုံသည့် အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့် ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြူကြူဝင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၁၆၂၅)**
**အမှတ် ၅၊ စပါးရွှေဝါလမ်း၊အထက်ရေပုန်းရပ်၊ မြိတ်မြို့**
**ဖုန်း-၀၉-၂၅၀၇၇၁၈၉၈၊ ၀၉- ၇၇၇၁၆၇၀၁၉**

## သွေးသည်အသက်

### ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်မနမ်ကွမ်အောင် ၁/မကန(နိုင်)၁၆၃၃၇၇ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၉၆၉၃၆၆၁**

### ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်အေးအေးရင် ၁/မကန(နိုင်)၁၅၄၅၉၈ ၏ပတ်စ်ပို့နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၀၄၈၁၅၆၁**

# အများသိစေရန် အသိပေးကြေညာခြင်း







စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်နေ ဦးအောင်ကျော်လင်း(ဘ)ဦးတင်သ ၅/ဘတလ(နိုင်)၀၆၄၁၀၅ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ကျော်လင်းသည် ပူးတွဲဖော်ပြပါ **''နွားမကြီး'' သဘာဝနို့ကိတ်နှင့် ပဲ+နို့ပူတင်း** ကုန်အမှတ်တံဆိပ်ကို မုံရွာမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၌ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်အမှတ်**(၁၉၄/၂၀၂၀)**ဖြင့်လည်းကောင်း၊ **'ကောင်းကောင်း'(ပဲလိပ်)ကိတ်နှင့် မုန့်မျိုးစုံ**ကုန်အမှတ်တံဆိပ်ကို မုံရွာမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၌ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်အမှတ် **(၀၀၁/၂၀၂၀)**ဖြင့် လည်းကောင်း၊ **''COW''(Cake & Bread) ကောင်းမုန့်မျိုးစုံ** ကုန်အမှတ်တံဆိပ်ကို မုံရွာမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၌ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်အမှတ်**(၀၀၂/၂၀၂၀)** ဖြင့်လည်းကောင်း တရားဝင်မှတ်ပုံတင်သွင်းပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီလက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိရာ ဈေးကွက်တွင် အမည်ကောင်းသတင်းဖြင့် ပြည်သူအများတစ်ခဲနက် ဝယ်ယူအားပေးအသုံးပြုလျက်ရှိကြပါသည်။

ဦးအောင်ကျော်လင်းသည် ပူးတွဲဖော်ပြပါ **''နွားမကြီး''သဘာဝနို့ကိတ်နှင့် ပဲ+နို့ပူတင်း''ကောင်းကောင်း''(ပဲလိပ်)ကိတ်နှင့်မုန့်မျိုးစုံ၊ ''COW''(Cake & Bread) ကောင်းမုန့်မျိုးစုံ**ကုန်အမှတ်တံဆိပ်များဖြင့် အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ထပ်ဆင့်ဖြန့်ဖြူးရောင်းချခွင့်ပြုထားခြင်းမရှိပါ။ သို့ဖြစ်ရာ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အများပြည်သူထင်ယောင်ထင်မှား ဆင်တူယိုးမှားဖြစ်စေရန် တုပပြုလုပ်၍ ဖြန့်ဖြူးရောင်းချခြင်း၊ အားပေးကူညီရောင်းချပေးခြင်း မပြုလုပ်ကြပါရန်နှင့် ယခုအခါ **'နွားမကြီး'**အမည် အမှတ်တံဆိပ်ကို တုပကူးယူ၍ **'နွားမကြီး'**အမည်အမှတ်တံဆိပ် နို့ကိတ်ကို ကျွန်ုပ်မိတ်ဆွေ၏ခွင့်ပြုချက်မရှိဘဲ ထုတ်လုပ်ရောင်းချနေကြောင်း တွေ့ရှိရပါသဖြင့် ထိုသို့ တုပထုတ်လုပ်ရောင်းချနေခြင်းအား အမြန်ဆုံးရပ်တန့်ပါရန် အထူးအသိပေးကြေညာပါသည်။

အကယ်၍ ဆက်လက်ပြုလုပ်ဆောင်ရွက်နေပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ဦးအောင်ကျော်လင်း၏ လုပ်ငန်းအကျိုးစီးပွားအတွက် ထိခိုက်နစ်နာကြေးငွေများကို တရားဥပဒေအရ တရားစွဲဆိုတောင်းခံသွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးကျော်မြတ်မင်းဦး** | **ဒေါ်နှင်းသီရိ** | **ဒေါ်အေးသန္တာဖြိုး** |
| **PGDL,B.A(Psychology)** | **(LL.B)** | **(LL.B)** |
| **စဉ်-၅၀၆၇၀** | **စဉ်-၅၁၂၄၂** | **စဉ်-၅၁၉၁၁** |

**အထက်တန်းရှေ့နေများ**

**၇-လမ်း(လမ်းသစ်လမ်း)၊ ၇၃x၇၆ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၉၇၀၃၄၀၈၄၈၊ ၀၉-၂၅၆၃၇၉၇၉၉**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်နန်းလှထွေး (အလပြ၊ ငြိမ်း)
### အသက် (၆၄)နှစ်

ရှမ်းပြည်နယ်၊ လင်းခေးခရိုင်၊ လင်းခေးမြို့နယ်နေ (ဦးစံညွန့်–ဒေါ်နန်းကျန်) တို့၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးခင်မောင်ဝင်း(မြို့နယ်အုပ်ချုပ်ရေးမှူး၊ ငြိမ်း)၏ဇနီး၊ မောင်စိုင်းပြေဖြိုးပိုင်၊ မနန်းသီရိခင်ခင်(လွိုင်လင်မြို့နယ်တရားသူကြီး)တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ ဦးစိုင်းထွန်းဦး–ဒေါ်နန်းဆိုင်၊ ဦးစိုင်းဝေ–ဒေါ်နန်းသိန်းရင် တို့၏ညီမ၊ (ဦးစိုင်းကျော်ဝင်း)၏ အစ်မဖြစ်သူ ဒေါ်နန်းလှထွေး သည် ၁၅–၁၀–၂၀၂၂ရက် ညနေ ၅:၃၀ နာရီတွင် လွိုင်လင်မြို့နေအိမ်၌ (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါ၍ ၁၆–၁၀–၂၀၂၂ရက် မွန်းလွဲ ၂:၀၀ နာရီတွင် လွိုင်လင်မြို့မသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်စွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းမြင့်
### အသက်(၇၈)နှစ်

နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးထွန်းနိုင်–ဒေါ်ယဉ်သူဇာမျိုးတို့၏မိခင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်သန်းမြင့် အသက်(၇၈)နှစ်သည် ၁၆–၁၀–၂၀၂၂ရက် (စနေနေ့) ညနေ ၃:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

မြို့တော်ဝန် ဒေါက်တာမောင်မောင်နိုင်
ဒုတိယမြို့တော်ဝန် ဦးမောင်မောင်
နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ

## အထူးဝမ်းနည်းကြေကွဲခြင်း
## ရဲမှူးကြီး စောလှိုင်(ငြိမ်း)
## ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၅)
### အသက်(၇၃)နှစ်

ရဲမှူးကြီးစောလှိုင်(ငြိမ်း)သည် ၁၄–၁၀–၂၀၂၂ရက် နံနက် ၅:၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ (သူငယ်ချင်းမြင့်မြတ်သည့် သုဂတိဘုံသို့ ရောက်ရှိပြီး တရားအသိဖြင့် ထာဝရငြိမ်းချမ်းပါစေ။)

သီဟ (၅၅) မှသူငယ်ချင်းမိသားစုများ

## ဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးသူ
## အကြီးတန်းမန်နေဂျာ
### အသက်(၃၆)နှစ်

ဇဟိုသမဝါယမအသင်း လီမိတက်မှ အကြီးတန်းမန်နေဂျာ ဦးစိုးသူ သည် ၁၆–၁၀–၂၀၂၂ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အထူး ထပ်တူဝမ်းနည်းကြေကွဲရပါသည်။ **ဇဟိုသမဝါယမအသင်းလီမိတက်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေချီ၊ ဦးပိုင်အမှတ် (၁၃၄)၊ ဧရိယာ ဝဒသမ ၀၈၈ ဧကရှိ ဒေါ်တင်တင်(ပါ) ၆ ဦး အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၃၀၊ ၂၀၂၁)၊ (၁၃၁/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမျိုးအောင် ၉/ပမန(နိုင်) ၀၁၉၂၃၆ နှင့် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၁၆/၂၀၁၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ချိုချို ဗိုလ်နီ ၉/ပမန(နိုင်)၀၄၇၁၇၉ တို့မှ ကျမ်းကျိန်ဆိုချက်၊ သေဆုံးကြောင်း ထောက်ခံချက်၊ နိုင်ငံ သားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်းမူရင်းများတင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်အေးအေးစန်း ၁၂/သဃက(နိုင်)၀၉၈၉၁၇ နှင့် အများသိစေရန်ကြေညာခြင်း

ပန်းတနော်မြို့၊ အလယ်ပိုင်းရပ်ကွက်၊ အမှတ်(၁၀၉)၊ ဦးအောင်ဇေယျလမ်းနေ ဦးလှဝင်း၏သမီး ဒေါ်မြင့်မြင့်ဝင်း၁၂/အလန(နိုင်) ၀၃၂၆၇၆ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ပန်းတနော်မြို့၊ အရှေ့ပိုင်းရပ်ကွက်၊ အကွက်အမှတ်(၉)၊ အကွက်အမည်၊ အလယ်ပိုင်းကွက်၊ ဦးပိုင်အမှတ်(၆၇)၊ ဧရိယာ(၀ဒသမ၀၂၁)ဧက၊ ဦးလှဝင်း–ဒေါ်နွဲ့ဟန် အမည်ပေါက် ဘိုးဘပိုင်မြေနှင့် ၎င်းမြေကွက်ပေါ်ရှိ လူနေအိမ်သည် ဒေါ်မြင့်မြင့်ဝင်း၏မိဘများပိုင်သည့် အိမ်ခြံမြေဖြစ်သည့်အပြင် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ဌာနလမ်း၊ အမှတ်(၄၄)၊ မြေတိုင်းရပ်ကွက်အမှတ်–၂၃ အိုင်၊ အမှတ် ၁၃၃ ဟုခေါ်တွင်သော မြေကွက်နှင့်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့်အပေါ်ထပ် ၃ လွှာရှိ တိုက်ခန်းအမှတ်(၈)မှာ ဦးလှဝင်း၊ ဒေါ်အေးအေးစန်း၊ မကြည်ကြည်ဟန်နှင့် မမြင့်မြင့်ဝင်းအမည်ဖြင့် ဝယ်ယူထားသည့် တိုက်ခန်းဖြစ်နေသောကြောင့် ဦးလှဝင်း ကွယ်လွန်ပြီးနောက်ပိုင်း အမွေခွဲဝေရခြင်းမရှိသေးသည့် အမွေဆိုင် အိမ်ခြံမြေများဖြစ်ပါ၍ အဆိုပါအိမ်ခြံမြေအား မိမိတစ်ဦးတည်းသဘောဖြင့် ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ လဲလှယ်ခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း စသည်တို့အပါအဝင် မည်သည့်ဆောင် ရွက်မှုမျိုးကိုမျှ မပြုလုပ်ပါရန် အသိပေးတားမြစ်အပ်ပါသည်။ တားမြစ်သည်ကိုလိုက်နာခြင်းမရှိဆန့်ကျင်ဆောင်ရွက်ပါက ဆောင်ရွက်သူ၏ တာဝန်သာဖြစ်ပါကြောင်း ဒေါ်အေးအေးစန်း နှင့်အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်အောင်၊ အထက်တန်းရှေ့နေ(စဉ်–၁၂၂၄၄)**
**အမှတ်(၂၁)၊ စိတ္တသုခလမ်း၊ ပန်းတနော်မြို့**

## (၁၉)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
## ဒေါ်သန်းသန်းဦး
## (ပျားဂေဟာ၊ အလက(၄)မင်္ဂလာဒုံ)

မိသားစုနှင့်ခွဲခွာသည်မှာ ၁၉–၁၀–၂၀၂၂ရက်တွင် (၁၉)နှစ်ပြည့်ပြီ ဖြစ်သော်လည်း တစ်နေ့မှမေ့မရပါ။ ပြုသမျှကောင်းမှုအစုစုတို့အတွက် မြင့်မြတ်သော ဘုံဘဝမှ သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါစေ။

| | | |
|---|---|---|
| ခင်ပွန်း | – | ဗိုလ်မှူးသန်းထွန်း(ငြိမ်း) |
| သားကြီး | – | ကပ္ပတိန်ဖြိုးသက်ကို–မဂျူလီဇော် |
| သမီး | – | ဒေါက်တာယဉ်ဖြူကို –ဒေါက်တာမန်းဘဟန်ထွန်း |
| သားငယ် | – | ဒေါက်တာ ဆွေသန့်ကို–မအေးသီတာဝင်းအောင် (Signature Planning) |
| ချစ်မြေး | – | မောင်ဟန်ကို၊ မောင်လင်းဘုန်းကို |

## ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
## ဦးထွန်းမြင့်
## ပြည်တွင်းအခွန်များဦးစီးဌာန(ငြိမ်း)
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်(၈၅၅)နေ (ဒေါ်စိန်တင်)၏ခင်ပွန်း၊ ဗိုလ်မှူးလှမြင့်–ဒေါ်အေးမြနန္ဒာ၊ ဦးကျော်မြင့်စိန်၊ ဒေါ်ခင်သီတာထွန်း၊ ဒုတိယရဲမှူးကြီးဇော်မင်းထွန်း–ဒေါ်ဖွန်လှိုင်ကိုတို့၏ဖခင်၊ မချောစုစုသွယ်၊ မမေသံစဉ်ကို၊ မခင်ချမ်းမြေ့သူ တို့၏အဘိုးသည် ၁၇–၁၀–၂၀၂၂ ရက်(တနင်္လာ နေ့)နံနက် ၈:၃၀ နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၁၀–၂၀၂၂ ရက်(အင်္ဂါနေ့)၊ မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ် သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈) ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ U–9 ၁၁၇နှင့် ၁၁၈ မြေ နှစ်ကွက်ကို အမည်ပေါက် ဦးရာဇာဝင်းနှင့် ဒေါ်စန်းစန်းတင့်တို့ထံမှ ဝယ်ယူထားသူ ဦးစိန်လင်း ၁၄/ကလန(နိုင်)၁၇၇၉၅၄ မှ မြေငှား၈ ရန် အမည်ပြောင်းနှင့် မြေပုံကူး၊ မိတ္တူမှန် လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ၁၄ ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးစိန်လင်း၏ ညွှန်ကြားချက်အရ**
**ဦးခင်မောင်လေး LL.B**
**အထက်တန်းရှေ့နေ(စဉ်–၁၁၅၆၅)(၂၆–၇–၁၉၈၅)**
**အမှတ် ၆၅၊ ချမ်းသာပြည့်စုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်**
**ဖုန်း– ၀၉–၇၉၆၄၉၀၇၃၇**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်၊ ကွင်းအမှတ်(၃၆)ဘုရားကိုင်ကွင်း၊ ဦးပိုင်အမှတ်(၁၉၂)၊ မြေဧရိယာ(၀ဒသမ၀၃၄)ဧကရှိ မြေကွက်အား မြေငှားဂရန် အမှတ်တွဲအမှတ်(၁၅၁/၁၉၉၂–၁၉၉၃)အရ ဒေါ်နုနုကြည် အမည်ဖြင့် ပိုင်ဆိုင်ခဲ့ပြီး ၎င်းအမည်ပေါက်သူမှ အရောင်းအဝယ်စာချုပ်အမှတ်(၄၅/၂၀၁၇)ဖြင့် ဦးကျော်ကျော်နိုင်၊ ဒေါ်ခင်မိုးနိုင်တို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါ သည်။ အဆိုပါ မြေငှားဂရန်အား (အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးကျော်ကျော်နိုင် ၆/ထဝန(နိုင်) ၀၀၁၅၀၆၊ ဒေါ်ခင်မိုးနိုင် ၆/ထဝန(နိုင်) ၀၀၄၀၃၀ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦး စီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက် အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါ ကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏ ဂရန်ပေးစီမံချက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂ စီ ခ၊ မြေကွက်အမှတ် ၄/၃၁၆–ခ၊ ဧရိယာ ဝဒသမ ၀၁၂၇ ဧက၊ မြေကွက်တည်နေရာအမှတ် ၄/၃၁၆၊ ကျောင်းကြီး ၁လမ်း၊ ကာယဉာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏ ဂရန်ပေးစီမံချက်၊ ငယ်စာရင်းမြေအား အမည်ပေါက် ဦးစိန်မောင်ထံမှ အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ပိုင် ဆိုင်သူ ဒေါ်ဆွေဆွေဝင်း ၅/ ရဘန(နိုင်)၁၂၀၃၄၄ မှ ကာယဉာဏ ဂရန်ပေးစီမံချက်မြေယာအထောက် အကူပြုအဖွဲ့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာ၊ သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာ၊ အရပ်ကတိစာချုပ်တို့ကို တင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဦးစိုးဝင်းအောင်–ဒေါ်ခင်ဝင်းတို့၏သား ခြံစု၊ ငွေဇင်ယော်ရပ်ကွက်၊အမှတ် ၉၄ နေ မောင်ဝေယံထွန်း သည် မိဘများ အပေါ် အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ် လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်မယူပါ။

**ဦးစိုးဝင်းအောင်–ဒေါ်ခင်ဝင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမောင်မောင်သန်းထွန်း
## ရန်ကုန်တက္ကသိုလ် လှေလှော်အသင်း Captain(1953–54)
### အသက် (၉၃)နှစ်

YUBC–OMA ၏ နာယကကြီး ဦးမောင်မောင်သန်းထွန်း (အသင်းသား အမှတ် ၀၁၀၂) YUBC–OMA ၏ ဒုဥက္ကဋ္ဌ ဦးလှမော်ထွန်း၊ YUBC Captain ဦးအောင်သူရ (1982–83)တို့၏ ဖခင်ဖြစ်သူသည် ၁၇–၁၀–၂၀၂၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲ ရပါကြောင်း။

**ရန်ကုန်တက္ကသိုလ်များ**
**လှေလှော်အသင်းသားဟောင်းများအသင်း**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမျိုးမြင့်
## အကြီးတန်းအင်ဂျင်နီယာ(RSE)(YCDC)
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရွာမရပ်ကွက်၊ သမာဓိလမ်း၊ အမှတ်(၁၂)နေ (ဦးစန်းအောင်–ဒေါ်လှလှ)တို့၏သား၊ (ဒေါ်နီနီခင်) ၏ခင်ပွန်း၊ ကိုနေမျိုးကိုလေး–မချမ်းမြေ့မျိုးမြင့်၊ ကိုနေလင်းဖြိုး–မဆုမွန်မျိုးမြင့် တို့၏ ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုး ဦးမျိုးမြင့်သည် ၁၈–၁၀–၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၁၁:၃၅နာရီတွင် ဘဝတစ်ပါးသို့ ကွယ်လွန်ကူးပြောင်းသွားပါသဖြင့် ၂၀–၁၀–၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဦးဇော်နိုင်ဦး (ခ) သားသား
### အသက် (၅၀)

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အမှတ်(၁၁)ဈေးလမ်း၊ ဗျိုင်းရွာမရပ်ကွက်၊ ကျောက်မြောင်းနေ (ဦးကံ–ဒေါ်ခင်မေ)တို့၏သား၊ (ဦးခင်မောင်သိန်း)–ဒေါ်ကြည်ကြည်ဝင်းတို့၏ သားသမက်၊ (ဒေါ်ခင်မမ)၏ ချစ်လှစွာသော မောင်၊ ဒေါ်ခင်မီမီဝင်း Accountant (Parisilk Electronics & Computer Pte,Ltd. Singapore) ၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ဖွဲ့သန့်နိုင်ဦး (Programmer analyst) (PSA Corporation Singapore) ၏ ချစ်လှစွာသော ဖခင် ဦးဇော်နိုင်ဦး (ခ) သားသားသည် ၁၀–၁၀–၂၀၂၂ ရက် ညနေ ၅:၀၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂–၁၀–၂၀၂၂ ရက် နံနက် ၁၁:၀၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီး၊ ရပ်ဝေး မိတ်ဆွေသင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9H/7643 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ပြည်နယ်ရုံး(မော်လမြိုင်မြို့)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1Q/9651 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊**
**ပြည်နယ်ရုံး(မော်လမြိုင်မြို့)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဥတ္တရခရိုင်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၂/ပေါင်းလောင်း–၂)၊ မြေကွက်အမှတ်(၂၆၂–B၊ ၂၆၃–A၊ ၂၇၀–A၊ ၂၇၁–B)၊ ဧရိယာ(၀ဒသမ၂၂၀)ဧကရှိ (၄)ကွက်တွဲ မြေငှားစာချုပ်(၁)အုပ်အား အမည်ပေါက် ဒေါ်ကလျာထင်လင်းကျော် ၉/ပမန(နိုင်) ၁၂၆၄၃၂မှ နှစ်(၃၀)မြေငှားစာချုပ် ၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများ တင်ပြပြီး မြေကွက်အမှတ်(၂၇၀–A၊ ၂၇၁–B)၊ ဧရိယာ(၀ဒသမ၁၁၀)ဧကအား (၂)ကွက်တွဲ မြေငှားစာချုပ်(၁)အုပ်ဖြင့် မြေငှားစာချုပ်ခွဲစိတ်ခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင် ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

**ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၀/ D ၊ မြေကွက်အမှတ် – ၄၅၈f/၆ ၊ ဧရိယာ(၀.၂၀၀) ဧက၊ မြေအမျိုးအစား– ဂရန်ရှိ မြေပိုင်မြေနှင့်ယင်းမြေပေါ်ရှိ အမှတ်–၂၃၆၊ ဓမ္မစေတီလမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ်တွင်သော မြေနှင့်အိမ် (၂)လုံးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်**တို့သည် မြို့မြေစာရင်းတွင် ဒေါ်အေးရွှေ (**AB** – ၀၁၈၇၀၇) အမည်ဖြင့် မှတ်သားထားပြီး မိဘများဖြစ်သော ဦးဂွမ်ဟုတ် (၁) ဦးလှဦး နှင့် ဒေါ်အေးရွှေတို့ ကွယ်လွန်သဖြင့် (၁) ဒေါ်ခင်စိန် (၁၂/ဗဟန (နိုင်) ၀၃၈၉၇၄)၊ (၂)ဦးစန်းမောင် (၁၂/ဗဟန (နိုင်) ၀၃၇၃၃၀)၊ (၃) ဒေါ်ခင်စိုးမြင့် (၁၂/အစန (နိုင်) ၀၄၆၀၆၈)၊ (၄)ဦးသန်းဌေး (၁၂/ဗဟန (နိုင်) ၀၃၇၁၄၈)၊ (၅) ဒေါ်သန်းသန်းဆင့် (၉/မရတ (နိုင်) ၀၃၃၉၈၄)၊ (၆) ဦးလှတိုး (၁၂/မရက (နိုင်) ၀၇၁၃၅၃) တို့မှ "အမွေဆက်ခံပိုင်ဆိုင်ကြောင်းမှတ်ပုံတင်စာချုပ်အမှတ်– ၃၉၃၈/၂၀၁၀ (၁၂–၁၀–၂၀၁၀) အရ အမွေဆက်ခံပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရံငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက် ပြုလုပ်သွားမည် ဖြစ်ကြောင်းသိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဦးသန့်ဇော်
တရားလွှတ်တော်ရှေ့နေ (စဉ်–၇၃၄၁)
အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ရန်ကုန်မြို့၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၂၆)မြယမုံ စမ်းရိပ်မြိုင်အိမ်ရာ(အပိုင်း–၁)၊ မြေကွက်အမှတ်(၇၂)၊ ဧရိယာ(၀.၂၁၅)ဧကရှိ (၁)ဦးအောင်ကျော်ဦး(ခ)ဟုတ်ဟွာ(၂)ဒေါ်ယဉ်ယဉ်မွှေး(ခ)မစိန်(၃)ဦးကျော်လင်း(ခ)ကုတ်ဝှါ (၄)ဦးအောင်ကျော်ဝင်း တို့အမည်ပေါက်နေသောနှစ်(၆၀)မြေငှါးဂရန်မြေကွက် အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ပါမြေကွက်ကို နှစ်(၆၀)မြေငှါးဂရန်တွင် တရားဝင်အမည်ပေါက်သူ (၁)ဦးအောင်ကျော်ဦး(ခ)ဟုတ်ဟွာ (၁၂/လသန(နိုင်)၀၀၅၃၄၅) (၂)ဒေါ်ယဉ်ယဉ်မွှေး(ခ)မစိန်(၁၂/လသန(နိုင်)၀၀၅၃၃၅) (၃)ဦးကျော်လင်း(ခ)ကုတ်ဝှါ(၁၂/လသန(နိုင်)၀၀၅၂၃၇) (၄)ဦးအောင်ကျော်ဝင်း(၁၂/လသန(နိုင်)၀၀၅၃၃၄)တို့က အရှုပ်အရှင်းကင်းရှင်းစွာလက်ရှိထားပိုင်ဆိုင်ပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သတ်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။ ( လွှဲအပ်ညွှန်ကြားချက်များအရ )

**ဦးသန့်ဇင်** ( LL-B )
အထက်တန်းရှေ့နေ(စဉ်–၂၅၀၆၈)
Ph-09 253995848 , 09-798420119

**ဒေါ်ဟန်နွေနိုင်**( LL-B)
အထက်တန်းရှေ့နေ(စဉ်–၂၇၅၄၄)
Ph-09-4200 73685

အမှတ်(၅၀)၊ ပထမထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## အကျဉ်းထောင် / အချုပ်ထောင် / စခန်းအသီးသီးတွင် အကျဉ်းကျခံနေကြရသော အကျဉ်းသား / သူ ၁၃၁၆ ဦးတို့ကို ပြစ်ဒဏ်များလျှော့ပေါ့၍ လွတ်ငြိမ်းသက်သာခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်
အမိန့်အမှတ် ( ၁၈၆ /၂၀၂၁)
၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် စစ်မှန်သည့် ဒီမိုကရေစီစနစ် ဖော်ဆောင်နိုင်ရေးအတွက် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ နိုင်ငံရေးအစွန်းရောက်များ၊ အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH ၊ NUG တို့၏ သွေးထိုးလှုံ့ဆော်မှုများနှင့် အကြောင်းအမျိုးမျိုးကြောင့် ဆူပူဆန္ဒပြမှုများတွင် ပါဝင်ခဲ့သဖြင့် ပြစ်ဒဏ်ကျခံနေရသူများအား *စာမျက်နှာ ၇ ကော်လံ ၁* ◆

## ဆူပူဆန္ဒပြမှုများနှင့်စပ်လျဉ်း၍ တရားစွဲဆိုခြင်းခံနေရသူ ၄၃၂၀ တို့၏ ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာ အမှုများကို ပိတ်သိမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ( ၁၈၇ /၂၀၂၁)
၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)
ဆူပူဆန္ဒပြမှုများနှင့်စပ်လျဉ်း၍ ကြားနာစစ်ဆေးဆဲပြစ်မှုဆိုင်ရာ
အမှုများကို ပိတ်သိမ်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် စစ်မှန်သည့် ဒီမိုကရေစီစနစ် ဖော်ဆောင်နိုင်ရေးအတွက် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ နိုင်ငံရေးအစွန်းရောက်များ၊ အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH ၊ NUG တို့၏ သွေးထိုးလှုံ့ဆော်မှုများနှင့် အကြောင်းအမျိုးမျိုးကြောင့် *စာမျက်နှာ ၇ ကော်လံ ၄* ●



အင်းစိန်အကျဉ်းထောင်မှ လွတ်မြောက်လာသူများအား YBS ယာဉ်ဖြင့် ပြန်လည်ပို့ဆောင်ပေးစဉ်။

## အင်းစိန်အကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၆၄၇ဦး ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွတ်မြောက်

**ရန်ကုန် အောက်တိုဘာ ၁၈**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်အမှတ် (၁၈၆/ ၂၀၂၁)နှင့် အမိန့်အမှတ် (၁၈၇/၂၀၂၁) တို့ဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်နှင့် ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်းခဲ့ရာ အင်းစိန်ဗဟို အကျဉ်းထောင်မှ အကျဉ်းသား/ သူ ၆၄၇ ဦး ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွတ်မြောက်ခဲ့ကြောင်း သိရသည်။

အင်းစိန်ဗဟို အကျဉ်းထောင်မှ လွတ်ငြိမ်းသက်သာခွင့်ရရှိသည့် အကျဉ်းသား/ အကျဉ်းသူများအား လွှတ်ပေးခြင်းအစီအစဉ်ကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အကျဉ်းဦးစီးဌာန *စာမျက်နှာ ၇ ကော်လံ ၁* ▼

## အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ ဂျူဗင်တပ်စ်က ရိုးမားကို တစ်လုံးတည်းသောသွင်းဂိုးဖြင့် အနိုင်ယူ

အီတလီစီးရီးအေပွဲစဉ်(၈)အဖြစ် ဂျူဗင်တပ်စ်အသင်းနှင့် ရိုးမားအသင်းတို့ပွဲစဉ်ကို အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက ဂျူဗင်တပ်စ်အိမ်ကွင်း၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ ဂျူဗင်တပ်စ်အသင်းက မွိုက်စ်ကိန်း၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယနေ့ပွဲစဉ်တွင် အိမ်ရှင်ဂျူဗင်တပ်စ်အသင်းထက် ရိုးမားအသင်းက ခြေအသာ၊ ဂိုးကန်သွင်းခွင့်အသာဖြင့် ပွဲကိုထိန်းချုပ်ကစားနိုင်ခဲ့သော်လည်း ဂျူဗင်တပ်စ် ခံစစ်နှင့် ဂိုးသမားဆက်ဇ်နီတို့ အကောင်းဆုံး ဟန့်တားကာကွယ်နိုင်ခဲ့သည့်အတွက် ရိုးမားအသင်း တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ဂျူဗင်တပ်စ်အသင်းသည် ယနေ့ပွဲစဉ်ကို အနိုင်ရရှိခဲ့သောကြောင့် ပြိုင်ပွဲအရပ်ရပ် နောက်ဆုံးငါးပွဲဆက်နိုင်ပွဲရရှိခဲ့ခြင်းဖြစ်ပြီး *စာမျက်နှာ ၂၀ ကော်လံ ၁* ○

## သတင်းအညွှန်း


**အနုပညာရှင်များနှင့် လူမှုကွန်ရက်တွင် လူသိများသူများအား အရေးယူခဲ့မှုများကို ပိတ်သိမ်း** စာမျက်နှာ - ၉

**အာရှဖလား အမျိုးသမီးခြေစစ်ပွဲ အုပ်စုပထမပွဲတွင် မြန်မာအသင်း လက်ဘနွန်ကို ဂိုးပြတ်အနိုင်ရ** စာမျက်နှာ - ၂၁